အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

[Book.154(2478-2492) တာအိုလမ်းစဉ်

ရောက်ရှိလာခြင်း

.May Be:

...အပိုင်း ၂၄၇၈

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

စစ်ဗျူဟာမှူးက “သူ့ရဲ့

နောက်ခံသမိုင်းကြောင်းကို သာမန်လို့ပဲ

ယူဆနိုင်တယ်။ သူ့မှာ ထူးထူးခြားခြား

တစ်ခုခုရှိနေရင် အဲ့ဒါဟာ

သူ့ပတ်ဝန်းကျင်မှာ ချည်နှောင်ထားတဲ့

ကံတရား (၃) မျိုးရှိတယ်။ မဟုတ်ဘူး၊

အခု (၃)ခုထက် ပိုသွားပြီ။

တာအိုလမ်းစဉ်ရဲ့ အဲဒီပုဂ္ဂိုလ်က

သူရွေးချယ်ထားတဲ့လူကို

ဒီလောက်ရှုပ်ထွေးတဲ့ ရေဝဲထဲမှာ

ရောက်နေလိမ့်မယ်လို့တောင် တစ်ခါမှ

မျှော်လင့်ထားမှာမဟုတ်ဘူး။ ဟုတ်ပါတ

ယ်၊ သူ့ရဲ့ ခွန်အားနဲ့ဆို အဲဒီ ကမ္မဇကြိုး

(ကံတရား)တွေကို သဘာဝအတိုင်း

ဖြတ်တောက်ပစ်လိုက်လို့ရတယ်။

ဒါပေမယ်လို့

တာအိုလမ်းစဉ်ဆိုတဲ့အတိုင်း သဘာဝအ

ရသွားခွင့်ပေးထားတယ်။

နောက်ဆုံးတော့ ဒါလည်း တာအိုပဲလေ။

ဒီတော့ တာအိုလမ်းစဉ် က

အတင်းအကြပ်ဝင်ပြီး

စွက်ဖက်မှာမဟုတ်တဲ့အပြင်

စည်းမျဉ်းတွေကို

ချိုးဖောက်မှာမဟုတ်ဘူး။ ပြောရရင်

အခုလည်း ဝင်ပါမှာမဟုတ်သလို

နောင်လည်း

ဝင်ပြီးစွက်ဖက်လာမှာမဟုတ်ဘူး။

နောက်ဆုံးတော့ ဒီခေတ်က
အပျက်အစီးတစ်ခုစတင်နေပြီ…”

ဤအထိပြောပြီးနောက် စစ်ဗျူဟာမှူးက
စကားကို ရုတ်တရက် ရပ်သွားသည်။

အဘိုးကြီးက သူမကို
တစ်ချက်ကြည့်လိုက်ပြီး
"တာအိုလမ်းစဉ်ရဲ့ အစီအစဉ်က
ဘာဖြစ်လဲဆိုတာ မင်းသိသလား။

ယန်ယဲ့ဟာ သူကိုယ်တိုင်
ရွေးချယ်ထားတယ်ဆိုတာကို
တခြားမျိုးနွယ်စုတွေတောင်မှ
သိပါတယ်။ အခုလည်း
အဆင့်မြင့်ကျင့်ကြံသူတွေက
သတ်ဖြတ်ဖို့ ရည်ရွယ်ချက်နဲ့
လိုက်နေကြပေမယ့် အဲဒီလူက ဘာမှ
မလုပ်ပါဘူး”

"သူ

ဘာမှမလုပ်ဘူးလား" စစ်ဗျူဟာမှူးက

ရယ်မောရင်း “သူသာ

နည်းနည်းလောက်ဝင်ပါထားလို့ပေါ့။

မဟုတ်ရင် ယန်ယဲ့ သေသွားတာ

တော်တော်ကြာပြီ။ နားမလည်ဘူးလား၊

သူက ဗုဒ္ဓလမ်းစဉ်၊ လက်နက်လမ်းစဉ်နဲ့

ကွန်ဖြူးရှပ်လမ်းစဉ်ရဲ့

မျိုးဆက်ဟောင်းတွေ

ရှေ့ထွက်မလာရဲတဲ့
အကြောင်းအရင်းပါ။ သူ
အသက်ရှင်နေရင် ဘယ်သူမဆို
စည်းမျဉ်းတွေကို လိုက်နာရမယ်၊
မလိုက်နာရင်... ဟား။ စဉ်းစားကြည့်ပါ၊
မျိုးဆက်ဟောင်းတစ်ယောက်သာ
စည်းမျဉ်းတွေကို မလိုက်နာဘဲ
ဝင်ပါခဲ့ရင် အဲဒီမဟာလမ်းစဉ်တွေက
အကျိုးဆက်ကိုခံနိုင်ရည်ရှိပါ့မလား"

သူမ၏ နားရွက်နောက်ကျနေသော

ဆံပင်များကို ညင်သာစွာ

ဖြီးသပ်လိုက်ပြီး “သူလုပ်နိုင်သမျှက

တခြားလမ်းစဉ်တွေရဲ့

မျိုးဆက်ဟောင်းတွေကို

ဟန့်တားထားဖို့ပဲ။ ကျန်တာကတော့

ယန်ယွဲ့ ကိုယ်တိုင်ပေါ်မှာပဲ

မူတည်တယ်။ နောက်ဆုံးတော့

ဓားတစ်ချောင်းဖြစ်လာဖို့ သတ္တုကို

မီးတောက်တွေနဲ့ အကြိမ်ပေါင်း

ထောင်နဲ့ချီပြီး အပူပေးရတာ

သဘာဝပဲမဟုတ်ဘူးလား”

အဘိုးကြီးက အချိန်အတော်ကြာအောင်

တိတ်ဆိတ်နေပြီးမှ “အဲဒါ ဘယ်သူလဲ”

ဟု မေးလိုက်သည်။

စစ်ဗျူဟာမှူးက ရုတ်တရက်
ပြန်မေးခဲ့သည် "ဒါက
သူ့ရဲ့အစိကကိုယ်ထည်လို့ထင်သလား"

အဘိုးကြီး၏ မျက်လုံးများက
ကျဉ်းမြောင်းသွားသည်
“ဘာကိုဆိုလိုချင်တာလဲ”

စစ်ဗျူဟာမှူးက ပြုံးလိုက်ပြီး "ဒါက သူ့ရဲ့ နတ်အာရုံအသိက ခွဲထွက်လာတဲ့ ကိုယ်ပွားတစ်ခုသာသာပဲ"

"မဖြစ်နိုင်ဘူး" အဘိုးကြီးက ရုတ်တရက် ကျယ်လောင်စွာအော်ပြောလိုက်သည် "နတ်အာရုံအသိဆိုရင် ဒီလောက်သန်မာနေနိုင်မလား။ လုံးဝမဖြစ်နိုင်ဘူး"

"ငါလည်း အစတုန်းက ဖြစ်နိုင်ဘူးလို့ ထင်ခဲ့တာ" စစ်ဗျူဟာမှူးက မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်ပြီး “ဒါပေမဲ့ အဖြစ်မှန်က သက်သေပြနေတယ်။ နင့်ရဲ့ ကောင်းကင်လျှို့ဝှက်ခန်းမ မှာ လောကသုံးပါးရဲ့ သမိုင်းတစ်လျှောက်က ညာဏ်ကြီးရှင်တွေအကြောင်းကို အစအဆုံးမှတ်တမ်းတင်ထားတယ်မဟုတ်

တ်လား။ ဒါဆို

တစ်ခုလောက်မေးပါရစေ။ ငါတို့ရဲ့

လောကသုံးပါးမှာ

အထူးခြားဆုံးနဲ့အဆန်းကြယ်ဆုံး

သဘာဝစွမ်းရည်ကို ပိုင်ဆိုင်ထားတာက

ဘယ်သူလဲ”

အဘိုးကြီးက ခဏတာ ငြိမ်သက်သွားပြီး

“ဖရိုဖရဲမှာ မွေးဖွားလာတဲ့

ဝိညာဉ်မိန်းကလေး

(ဝိညာဉ်စွမ်းအင်ပျက်သုံးခြင်းမိန်းမပျို) ဒ

ဏ္ဍာရီတွေအရဆို သူမက ဒီလောက

ဖြစ်မလာခင်ကတည်းက

မွေးဖွားခဲ့တယ်။ သူမက

အရွယ်မရောက်ခင်

သာမာန်လူတစ်ယောက်လိုပဲ၊ ဒါပေမယ့်

သူ အရွယ်ရောက်ပြီးတာနဲ့

သူ့ခန္ဓာကိုယ်က ဝိညာဉ်စွမ်းအင်တွေ

ပျက်ပြယ်သွားပြီး နိုးထလာတဲ့အခါ…”

"သူမကို

သတ်ဖို့တစ်ခုတည်းသောနည်းလမ်းက

လောကတစ်ခုလုံးကို

ဖျက်ဆီးပစ်ဖို့ပဲရှိတယ်" ဤအတောအတွ

င်း စစ်ဗျူဟာမှူးက “တကယ်တော့

ဆရာကြီး ကောင်းကင်လျှို့ဝှက်ချက်ကို

ငါ

တကယ်လေးစားပါတယ်။ ငါ့နတ်မျိုးနွ

ယ်တောင်မှ ဒီလောကမတိုင်ခင်

သမိုင်းမှတ်တမ်းတွေ

မရှိသလောကနည်းပါးတယ်။ ဒါပေမဲ့

သူက

အကုန်လုံးနီးပါးရှာဖွေထားနိုင်တယ်။ ဘာ

ပဲဖြစ်ဖြစ် သူ ဒီမှာ မရှိဘူးလား"

အဘိုးကြီးက ခါးသက်သက်

ရယ်မောရင်း “ငါတို့ ဘိုးဘေးက

သူ့ကိုယ်သူ မပြတာ နှစ်ပေါင်း ၁၀၀

နီးပါးရှိနေပြီ”

စစ်ဗျူဟာမှူးက ခေါင်းညိတ်ပြီး

“နားလည်ပါတယ်။ ဒီတော့ အင်က ငါတို့

ပြောခဲ့တဲ့ အကြောင်းတွေကို

ပြန်သွားရအောင်။ ဒီလောကမှာ

သာမန်အမြင်နဲ့ အကဲမဖြတ်နိုင်တဲ့လူတွေ

အများကြီးရှိနေတယ်။ အခုလေးတင်

နင်တွေ့လိုက်တဲ့လူက

တစ်ယောက်အပါအဝင်ပဲ"

အဘိုးကြီးက “ ဝိညာဉ်မိန်းမပျိုက ဒဏ္ဍာရီတစ်ခုပဲ”

စစ်ဗျူဟာမှူး က တခစ်ခစ်ရယ်ပြီး စကားမပြောတော့ပါ။ စင်စစ်သော်ကား နတ်အာရုံအသိမှ ခွဲထွက်လာသော ကိုယ်ပွားကို ရှုံးနိမ့်ပြီးနောက် မည်သူမျှ ပျော်ရွှင်နိုင်မည်မဟုတ်ပေ။ သို့မဟုတ် လက်ခံရန် ခက်ခဲသည်ဟု ဆိုရပေမည်။

ဤအချိန်တွင် အဘိုးကြီးက "စစ်ဗျူဟာမှူး၊ မင်းရဲ့နတ်မျိုးနွယ်က ငါ့ဆီက ဘာလိုချင်လို့လဲ" ဟု မေးလိုက်သည်။

"သူတို့အားလုံး ငါတို့ကို လိုက်ရှာနေတာမဟုတ်ဘူးလား" စစ်ဗျူဟာမှူးက တိုးတိုးလေးပြောလိုက်ပါသည်။

အဘိုးကြီးက “ပြီးတော့ရော....”

သူမက ပြုံးပြီး "နင်လုပ်ရမှာက တစ်ခုပဲ။ ငါတို့ရဲ့ တည်နေရာကို သူတို့ကို ပြောပြဖို့ ကူညီပေးနိုင်မလား"

အဘိုးကြီး၏ မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားကာ “ငါ ဒီကနေ ဘာအကျိုးအမြတ်ရမှာလဲ”

စစ်ဗျူဟာမှူးက ပြုံးပြီး "နင် မသေရဘူး"

စကားဆုံးသည်နှင့် ဝတ်ရုံဖြူအဘိုးကြီး ၅ ယောက် ပေါ်လာသည်။

အဘိုးကြီး ငါးယောက်စလုံးက ပညာရှင်များဖြစ်သည်။

အဘိုးကြီးက “ငါ့ဘိုးဘေး မသေသေးပါဘူး” ဟု လေးနက်စွာ ပြောလိုက်သည်။

စစ်ဗျူဟာမှူးက ဝါးအိမ်ဆီသို့ ဖြည်းညှင်းစွာ လျှောက်လာကာ "သူကိုယ်တိုင် ပုန်းအောင်းနေရဲရင် ငါက သတ်ပစ်မယ်"

အဘိုးကြီး၏ ပါးစပ်ထောင့်တွင်
လှောင်ပြောင်သံတစ်ခု
ထွက်ပေါ်လာသည် "မင်းရဲ့
နတိမျိုးနွယ်က ဒီလိုလုပ်ဖို့
အရည်အချင်းရှိသလား"

စစ်ဗျူဟာမှူးက အဘိုးကြီးကို
စိုက်ကြည့်ရင်း "လွန်ခဲ့တဲ့နှစ်တွေမှာ
မျိုးနွယ်ခြားအားလုံးနဲ့ မဟာလမ်းစဉ် (၄)
ခုက ပညာရှင်ပေါင်း (၁၆၉၃) ယောက်နဲ့

ဖန်ဆင်းရှင် (၉)ပါး ရှိခဲ့တယ်။ ဒါပေမယ့် အဲဒီကမ္ဘာစစ်ပွဲအပြီးမှာ ပညာရှင် ဘယ်လောက်ကျန်သေးလဲ။ ဖန်ဆင်းရှင် ဘယ်လောက်ကျန်သေးလဲ"

အဘိုးကြီး၏ မျက်နှာသည် တော်တော်လေးကို ဆိုးရွားလာခဲ့သည်။

ပထမကမ္ဘာစစ်ပွဲအပြီးတွင် ဖန်ဆင်းရှင် မည်မျှကျန်ခဲ့သည်ကို မသိသော်လည်း

မျိုးနွယ်ခြားအားလုံးနှင့် မဟာလမ်းစဉ်

(၄)ခုတွင် အားလုံးပေါင်းမှ စစ်မှန်သော

ပညာရှင် အယောက် (၁၀၀) အောက်သာ

ကျန်တော့သည်။ ထို့အပြင်

အချို့သောမျိုးနွယ်ခြားများသည်

လောကသုံးပါးကနေပင်

ပျောက်ကွယ်သွားကြလေပြီ။

စစ်ဗျူဟာမှူးက လက်ကို

နောက်ပစ်ထားလျက် ဝါးအိမ်ထဲသို့

လျှောက်ဝင်သွားပြီး

“ဒုတိယကမ္ဘာစစ်ပြီးရင်

တခြားမျိုးနွယ်တွေ

ဘယ်လောက်ကျန်နိုင်သေးလဲ” ဟု

တိုးတိုးလေးပြောလိုက်လေသည်။

အဘိုးကြီးက ဝါးအိမ်အပြင်ဖက်တွင်

အချိန်အတော်ကြာ တိတ်ဆိတ်နေပြီးမှ

ခေါင်းယမ်းကာ "ကမ္ဘာကြီး တကယ်ပြောင်းလဲနေပြီ"

သူကိုယ်တိုင်လည်း နတ်မျိုးနွယ်ကို လျှော့တွက်ထားမိခဲ့သည်။

မျိုးနွယ်အားလုံးအပြင် ကောင်းကင်လျှို့ဝှက်ခန်းမလည်း နတ်မျိုးနွယ်ကို ပြင်းထန်စွာ လျှော့တွက်ထားခဲ့ကြသည်။အကြောင်း

မှာ နတ်မျိုးနွယ်သည်

ပထမကမ္ဘာစစ်ပွဲတွင်

စစ်ရှုံးခဲ့သည်မဟုတ်ပါလား။

သူတို့၏အမြင်အရတော့

လက်ရှိနတ်မျိုးနွယ်သည် အတိတ်နှင့်

မတူတော့ပေ။

သို့သော် နတ်မျိုးနွယ်က

ပေါ်တင်ထွက်လာပြဖို့အထိ

ရဲတင်းလိမ့်မည်ဟုမမျှော်လင့်ထားခဲ့။

တကယ်တမ်းကျ နတ်မျိုးနွယ်

ရောက်လာသည့်အခါ

ကောင်းကင်လျှို့ဝှက်ခန်းမပင်လျှင်

ဘာမှမတတ်နိုင်ခဲ့ပေ။ နောက်ဆုံးတွင်

ကောင်းကင်လျှို့ဝှက်ခန်းမ၌

ထိပ်တန်းကျွမ်းကျင်သူ

ကောင်းကင်လျှို့ဝှက်ခန်းမ၏

တည်ထောင်သူဘိုးဘေး ရှိခဲ့သည်။

သူသည် ဤလောက၏

အထွတ်အမြတ်ပညာရှင်များထဲမှ

တစ်ဦးဖြစ်သည်။

သို့သော် နတ်မျိုးနွယ်

ရောက်လာသည့်တိုင် ကိုယ်ထင်

မပြခဲ့ပေ။

အမှန်တော့ အဘိုးကြီးက

တချို့သောအရာများကို အနည်းအကျဉ်း

သတိထားမိခဲ့သည်။

ကောင်းကင်လျှို့ဝှက်ခန်းမ၏

တည်ထောင်သူဘိုးဘေးက

ထိုနောက်ဆုံးအဆင့်ကို

မတက်လှမ်းနိုင်သေးပါ။

အဘိုးကြီးက ခေါင်းယမ်းပြီး

ဝါးအိမ်ထဲကို ဝင်သွားပါတော့သည်။

၂ နှစ်နာရီခန့်ကြာသောအခါ

ဝါးရုံအပြင်ဖက်တွင် ရွှေရောင်ဝတ်ရုံဝတ်

သက်လတ်ပိုင်းအမျိုးသားတစ်ဦး

ပေါ်လာသည်။

သက်လတ်ပိုင်းအမျိုးသား

ပေါ်လာသည်နှင့် တပြိုင်နက်

ဝါးအိမ်တွင်းမှ လက်စွပ်တစ်ကွင်း

ပျံထွက်လာသည်။

သက်လတ်ပိုင်းအမျိုးသားက

မျက်မှောင်ကြုတ်လိုက်သည်။ တစ်ချိန်

တည်းမှာပင် အိမ်အတွင်းမှ

အသံတစ်သံပါ ထွက်ပေါ်လာသည်

"ယန်ယဲ့မှာ သူ့ကို ဖုံးကွယ်ထားတဲ့

နတ်ရတနာတစ်ခုရှိတယ်။ငါတို့တောင်

သူ့ကိုရှာမတွေ့တော့ဘူး'

သက်လတ်ပိုင်းအမျိုးသားက

“တန်ကြေးက သိပ်မမြင့်ဘူးလား” ဟု

ဂရုမစိုက်ဘဲ ပြောလိုက်သည်။

"မင်းငါ့ကို (၁၀) သန်းပေးရင်တောင်

ငါမလုပ်နိုင်ဘူး"

အဘိုးကြီး၏အသံက

ဝါးအိမ်အတွင်းမှပျံ့လွင့်လာပါသည်

“ဒုတိယမျိုးဆက်

လူသားအင်ပါယာအရှင်၊ ယန်ယွဲ့ကို

လောလောဆယ်

ငါရှာမတွေ့သေးဘူး။ ဒါပေမဲ့ ငါတို့က

နတ်မျိုးနွယ်ကို ရှာဖွေနိုင်တယ်။

ဒီအချက်အလက်အတွက် မင်းက

ပေးဆောင်ဖို့ ဆန္ဒရှိမရှိ ငါတွေးမိတယ်။

အလုပ်ဖြစ်လိမ့်မယ်ထင်ပါတယ်။ နောက်

ဆုံးတော့ မင်းက နတ်မျိုးနွယ်

လုပ်ဆောင်နေတာတွေကို

သဘောထားကြီးကြီးနဲ့

ခွင့်ပြုပေးထားမယ်မထင်ပါဘူး၊

ဟုတ်တယ်မလား”

ရွှေရောင်ဝတ်ရုံဝတ်အမျိုးသားက

လူသားမျိုးနွယ်၏အုပ်စိုးသူ

တစ်ဖြစ်လည်း

လူသားအင်ပါယာအရှင်ဖြစ်သည်။

လူသားအင်ပါယာအရှင်က ခဏတာ တိတ်ဆိတ်သွားပြီးနောက် "သူတို့ ဘယ်မှာရှိတယ်ဆိုတာ မင်းသိသလား" ဟု မေးခဲ့သည်။

အဘိုးကြီးက "မပာုတ်သေးဘူး။ ဒါပေမဲ့ တိကျတဲ့တန်ကြေးတစ်ခု ပေးဆောင်ချင်တယ်ဆိုရင်တော့ ပေးလို့ရပါတယ်"

လူသားအင်ပါယာအရှင် က ခေါင်းငုံ့ကာ ခဏကြာသည်ထိ တွေးတောပြီးနောက် “မင်းဘာလိုချင်လို့လဲ” ဟု ပြန်မေးလိုက်သည်။

အဘိုးကြီးက “မင်းတို့အားလုံး ငါ့အတွက် ဘာပေးနိုင်မလဲ” ဟု မေးပါသည်။

လူသားအင်ပါယာအရှင် က ဝါးအိမ်ကို

စိုက်ကြည့်ကာ “လောဘကြီးတာက

ကောင်းတဲ့အရာမဟုတ်ဘူးထင်တယ်”

အဘိုးကြီးက "ကြည့်ရတာ ငါတို့က

အဆင်မပြေဘူးထင်တယ်"

ပတ်ဝန်းကျင်သည်

တိတ်ဆိတ်သွားပါတော့သည်။

လူသားအင်ပါယာအရှင် က

"တစ်စုံတစ်ယောက်က

မင်းတို့နဲ့ဆွေးနွေးဖို့

ထပ်ပြီးရောက်လာဦးမယ်။ ဒါဆို

ယန်ယွဲ့ကို

တကယ်ပဲရှာမတွေ့နိုင်ဘူးလား"ဟု

ထပ်မေးလိုက်သည်။

အဘိုးကြီးက “မလုပ်နိုင်ဘူး” ဟု ခပ်ပြတ်ပြတ်ပင် ပြန်ဖြေသည်။

လူသားအင်ပါယာအရှင်က စကားထပ်မပြောတော့ဘဲ နေရာမှာပင် ပျောက်ကွယ်သွားခဲ့သည်။

ဝါးအိမ်ထဲတွင်....

အဘိုးကြီးက စစ်ဗျူဟာမှူးကို စိုက်ကြည့်ရင်း “နတ်မျိုးနွယ်က ဘာကြောင့်များ လူသားအင်ပါယာအရှင်ကို အရင်မသတ်လိုက်တာလဲ”

စစ်ဗျူဟာမှူးက ခေါင်းခါလိုက်ပြီး “လူတစ်ယောက်တည်းကို သတ်လိုက်တာက ဘာရမလဲ” ဟု ပြန်ဖြေသည်။

ထို့နောက် "ကောင်းပြီ။ မလိုအပ်တဲ့ မေးခွန်းတွေမမေးပါနဲ့။ လုပ်သင့်လုပ်ထိုက်တာကိုသာလုပ်ပါ"

စကားပြောပြီးသည်နှင့် သူမ၏မျက်လုံးများကို မှိတ်ထားလိုက်သည်။

...

Translated By NyiNyiSoe

May Be:

...အပိုင်း ၂၄၇၉

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

...

ကောင်းကင်ကမ္ဘာ ။

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်
ကောင်းကင်ကမ္ဘာသို့ ရောက်နေခဲ့၏။

သို့ဖြစ်ရာ သူသည် အစစအရာရာကို
သတိထားနေရသည်။

အကယ်၍ တစ်စုံတစ်ယောက်ကသာ
သူ့ကို သတိပြုမိပါက
မျိုးနွယ်ခြားများ၏ အမဲလိုက်တာကနေ
လွတ်မြောက်နိုင်မည်မဟုတ်ပေ။ သူသည်

လောကသုံးပါးနှင့် ဟင်းလင်းပြင်ကမ္ဘာမှ

ထွက်မသွားနိုင်ခဲ့သော် သေချာပေါက်

အသတ်ခံရပေမည်။

စစ်ပွဲမစသေးသော်လည်း

ကောင်းကင်ကမ္ဘာ၏ အဖြစ်အပျက်က

အခြေအနေဟာ

မည်မျှတင်းမာနေသည်ကို

တွက်ဆနိုင်လေသည်။ သို့သော် သူနှင့်

ဘာမှမဆိုင်ပါ။ကောင်းကင်မျိုးနွယ်သည်

သူ၏အကာအကွယ်ကိုမလိုအပ်ပေ။

သူ့ကိုယ်သူ ပြသခဲ့မည်ဆိုလျှင်ပင်

ကောင်းကင်မျိုးနွယ်က

နတ်မျိုးနွယ်အစား သူ့ကိုသာ အရင်ဆုံး

တိုက်ခိုက်ပေမည်။

ယန်ယဲ့ သည် အချိန်ဖြုန်းခြင်းမရှိဘဲ

မြောက်ဖက်သို့ တဟုန်ထိုး

ပြေးထွက်သွားခဲ့သည်။ ၁

ရက်ခန့်အကြာတွင်တော့ ယန်ယဲ့ သည်

ရှေ့ဆက်သွားနေရာမှ

ရုတ်တရက်ရပ်သွားသည်။ သူသည်

ရေခဲတောင်ပေါ်တွင်

ခြေချမိလျက်သားဖြစ်နေသည်။

သူ၏အမြင်အာရုံဟာ

အေးစက်စက်အငွေ့အသက်များ

ပျံ့လွင့်နေသော

ရေခဲပြင်ကျယ်ကြီးသာလျှင်

မြင်နေရလေသည်။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီးနောက် ရှေ့ကို
ဆက်သွားလိုက်သည်။

ဤအချိန်တွင် သူ၏ရင်ဘတ်ထဲမှ
နှင်းပွင့်လေး ပေါ်လာသည်။

သူမ၏လက်သည်းလေးများကို
မြှောက်ကာ အဝေးဆီသို့
ညွှန်ပြလိုက်သည်။

ယန်ယဲ့က "အဲဒီမှာ တစ်ခုခုရှိသလား"

နှင်းပွင့်၏ ခေါင်းသေးသေးလေးက အဆက်မပြတ် ခေါင်းညိတ်ပြသည်။

ယန်ယဲ့က “အန္တရာယ်ရှိသလား” ဟု ထပ်မေးပြန်သည်။

နှင်းပွင့်လေးက

ခဏာမျှစဉ်းစားနေလေသည်။ ထို့နောက်

ခေါင်းယမ်းလိုက်သည်။

ယန်ယဲ့ သည် ခဏာမျှတုံ့ဆိုင်းသွားပြီး

နှင်းပွင့်လေး ညွှန်ပြနေသည့်

ဦးတည်ရာဆီသို့ လျှောက်သွားခဲ့သည်။

အချိန်တော်တော်ကြာပြီးနောက်တွင်

ယန်ယဲ့ သည် ရပ်တန့်လိုက်သည်။

ဤအချိန်တွင် နှင်းပွင့်က

ယန်ယဲ့၏ပခုံးထက်ကနေ ရေခဲပြင်ပေါ်သို့ ခုန်ဆင်းသွားသည်။

ထို့နောက် ရှူရှိုက်ရင်း ရေခဲပြင်ကို ပေါ့ပေါ့ပါးပါး ငုံ့နမ်းလိုက်သည်။

ခလွပ်...

ရေခဲပြင်သည် ရုတ်တရက်အက်ကွဲသွားပြီး အတွင်းမှ

အဖြူရောင်အလုံးလေးတစ်လုံး
ထိုးထွက်လာသည်။

ယန်ယဲ့ သည် အံ့အားသင့်သွားပြီး
ဘာပြောရမှန်းတောင် မသိတော့ပေ။

အဖြူရောင်အလုံးလေးက မျက်လုံး၊
နှာခေါင်းနှင့်
အခြားမျက်နှာသွင်ပြင်များရှိနေ၏။
ထို့အပြင်

၎င်း၏နောက်ဖက်၌ အမြီးသေးသေး

လေး ၃ ချောင်းပါရှိသည်။

အဖြူရောင်အလုံးလေးက

အပြင်ရောက်လာသည်နှင့်

နှင်းပွင့်လေးကိုစူးစိုက်ကြည့်နေလေသည်

။ ၎င်း၏အကြည့်များက

စူးစမ်းလိုစိတ်များ အပြည့်ပါ။ နှင်းပွင့်က

အဖြူရောင်အလုံးလေးကို

စိုက်ကြည့်နေရာမှ

ရုတ်တရက်ကိုင်လိုက်သည်။ သို့သော်

ထိုခဏလေးမှာပဲ နှင်းပွင့်က

အေးခဲသွားလေသည်။

ဤမြင်ကွင်းကြောင့်

ယန်ယဲ့၏အမူအရာသည်

ပြောင်းလဲသွားသည်။ သူ

လှုပ်ရှားခါနီးမှာပဲ

နှင်းပွင့်၏ပတ်ပတ်လည်မှရေခဲများပျော

က်ကွယ်သွားလေတော့သည်။ နှင်းပွင့်က

ယန်ယဲ့ဖက်ကိုပြန်လှည့်ကာ

ချစ်စဖွယ်ပြုံးပြသည်။ ဆိုလိုသည်မှာ

ယန်ယဲ့အား စိတ်ပူစရာမလို

ကြောင်းပြောနေခြင်းပင်။

ထို့နောက်

အဖြူရောင်အလင်းလုံးလေးကို

ခဏစိုက်ကြည့်ကာ အမြီး ၃ ချောင်းကို

ဆွဲကိုင်လျက် ယန်ယဲ့ဆီသို့

ပြန်ရောက်လာခဲ့သည်။

ယန်ယဲ့ သည်

စကားမပြောနိုင်လောက်အောင်ကို

ခံစားခဲ့ရသည်။

ဝိညာဉ်ဘုရင်...

ထိုအလင်းလုံးက ဝိညာဉ်ဘုရင်ဖြစ်မှန်း
အကြမ်းဖျင်း ခန့်မှန်းမိလိုက်သည်။

ဝိညာဉ်ဘုရင်...

သို့သော် ၎င်းသည် အဆင့်မြင့်
ဝိညာဉ်ဘုရင် ဖြစ်ပုံရ၏။
ဝိညာဉ်အင်ပါယာကိုပင်
ယာယီအေးခဲပစ်နိုင်သောကြောင့်
သာမန်မဟုတ်မှန်း သိသာပါသည်။

အလင်းလုံးက ရုတ်တရက် ရပ်သွားပြီး
လှည့်ကြည့်နေသည်။ ဤအချိန်တွင်
ယန်ယွဲ့၏အမူအရာသည် အနည်းငယ်
ပြောင်းလဲသွားသည်။ သူသည် နှင်းပွင့်
အနားသို့ ဖျတ်ခနဲပေါ်လာပြီး
ပွေ့ချီလိုက်သည်။

သူတို့ရှေ့ရှိ ရေခဲပြင်သည်
ရုတ်ချည်းပင်အက်ကွဲသွားကာ
အမျိုးသမီးတစ်ဦး ထွက်လာသည်။

အမျိုးသမီးက နှင်းဖြူရောင်ဝတ်စုံကို
ဝတ်ဆင်ထားသည်။
သူမ၏ဆံပင်များကလည်း
နှင်းဖြူရောင်သမ်းနေပါသည်။ သို့သော်
အသက် ၂၀
ပင်ပြည့်ပုံမရသေးပါ။ သူမ၏အသွင်အ

ပြင်က ချောမောလှပသော်လည်း
အလွန်အေးစက်ပြီး
ခံစားချက်ကင်းမဲ့ပုံရသည်။

ယန်ယဲ့၏ မျက်လုံးများတွင် သတိထားမှု
ပေါ်လာသည်။

ပညာရှင်အဆင့် ကျင့်ကြံသူ ။

နှင်းဖြူရောင်ဝတ်ရုံဝတ် အမျိုးသမီးက ပညာရှင်တစ်ပါး ဖြစ်နေခဲ့သည်။

နှင်းပွင့်က မျက်တောင်ခတ်ပြီး အမျိုးသမီးငယ်၏နံဘေးမှ အလင်းလုံးလေးကို စိုက်ကြည့်နေသည်။

ထို့နောက် သူမ၏လက်သည်းလေးများကိုဆန့်ကာ လက်ယပ်ပြ လိုက်သည်။ သေချာသည်မှာ

အလင်းလုံးကို သူမနှင့်အတူ လိုက်လာပါဟု ပြောနေတာပါ။ နှင်းပွင့်က မကျေမနပ်ဖြစ်နေတာပါ။ ယခုလေးတင် အလင်းလုံးကို မူလစေတီထဲသို့ ခေါ်ဆောင်သွားလုနီးပါးဖြစ်ခဲ့သည်။

အလင်းလုံးလေးက နှင်းပွင့်ကို တစ်လှည့် အမျိုးသမီးငယ်ကိုတစ်လှည့်စီ ကြည့်လိုက်ပြီးနောက် အနည်းငယ် ချီတုံချတုံ ဖြစ်နေလေသည်။

အမှန်တော့ နှင်းပွင့်ကို မငြင်းဆန်ခဲ့ပေ။
သို့မဟုတ် နှင်းပွင့်ကို
ရင်းရင်းနှီးနှီးခင်မင်နေသည်ဟု
ပြောရပါမည်။ နောက်ဆုံးတွင် နှင်းပွင့်က
ဝိညာဉ်အင်ပါယာ ဖြစ်၏။ လောကရှိ
ဝိညာဉ်ဘုရင်များအတွက်
ငြင်းပယ်နိုင်ခြင်းဟူ မတတ်နိုင်သော
ဆွဲဆောင်မှုပုံစံတစ်မျိုးပါ။

သို့သော် အလင်းလုံးလေးက

ထိုအမျိုးသမီးငယ်ကို

မထားခဲ့ချင်ကြောင်း သိသာနေ၏။

နှင်းပွင့် ကလည်း ပြဿနာကို

သတိထားမိပုံပါ။ အမျိုးသမီးငယ်ကို

စိုက်ကြည့်ပြီး အလင်းလုံးလေးကို

ညွှန်ပြကာ သူ့ကိုယ်သူ ညွှန်ပြသည်။

သေချာသည်မှာ အမျိုးသမီးငယ်အား

အလင်းလုံးကိုခွင့်ပြုပေးဖို့ပြောနေသည်။

အမျိုးသမီးငယ်က နှင်းပွင့်ကို

မော့ကြည့်လိုက်သည်။ အဆုံးတွင်

သူမက ယန်ယဲ့ ကိုကြည့်ကာ

"နင်ဒီမှာဘာလုပ်နေတာလဲ"

ယန်ယဲ့က သူမကို

တစ်ချက်ကြည့်လိုက်ပြီး "ဒီဝိညာဉ်ဘုရင်

ကို အမှတ်တမဲ့

သတိထားမိလိုက်တာပဲ။ ဒါပေမယ့် သူ့မှာ

ပိုင်ရှင်ရှိဖို့မမျှော်လင့်ထားဘူး။

ကောင်းပြီ၊ ငါတို့ မင်းကို

မနှောင့်ယှက်တော့ဘူး”

စကားပြောပြီးနောက် ယန်ယဲ့ သည်

နှင်းပွင့်ကိုပွေ့ချီပြီး နောက်လှည့်ကာ

ထွက်သွားသည်။

နှင်းပွင့်က အလင်းလုံးလေးကို
တစ်ချက်ကြည့်လိုက်ပြီး ထွက်သွားရန်
အနည်းငယ် ဝန်လေးနေပုံပါ။

ရုတ်တရက်ဆိုသလိုပဲ အမျိုးသမီးက
ယန်ယဲ့ ရှေ့မလှမ်းမကမ်းမှ ပေါ်လာပြီး
နှင်းပွင့်ကို ခဏကြာထိ
စိုက်ကြည့်နေခဲ့သည်။ ထို့နောက် "ဒါက
ဝိညာဉ်အင်ပါယာ "

ယန်ယဲ့ သည် မျက်နှာပျက်သွားသည်။

အမျိုးသမီးငယ်က “ငါနဲ့ လိုက်ခဲ့ပါလား”

အမျိုးသမီးငယ်က

မျက်နှာသာမပေးသောကြောင့်

ယန်ယဲ့၏မျက်နှာက

မည်းမှောင်သွားသည် ။ သို့သော်လည်း

နှင်းပွင့်ကိုယ်တိုင်က ဝိညာဉ်ဘုရင်ကို

အပြင်ခေါ်ထုတ်လိုက်သောကြောင့်

အမျိုးသမီးငယ်၏ အပြစ်မဟုတ်ချေ။

နှင်းပွင့် က အမျိုးသမီးငယ်ကို

အချိန်အကြာကြီး စိုက်ကြည့်ပြီးနောက်

သူမ၏လက်သည်းကို ဆန့်ကာ

ဝှေ့ယမ်းလိုက်သည်။

ငြင်းဆိုလိုက်သည်ဟု ပြောနေတာပါ။

နှင်းပွင့်က လူသားတစ်ဦးကဲ့သို့ ပြုမူပုံကို မြင်သောအခါတွင် အမျိုးသမီးငယ်က ပို၍ပင် စိတ်ဝင်စားသွားပုံရသည်။

ဤအချိန်တွင် ယန်ယဲ့က နှင်းပွင့်ကို စိုက်ကြည့်နေသည်။ နှင်းပွင့်က မျက်တောင်ခတ်လိုက်ပြီး အမျိုးသမီးငယ်ကို စိုက်ကြည့်ကာ ခြေသည်းများကို ဝှေ့ယမ်းလိုက်ပါတော့သည်။

ဆိုလိုသည်မှာ သူမက

ဝိညာဉ်အင်ပါယာမဟုတ်ကြောင်း

ပြောနေတာပါ။ ထို့အပြင် သူမ

ထိုသို့လုပ်နေရင်း

မျက်လုံးလေးများကိုထောင့်ကပ်ကာ

ယန်ယဲ်အား

မသိမသာပြန်ကြည့်နေသည်။

အမျိုးသမီးငယ်က

ထပ်ပြောချင်နေသော်လည်း ယန်ယဲ့က

ရုတ်တရက် "နှင်းခဲလေး၊

အထဲကိုဝင်နေလိုက်"

နှင်းပွင့်က ခေါင်းညိတ်ပြပြီး

မှုလစေတီထဲသို့

ပြန်ဝင်သွားပါတော့သည်။

နှင်းပွင့်လေး အထဲကိုဝင်သွားသည်နှင့်

ယန်ယွဲ့ သည် အမျိုးသမီးငယ်ကို

တစ်ချက်စိုက်ကြည့်ကာ

လှည့်ထွက်သွားသည်။ သူသည်

အမည်မသိအမျိုးသမီးတစ်ယောက်နှင့်

အချိန်မဖြုန်းချင်ပေ။

ဤအချိန်တွင် အမျိုးသမီးငယ်က

ယန်ယွဲ့ရှေ့မှာ ရုတ်တရက်ပေါ်လာသည်။

ယန်ယွဲ့က ရပ်လိုက်ကာ

သူ့ညာဖက်လက်ကို ဖြည်းညှင်းစွာ

ဆုပ်ထားသည်။

အမျိုးသမီးငယ်က ယန်ယွဲ့ကို

စိုက်ကြည့်ကာ "ဝိညာဉ်အင်ပါယာကို

ထားခဲ့"

ယန်ယွဲ့က တဟားဟား

ရယ်မောလိုက်သည်။ ကောင်းကင်ငယ်

ပြောသည့်အတိုင်း အမှန်ပင်ဖြစ်နေ၏။

နှင်းပွင့်၏တည်ရှိမှုက မည်သူမျှ

မငြင်းဆန်နိုင်သောသွေးဆောင်မှုဖြစ်လေ

သည်။ နှင်းပွင့်ကို

အပြင်ခဏထွက်ခွင့်ပေးလိုက်ရုံဖြင့်

လျှို့ဝှက်ဆန်းကြယ်သောပညာရှင်နှင့်

ထိပ်တိုက်တွေ့သွားရလေသည်။

ယန်ယဲ့ သည် တော်တော်လေးကို

အကူအညီမဲ့သွားသလိုပင်

ခံစားလိုက်ရ၏။

သူသည် ထပ်ပြီးအချိန်မဖြုန်းတော့ဘဲ

စစ်နတ်ဘုရားလှံကို

ရုတ်ချည်းဆုတ်ကိုင်ကာ

"တိုက်ခိုက်ကြရအောင်"

ယန်ယဲ့၏ပုံရိပ်က နေရာတွင်ပင်

ပျောက်ကွယ်သွားလေတော့သည်။

ထို့နောက်တွင်တော့

အမျိုးသမီးငယ်၏ရှေ့တွင်

ပြန်ပေါ်လာပါသည်။

ငွေရောင်တလက်လက်တောက်ပနေသော

စစ်နတ်ဘုရားလှံ က အမျိုးသမီးငယ်ကို

လျင်မြန်စွာ ထိုးသွင်းလိုက်သည်။

အမျိုးသမီးငယ်၏ မျက်လုံးအစုံက

အနည်းငယ်

ကျဉ်းမြောင်းသွားသည်။ သူမအတွက်

ယန်ယဲ့က

ရုတ်တရက်ကြီးတိုက်ခိုက်လာမည်ဟု

မမျှော်လင့်ထားပုံပါ။

သို့သော် သူမ၏လက်ကို

ဝှေ့ယမ်းလိုက်သည်နှင့်

မရေတွက်နိုင်သော နှင်းပွင့်များ

ရုတ်တရက် ကျဆင်းလာသည်။

နှင်းပွင့်များက

ချွန်မြနေသော ဓားသွားများကဲ့သို့

ဖြစ်ကာ ယန်ယဲ့ဆီသို့

တရစပ်ပျံသန်းလာပါတော့သည်။

ဤအချိန်တွင် ယန်ယဲ့ သည် သူ့အပေါ်ကို

ရောမရေခဲတောင်ကြီး ပိကျလာသကဲ့သို့

ခံစားလိုက်ရလေသည်။

သို့သော် သူသည်

အကြောက်အလန့်မရှိဘဲ

တိုက်ပွဲဝင်လိုစိတ်ဖြင့် ပြည့်နေသည်။

ပညာရှင် တစ်ပါးကို

အနိုင်ယူဖို့မလွယ်သော်လည်း

တိုက်ခိုက်ရန်တော့ သူ့အတွက်

မခက်ခဲလှပေ။

"ခုတ်ပိုင်းလိုက်စမ်း..." ယန်ယဲ့ သည်

ဒေါသတကြီး အော်ဟစ်လိုက်ပြီးနောက်

သူ့ထံမှ ပြင်းထန်သော
စွမ်းအားလှိုင်းကြီးတစ်ခု ရှေ့သို့
တိုးလာသည်။ နှင်းပွင့်များအားလုံး
ပျောက်ကွယ်သွားသော်လည်း ယန်ယဲ့
သည် နောက်ပြန်ဆုတ်သွားရ၏။

ဤအချိန်တွင် အမျိုးသမီးငယ်က ရှေ့သို့
ခြေတစ်လှမ်းတိုးကာ
လက်ညှိုးကိုဆန့်ပြီး ပုတ်လိုက်၏။
သူမရှေ့တွင် ရေခဲဓားတစ်ချောင်းပေါ်လာ

ပြီး လျှပ်စီးကြောင်းတစ်ခုအလား
ယန်ယွဲ့၏ရင်ဘတ်ဆီသို့
တိုးဝင်လာပါတော့သည်။

ခလွပ်...

ယန်ယွဲ့၏ခန္ဓာကိုယ်သည် ချက်ချင်း
အေးခဲသွားသည်။ သို့သော်လည်း
ထိုမျှဖြင့် မပြီးဆုံးသေး၊
ပတ်ပတ်လည်ကနေ

မရေမတွက်နိုင်သော ရေခဲစားရှည်များ

ပေါ်လာသည်။ တစ်ချိန်တည်းမှာပင်

အမျိုးသမီးငယ်၏အသံက

"ရေခဲစားနယ်မြေ ...."

ထိုစကားသံ ထွက်ပေါ်လာသည်နှင့်

မရေမတွက်နိုင်သော

ရေခဲစားရှည်များဟာ ယန်ယွဲ့ကို

ချက်ချင်း ဖုံးလွှမ်းသွားခဲ့သည်။ ထို့အပြင်

ပတ်ပတ်လည်ကနေ

ရေခဲဝဲကတော့ကြီးတစ်ခု ပေါ်လာပြီး

အဆက်မပြတ်

လှည့်ပတ်နေပါသည်။ လှည့်ပတ်လာသ

ည်နှင့်အမျှ ဝဲကတော့အတွင်းပိုင်းမှ

ရေခဲစားမြောက်များစွာ အဆက်မပြတ်

ထွက်ပေါ်လာသည်။

သို့သော် အမျိုးသမီးငယ်၏

မျက်လုံးများက ရုတ်တရက်

ပြူးကျယ်သွားသည်။ ထို့အပြင်

မယုံနိုင်စရာများဖြင့် ပြည့်နှက်နေကာ
“မဟုတ်ဘူး၊ သူမ
ဒီကိုဘာလာလုပ်တာလဲ”

ထောင်ချီသော ရေခဲစားရှည်များသည်
တစ်ဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့၏။

ယန်ယဲ့ သည် အမျိုးသမီးငယ်၏ရှေ့တွင်
ပြန်ပေါ်လာသည်။ သူ့အပေါ်တည့်တည့်၌

ရွှေရောင်ဓားတစ်ချောင်း

လွင့်မျောနေခဲ့သည်။

"အဓိပတိဓား.... "

အဓိပတိဓား က

ယန်ယွဲ့အပေါ်တည့်တည့်မှာသာ

လွင့်မျောနေသော်လည်း

ဤအခိုက်အတန့်တွင် ဓားစိတ်ဆန္ဒနှင့်

ရေခဲဓားများက သူ့အနီးသို့

တိုးကပ်မလာနိုင်တော့ပေ။

Translated By NyiNyiSoe

May Be:

...အပိုင်း ၂၄၈၀

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

အမျိုးသမီးငယ်၏ မျက်လုံးများသည်
မယုံကြည်နိုင်စရာများဖြင့်
ပြည့်နှက်နေပါသည်။ သူမ၏
အကြည့်များသည် အဓိပတိဓား
အပေါ်တွင်သာ ရှိနေသည်။

ယန်ယွဲ့ သည် အံ့အားသင့်သွားသည်။

ဤအချိန်တွင် အဓိပတိအား က

ရုတ်တရက်

ပျံထွက်သွားသည်။ ထို့နောက်

ထောင်ချီသော ရေခဲအားများ

ပျောက်ကွယ်သွားသည်။

ဤအခိုက်အတန့်တွင်

အမျိုးသမီးငယ်၏မျက်နှာပေါ်ရှိအမူအ

ရာပေါ်အခြေခံပြီး သူမက

အဓိပတိဓား ကို

သေချာပေါက်မှတ်မိနေပုံရသည်။

ရုတ်တရက်ဆိုသလို

အဓိပတိဓား က

လျှပ်စီးတန်းတစ်ခုအလား

အမျိုးသမီးငယ်ဆီသို့

ပျံသန်းသွားလေတော့သည်။

အမျိုးသမီးငယ်၏ပုံရိပ်က ချက်ချင်းပင် ဝေဝါးသွားသည်။

“မဟုတ်ဘူး...” အမျိုးသမီးငယ်က ထိတ်လန့်စွာ အော်လိုက်ပြီးနောက် ၁၀ ကီလိုမီတာအကွာတွင် ပေါ်လာသည်။ ဤအချိန်တွင် သူမ၏မျက်နှာက သိသိသာသာ ဖြူဖျော့နေကာ အလွန်အားနည်းနေပုံရသည်။

ယန်ယဲ့ က မျက်မှောင်ကြုတ်လိုက်သည်။

" ဒီဓား ဘယ်တုန်းက

အရမ်းသန်မာလာတာလဲ"

အစိပတိဓား က ယန်ယဲ့ ရှေ့သို့

ပြန်ရောက်သွားသည်။

ဤအချိန်တွင် အမျိုးသမီးငယ်က “နင်က

ဓားအပျက်အစီးနယ်မြေဆီကို

သွားနေတာမဟုတ်လား” ဟု ရုတ်တရက်
ပြောလိုက်ပါသည်။

ယန်ယဲ့က သူမကို
တစ်ချက်ကြည့်လိုက်ပြီး
"မင်းဘယ်လိုသိတာလဲ"

အမျိုးသမီးငယ်က ခဏတာ
ငြိမ်သက်သွားပြီး “ဒါကို ချိတ်ပိတ်ပြီး

ဖုံးကွယ်ထားတာပဲ။နင် ရှာတွေ့နိုင်မှာမဟုတ်ဘူး"

ယန်ယဲ့က "မင်းက ဒီနေရာအကြောင်း တော်တော်သိပုံရတယ်" ဟူ၍ မေးခွန်းဖြင့် ပြန်ပြောလိုက်သည်။

“ငါ နင့်ကို အဲဒီကို ခေါ်သွားလို့ရတယ်” အမျိုးသမီးငယ်သည် အချိန်တော်တော်ကြာအောင်

တိတ်ဆိတ်နေပြီးမှ

ရုတ်တရက်ပြောခဲ့သည်။

ယန်ယဲ့ က "မင်းအခြေအနေက

ဘယ်လိုလဲ"

သူမက ယန်ယဲ့၏နံဘေးက

အဓိပတိဓားကို တစ်ချက်ကြည့်လိုက်ပြီး

"ဘာမှမဟုတ်ပါဘူး။ ငါနဲ့လိုက်ခဲ့..."

ထိုစကားပြောပြီးနောက်
လှည့်ထွက်သွားသည်။

ယန်ယဲ့ သည် ခဏမျှ တုံ့ဆိုင်းသွားပြီး
နောက်ကနေ လိုက်ပါသွားသည်။

အချိန်ခဏအကြာတွင် နှစ်ယောက်သား
ရေခဲမြစ်တစ်စင်းဆီသို့
ရောက်လာကြသည်။ အမျိုးသမီးငယ်က

“ငါတို့ ဒီမှာ ရောက်နေပြီ” ဟူ၍ ပြောရင်း ရေခဲမြစ်ကို ညွှန်ပြလိုက်သည်။

ယန်ယဲ့ သည် သူ့ရှေ့ရှိ ရေခဲမြစ်ကို စိုက်ကြည့်သော်လည်း ဘာမျှ မတွေ့ရပေ။

ဤအချိန်တွင် အမျိုးသမီးငယ်က လက်ချောင်းကို ရှေ့သို့ ပုတ်လိုက်သည်။ လက်ချောင်းထိပ်မှ

ဓားစွမ်းအင်တစ်စင်းပြေးထွက်သွားသည်။ ရေခဲမြစ်ထဲသို့ ကျဆင်းခါနီးတွင်တော့ ရုတ်တရက် နှစ်ပိုင်းကွဲသွားကာ ထို့နောက် လေးပိုင်းကွဲသွားသည်။ခဏလေးအတွင်းမှာပင် ဓားစွမ်းအင်များက မြစ်အထက်လေထုထဲကို ပြည့်လျှံသွားလေသည်။

ဘယ်လောက်အစွမ်းထက်လိုက်သလဲ။

အမျိုးသမီးငယ်၏ ဓားတာအိုက

အဆင့်တစ်ခုသို့

ရောက်နေမှန်းသိသာလှသည်။

အုန်း....

ဤအချိန်တွင် ဓားစွမ်းအင်များ

ရုတ်တရက် ပေါက်ကွဲကာ ပျောက်ကွယ်

သွားသည်။ ထို့နောက်တွင်တော့

ရေခဲမြစ်ထဲမှ အလင်းတန်းကြီးတစ်ခု

ပေါ်လာသည်။ သို့သော် ခဏအကြာမှာပဲ

ပြန်ပြီးပျောက်ကွယ်သွားသည်။

တစ်ချိန်တည်းမှာပင်

အေးခဲနေသောမြစ်ရေပြင်သည်

ပုံမှန်အတိုင်း

ပြန်လည်ရောက်ရှိသွားခဲ့သည်။

ယန်ယဲ့ သည် အမျိုးသမီးငယ်ကို

စူးစိုက်ကြည့်နေသည်။ သူမ

လေးနက်စွာပြောခဲ့သည်

"နောက်တစ်ခါပေါ်လာရင်
ဓားကိုသုံးလိုက်။ ဒီဓားနဲ့
ဖျက်ဆီးမှပဲရမယ်။ အစီအရင်
ပျက်သွားရင် ဓားအပျက်အစီးနယ်မြေ
ပေါ်လာလိမ့်မယ်”

ယန်ယဲ့က အဓိပတိဓားကို
ဆုပ်ကိုင်ထားရင်း
ခေါင်းညိတ်လိုက်သည်။

အမျိုးသမီးငယ်က မြစ်ဖက်ကို

ပြန်လှည့်လိုက်သည်။ ထို့နောက်

သူမ၏လက်ကို ညင်သာစွာ

ဝှေ့ယမ်းလိုက်ရာ မြစ်အထက်

လေထုထဲတွင် မရေမတွက်နိုင်သော

ဓားစွမ်းအင်များ

ပေါ်လာပြန်သည်။ ဤအချိန်တွင်

အလင်းစက်ဝိုင်းကြီးက

တစ်ဖန်ပေါ်လာသည်။

ဤအတောအတွင်း ယန်ယဲ့ သည်

တွေဝေနေခြင်းမရှိဘဲ အဓိပတိအားကို

မြှောက်ကာ

အားကုန်သုံးပိုင်းချလိုက်တော့သည်။

ဆူး....

ရွှေရောင်တလက်လက်တောက်ပနေ

သော

ဓားစွမ်းအင်တစ်စင်းက လေထုကို

ဆုတ်ဖြဲလျက် အလင်းစက်ဝိုင်းကို

ထိမှန်သွားသည်။

ထိုခဏလေးအတွင်း အလင်းစက်ဝိုင်းသ

ည် ပေါက်ကွဲသွားကာ ယန်ယွဲ့ရှေ့ရှိ

မြင်ကွင်းသည်

ချက်ချင်းပြောင်းလဲသွားသည်။

ခဏအကြာတွင် ယန်ယွဲ့ နှင့်

အမျိုးသမီးငယ်သည် လူဆိတ်ညံသော

လွင်ပြင်တစ်ခုပေါ်မှာ ပေါ်လာကြသည်။

သူတို့ရပ်နေသည့်နေရာကနေ

အလွန်အထီးကျန်နေသော

မြင်ကွင်းတစ်ခုကိုသာ

မြင်နိုင်၏။ ထို့အပြင်

သူတို့နှစ်ယောက်နှင့် ၁

ကီလိုမီတာအကွာတွင် မီတာ ၃၀၀ ခန့်

မြင့်မားသော ဧရာမမီးဖိုကြီးတစ်လုံးသာ

ရှိနေလေသည်။

"ဓားမီးဖို" ဤအချိန်တွင်
အမျိုးသမီးငယ်က “နင့်ရဲ့
အဓိပတိဓားကို အဲဒီမီးဖိုထဲမှာ
ဖန်တီးထားတာ” ဟူ၍
တိုးတိုးလေးပြောတယ်။

ယန်ယွဲ့က ရုတ်တရက်မေးလိုက်သည်
"ဘာလို့နောက်ထပ်မလုပ်တာလဲ"

"နောက်တစ်လက်လား

" အမျိုးသမီးငယ်က အေးစက်စွာ ရယ်မောလိုက်ပြီး "ဒီလိုမျိုး လုပ်နိုင်မယ်လို့ မင်းထင်လား။ ဒါကို ဖန်တီးဖို့အတွက် နတ်ရတနာတွေ ဘယ်လောက်များများအထိ အသုံးပြုခဲ့ရလဲဆိုတာ နင်သိသလား။ ဝိညာဉ်ဘုရင်တွေချည်းပဲ အားလုံးပေါင်း အမျိုးအစား ၁၀၀ လောက်အထိရှိတယ်"

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ “ဒီစား

ဖန်တီးဖို့အတွက်နဲ့

ဝိညာဉ်ဘုရင်တော်တော်များများကို

သတ်ပစ်လိုက်တာလား”

အမျိုးသမီးငယ်က ခေါင်းခါလိုက်ပြီး

“မဟုတ်ဘူး၊ သူတို့ကို

မသတ်ဘူး။ သူတို့ရဲ့

အကူအညီတချို့ပဲလိုအပ်တာ။ ဒါ့အပြင်

သူတို့က နတ်မီးတောက် အမျိုးအစား ၁၀

မျိုးထက် မနည်းကိုပါ

အသုံးပြုခဲ့တယ်။အရေးအကြီးဆုံးက

တော့ အဓိပတိဓား ကို ဖန်တီးတဲ့အချိန်မှာ

လောကရဲ့ဝိညာဉ်ဘုရင်တွေဆီက

အကူအညီကိုယူရတယ်။

ဝိညာဉ်ဘုရင်တွေက လောကစွမ်းအင်ကို

ထုတ်ပေးပြီးတော့

ဓားထဲမှာထည့်သွင်းခဲ့တယ်။ တိုတိုပြောရ

ရင် သူတို့က ဒီဓားကို ဖန်တီးဖို့ ကြိုးမားတဲ့

တန်ကြေးတစ်ခုပေးဆပ်ခဲ့ရတာပါ။

အချိန် တစ်စက္ကန့်တောင်မှ

ဖြုန်းလို့မရတဲ့အထိပဲ”

ယန်ယဲ့ သည် သူ့လက်ထဲက

အခ်ိပတိဓားကို

တစ်ချက်ကြည့်ငုံ့လိုက်သည်။

ဓားက နောက်ခံအတော်လေးရှိတယ်။

ဤအချိန်တွင် အမျိုးသမီးငယ် က
"ငါ့အထင် သူမ
ပြန်ပြီးနိုးထလာတော့မယ်မဟုတ်လား"
ဟု ရုတ်တရက်မေးခဲ့သည်။

ယန်ယဲ့က အမျိုးသမီးငယ်ကို
တစ်ချက်ကြည့်လိုက်ပြီး
ခေါင်းညိတ်ပြသည် "ငါထင်တယ်"

အမျိုးသမီးငယ်က မီးဖိုကို ညွှန်ပြပြီး

“သူမကို အဲဒီနေရာမှာ ထားလိုက်၊

ပြီးတော့

နတ်မီးတောက်တစ်ခုသုံးပြီးတော့ သူမကို

ပြန်ပြီးနှိုးလိုက်”

ထို့နောက် သူမက ဆက်ပြောသည်

"လွန်ခဲ့တဲ့ နှစ်တွေတုန်းက

ဓားစွမ်းအင်တွေ အဲဒီထဲမှာ ရှိနေတယ်။

ပြီးတော့ အဲဒီထဲမှာ ကျန်နေတဲ့

စွမ်းအင်တွေလည်း အများကြီးရှိတယ်။

ဒီတော့ အရာအားလုံးကို

ပြီးမြောက်ဖို့ဆိုရင် နင့်မှာ

နတ်မီးတောက်တစ်ခု ရှိရမယ်”

ယန်ယွဲ့၏လက်ထဲတွင်

မီးတောက်ငယ်တစ်ခု

ရုတ်တရက်ပေါ်လာပြီး

“ဒီလိုလုပ်ရမှာလား”

အမျိုးသမီးငယ်က

တစ်ချက်ကြည့်လိုက်ပြီး

“နတ်ယင်မီးတောက် ။ နင်ဒါကိုတောင်

ရယူနိုင်တဲ့ အရည်အချင်းရှိတယ်။

ဒါပေမဲ့ မလုံလောက်ဘူး၊ ဒါက

အစွမ်းထက်ပေမယ့် သူ့အတွက်

မလုံလောက်ဘူး"

ထိုစကား ကြားသောအခါ ယန်ယဲ့ သည် မျက်မှောင်ကြုတ်သွားသည်။

အမျိုးသမီးငယ်က မီးဖို ရှေ့သို့ လျှောက်သွားကာ “မီးဖိုထဲမှာ ဝိညာဉ်တချို့ ကျန်နေခဲ့တယ်။ ဝိညာဉ်မီးတောက်ကို နင်ထိန်းချုပ်နိုင်မယ်ဆိုရင် နတ်ယင်မီးတောက်နဲ့ပေါင်းစပ်အသုံးချနို

င်ပြီ။ ဒီလိုဆို သူမ
ပြန်ပြီးနိုးထလာဖို့အခွင့်အရေးရှိတယ်။
ဒါပေမဲ့ အဲဒီဝိညာဉ်မီးတောက်က
သာမန်မဟုတ်ဘူး။ ဒါဟာ သူ့ကိုယ်ပိုင်
ဝိညာဉ်မီးတောက်ကို
လောင်ကျွမ်းထားတဲ့
ဖန်ဆင်းရှင်တစ်ပါးရဲ့
အသက်ဝိညာဉ်မီးတောက်ပဲ။
လုံးဝကိုကြောက်စရာကောင်းတယ်။

တခြားဖန်ဆင်းရှင်တွေက

သူနဲ့မိတ်ဆွေတွေဆိုတော့

ဝိညာဉ်မီးတောက်ကို

မီးဖိုနဲ့ပေါင်းစပ်ပြီးချိတ်ပိတ်ထားလို့ရတ

ယ်”

အမျိုးသမီးငယ်က ယန်ယွဲ့ကို

စိုက်ကြည့်ကာ ဆက်ပြောခဲ့သည် “နင်

အခုကြုံတွေ့ရမယ့် ပြဿနာက

ဓားမီးဖိုကိုဖွင့်လိုက်တာနဲ့ သေချာပေါက်

အပြင်ကို ထွက်လာမှာပဲ။ နင်
ဒါကိုထိန်းချုပ်ဖို့
အသင့်ပြင်ထားပါ။ ဒါပေမယ့်
နင့်ကြည့်ရတာ အဲဒါကို
ပြီးမြောက်အောင်လုပ်ဖို့ သန်မာတယ်လို့
ငါမထင်ဘူး"

အသက်ဝိညာဉ်မီးတောက် လား

ယန်ယဲ့ သည် မီးဖိုထဲကို
ငုံ့ကြည့်လိုက်တယ်။ ဤအချိန်မှာ
ငြိမ်သက်နေပုံရသည်။

ယန်ယဲ့ က “ဘယ်လောက် သန်မာလဲ” ဟု
ရုတ်တရက်မေးလိုက်သည်။

သူမက “အရမ်းသန်မာတယ်။ ဒါကို
ဖန်ဆင်းရှင် တစ်ပါးက ချန်ထားခဲ့တာပဲ။
ဒါ့ကြောင့် သာမန်ပညာရှင်တွေက

လုံးဝမထိန်းချုပ်နိုင်ဘူး။ ဟုတ်ပါတယ်၊
နင်စမ်းကြည့်လို့ရတယ်"

"ငါ ... သင့်တယ်" ယန်ယဲ့က
အမျိုးသမီးငယ်ကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
မီးဖိုထက်တွင် ပေါ်လာသည်။ ထို့နောက်
အစိပတိဓားကို မြှောက်ကာ
ပိုင်းချလိုက်သည် ။ မီးဖိုပေါ်ရှိ

ချိတ်ပိတ်စည်းကို ချက်ချင်း
ချေဖျက်ပစ်လိုက်သည်။

ချိတ်ပိတ်စည်း ပျက်စီးသွားသည်နှင့်
တပြိုင်နက် မီးဖိုထဲမှ
ကြောက်မက်ဖွယ်ရာ မီးလှိုင်းများ
ရုတ်တရက် ထွက်ပေါ်လာသည်။
ထိုခဏလေးမှာပဲ ယန်ယဲ့ သည်
မီးလှိုင်းများကြား နစ်မြုပ်သွားကာ
အထဲသို့ စုပ်ယူခံလိုက်ရတော့သည်။

သို့သော် အမျိုးသမီးငယ်က

လစ်လျူရှုထားကာ

အေးစက်စက်အမူအရာဖြင့်သာ

ကြည့်နေခဲ့သည်။

သူမ၏မျက်လုံးတွေကို

ဖြည်းညှင်းစွာမှိတ်ထားရင်း

အချိန်အတော်ကြာမှ “မနိုးလာရင်

အကောင်းဆုံးပဲ”

သို့ရာတွင် သူမက ပြန်ထွက်မသွားဘဲ အေးခဲနေသောအကြည့်ဖြင့် ထိုနေရာတွင် ရပ်နေလိုက်သည်။

မီးဖိုထဲတွင်တော့ ယန်ယွဲ့သည် သူ့တစ်ကိုယ်လုံး ပြုတ်သွားသလို ခံစားနေရသည်။

သူသည် ကောင်းကင်တိမ်နဂါးကို

ချက်ချင်းဆင့်ခေါ်လိုက်တော့သည်။

သို့သော် သူ့ခန္ဓာကိုယ်က

ဟင်းအိုးထဲထည့်ချက်နေသလိုပင်။

သူသည် အသက်ဝိညာဉ်မီးတောက်ကို

လုံးဝ မခံနိုင်ပေ။

ဘမ်း...

ဤအချိန်တွင် မီးဖိုအတွင်း၌
မရေမတွက်နိုင်သော ဓားစွမ်းအင်များ
ပေါ်လာပြီး ယန်ယဲ့အား ပတ်ပတ်လည်
ဖုံးလွှမ်းသွားလေတော့သည်။ သို့သော်
အသက်ရှူချိန် ၁၀ ရှိုက်စာပင်မပြည့်ချေ။
ဓားစွမ်းအင်အတားအဆီးသည်
ချေဖျက်ခံလိုက်ရ၏။

ထွက်သွားရမယ် ။

ယန်ယဲ့သည် တုံ့ဆိုင်းမနေဘဲ မီးဖိုထဲမှ

ချက်ချင်း ပြန်ထွက်ရန်

ဆုံးဖြတ်လိုက်တော့သည်။ သို့သော်လ

ည်း ကြောက်စရာကောင်းသော

မီးတောက်လျှိုင်းများက သူ့အပေါ်သို့

ကျရောက်လာကာ

အထဲကိုပြန်ပြီးစုပ်ယူသွားလေသည်။

ဤအချိန်တွင် ယန်ယဲ့ သည်
သူ၏အရေပြားများ
ပူလောင်လာသည်ကို သတိပြုမိသည်။

ထို့နောက် သူ့စိတ်ထဲ၌ နှင်းပွင့်ကို
ရုတ်တရက်တွေးမိလိုက်သည်။

ဒီအသက်ဝိညာဉ်မီးတောက်ကို
ဝိညာဉ်ဘုရင်အမျိုးအစားလို့
ယူဆနိုင်မလား။

သို့သော် ယန်ယဲ့ သည် သိပ်ပြီးစဉ်းစားမနေတော့ဘဲ နှင်းပွင့်ကို ချက်ချင်းခေါ်ထုတ်လိုက်သည်။

နှင်းပွင့်က ယန်ယဲ့၏ရင်ဘတ်ထဲမှ ခေါင်းပြူထွက်လာပြီး ပတ်ဝန်းကျင်ကို ခဏကြာစိုက်ကြည့်နေသည်။ ထို့နောက် ပါးစပ်သေးသေးလေးကို

ဟပြီးရှူသွင်းလိုက်ရာ မီးတောက်များ

ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့ သည် စိတ်သက်သာရာရစွာဖြင့်

သက်ပြင်းချလိုက်လေသည်။

သူမ လုပ်နိုင်တယ်။

နှင်းပွင့်က မီးတောက်များကို

တန်ပြန်ဖိနှိပ်ထားနိုင်၏။

ယန်ယဲ့ သည် သူမ၏ခေါင်းလေးကို

ပွတ်လိုက်ပြီး "မြန်မြန်...

မီးတောက်တွေအကုန်လုံး

စုပ်ယူပစ်လိုက်”

နှင်းပွင့်က ခေါင်းညိတ်ပြပြီးနောက်

ပါးစပ်ကိုဖွင့်ကာ စုပ်ယူလိုက်သည်။

အချိန်ခဏအကြာတွင်

မီးတောက်များအားလုံး

တစ်ခုပင်မကျန်အောင်
စုပ်ယူခံလိုက်ရတော့သည်။ ဤအချိန်တွ
င် သူတို့ရှေ့၌ မီးတောက်မျက်နှာကြီး
ရုတ်တရက်ပေါ်လာသည်။

ယန်ယဲ့က တိုက်ခိုက်ရန်ပြင်လိုက်စဉ်
နှင်းပွင့်က တားလိုက်သည်။ ထို့နောက်
ချစ်စဖွယ်ပြုံးပြကာ
လက်သီးသေးသေးလေးကိုဆုပ်လျက်
ထိုးချလိုက်သည်။

ဘုန်း...

နှင်းပွင့်၏ လက်သီးသေးသေးလေးမှ

ကြောက်မက်ဖွယ်

ဝိညာဉ်စွမ်းအင်လှိုင်းများ

ထွက်လာသည်။

အုန်း...

ယန်ယဲ့ ကြည့်နေစဉ်မှာပဲ

မီးတောက်မျက်နှာကြီးက

မီးဖိုနံရံနှင့်ပြေးဆောင့်သွားသည်။

သို့သော်လည်း နှင်းပွင့် သည်

ထိုနေရာတွင် မရပ်တန့်ခဲ့ပေ။

မီးတောက်မျက်နှာဆီသို့ ခုန်ဝင်သွားကာ

ဖမ်းကိုင်လိုက်သည်။

အုန်း... အုန်း... အုန်း... အုန်း...

မီးဖိုထဲ၌ ဆူညံသံများ အဆက်မပြတ်ထွက်ပေါ်လာသည်။

ခဏအကြာတွင် ယန်ယဲ့က အော်ပြောလိုက်၏ "နှင်းခဲလေး၊ အခုရပ်လို့ရပြီ"

နှင်းပွင့်က ပါးစပ်ဟလျက် အဆက်မပြတ်စုပ်ယူနေသောကြောင့် မီးတောက်မျက်နှာက မှိန်ဖျော့လာသည်။

နှင်းပွင့်က ရပ်တန့်ပြီး ယန်ယဲ့ကို

စိုက်ကြည့်သည်။ ရပ်တန့်တော့မည်ဟု

ထင်လိုက်သော်လည်း

သူမ၏လက်သီးလေးကို ဆုပ်လျက်

နောက်ပြန်လှည့်ကာ

မီးတောက်မျက်နှာ၏ နှာခေါင်းကို

ဖြတ်ထိုးချလိုက်သည်။

ဘမ်း...

မီးတောက်မျက်နှာက မီးဖိုနံရံကို

ထိမှန်သွားပြန်သည်။

ဤအချိန်တွင် နှင်းပွင့်က

သူမ၏လက်နှစ်ဖက်ကို ပွတ်သပ်ကာ

ယန်ယွဲ့ ထံသို့ ပြန်သွားခဲ့သည်။

ယန်ယွဲ့ သည် တော်တော်လေး

စကားမပြောနိုင်သလိုပင် ။

Translated By NyiNyiSoe

May Be:

...အပိုင်း ၂၄၈၁

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

သူသည် အတော်လေးကို
အံ့သြသွားသည်။

ယန်ယဲ့ သည် အမှန်ပင်
အံ့သြသွားမိသည်။

အသက်ဝိညာဉ်မီးတောက်ကို
အလွယ်လေးဖြေရှင်းနိုင်မည်ဟု သူ
မမျှော်လင့်ထားပေ။

နှင်းပွင့်၏စွမ်းရည်က
လုံးဝကိုကြောက်စရာကောင်းလှသည်။

ယန်ယဲ့က သူ့အားပြုံးပြနေသော
နှင်းပွင့်ကို စိုက်ကြည့်ရင်း
ပြုံးလိုက်သည်။ သူသည် နှင်းခဲလေးကို
လျှော့တွက်မိကြောင်း သိလိုက်သည်။
သူမလေး၏ ခွန်အားက
သူတွေးဖူးသည်ထက် များစွာ
ကြီးမားသည်။

ခဏအကြာတွင် ယန်ယဲ့သည် နှင်းပွင့်ကို မူလစေတီထဲသို့ ပြန်ဝင်ခိုင်းလိုက်သည်။ ထို့နောက် ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။

မီးဖိုအတွင်းပိုင်းရှိနေရာသည် ကြီးမားပြီး နံရံတစ်လျှောက် လျှို့ဝှက်ဆန်းကြယ်သော သင်္ကေတများဖြင့်

ဖုံးအုပ်ထားသည်။ ဤသင်္ကေတများသ

ည် တောက်ပခြင်းမရှိတော့ဘဲ

အလွန်မှိန်ဖျော့နေခဲ့သည်။ ထို့အပြင်

ယန်ယွဲ့ သည် ပြင်းထန်လှသော

စိတ်ဆန္ဒကို

သတိပြုမိခဲ့သည်။ ဓားစိတ်ဆန္ဒ ။

မီးဖိုအတွင်းပိုင်းသည် ထက်မြသော

ဓားစိတ်ဆန္ဒများဖြင့် ပြည့်နှက်နေသည်

။သို့သော် အလွန်တည်ငြိမ်ကာ

ပျံ့ထွက်လာခြင်း လုံးဝမရှိပေ။

အဆုံးတွင်တော့ ယန်ယဲ့၏အကြည့်သည်

သူနှင့်သိပ်မဝေးသောနေရာမှ

မီးတောက်တစ်ခုပေါ်ကို

ကျဆင်းသွားခဲ့သည်။ ဤအချိန်တွင်

မီးတောက်က မှိန်ဖျော့နေပါသည်။

ယန်ယဲ့ သည် ခဏာမျှစဉ်းစားပြီး "ငါ့ကို တစ်ခုခုကူညီပေးပါ၊ ငါမင်းရဲ့လွတ်လပ်ခွင့်ကိုပြန်ပေးမယ်။ အဆင်ပြေလား"

အသက်ဝိညာဉ်မီးတောက် သည် အဆင့်တစ်ခုရှိနေလေရာ ကိုယ်ပိုင်အသိစိတ်ပိုင်ဆိုင်ထားပေသည်။

မှုန်သည်။ ခဏအကြာတွင် ယန်ယွဲ့ဆီသို့ ဖြည်းညှင်းစွာ လွင့်ပျံလာပြီး ခေါင်းညိတ်လိုက်သည်။

ယန်ယွဲ့ သည် မီးတောက်ကို ငုံ့ကြည့်လိုက်ရာ သူ၏အသိစိတ်က အပြည့်အဝ မဖြစ်သေးမှုန်း သိလိုက်သည်။ အကြောင်းမှာ သူနှင့် ကောင်းကောင်းဆက်သွယ်လို့မရသော ကြောင့်ပါ။ သို့သော် ဤကဲ့သို့သော

သက်ရှိများအတွက်

ကိုယ်ပိုင်အသိစိတ်ကို ဖန်တီးရန်

အလွန်ခက်ခဲသောကြောင့်

အခိပ္ပါယ်ရှိပေသည်။

အသက်ဝိညာဉ်မီးတောက် ထံမှ

သဘောတူညီချက်ရလိုက်သည်နှင့်

ကျန်သောအရာများက

သိပ်မခက်တော့ပေ။

ယန်ယွဲ့ သည် အဓိပတိဓားကို
ထုတ်ယူလိုက်သည်။ အဓိပတိဓား
ပေါ်လာသည်နှင့် မီးဖိုအတွင်းရှိ
ငြိမ်သက်နေသော ဓားစိတ်ဆန္ဒများသည်
မတည်မငြိမ်ဖြစ်လာတော့သည်။
အဆုံးတွင် ဓားစိတ်ဆန္ဒအားလုံးသည်
အဓိပတိဓား ထဲသို့
တလဟောစီးဝင်လာပါတော့သည်။
ဤအချိန်တွင် ယန်ယွဲ့ သည်

နတ်ယင်မီးတောက်ကို လျင်မြန်စွာ ထုတ်ယူပြီး အသက်ဝိညာဉ်မီးတောက်နှင့်ပေါင်းစပ်ကာ အဓိပတိဓားကို ဖုံးအုပ်လိုက်သည်။

ထို့နောက်တွင် ယန်ယွဲ့ သည် မီးဖိုထဲမှ ပြန်ထွက်လာခဲ့သည်။ မီးဖိုထဲရှိ ဓားစိတ်ဆန္ဒများသည် သူ့အကန့်အသတ်ထက်ပင်ကျော်လွန်နေသည်။

၎င်းသည် အဓိပတိစား

မွေးဖွားလာချိန်ကတည်းက

ကျန်ရစ်ခဲ့သော

ဒဏ္ဍာရီလာစားတစ်လက်၏

စိတ်ဆန္ဒများပင်ဖြစ်သည်။

မီးဖိုထဲကနေ ပြန်ထွက်လာသည်နှင့်

ယန်ယဲ့သည် အမျိုးသမီးငယ်ကို

တွေ့လိုက်သည်။

သို့သော် အမျိုးသမီးငယ်က သူ့ကို
တစ်ချက်သာကြည့်ပြီး တိတ်ဆိတ်နေ၏။

ယန်ယဲ့ က သတိအပြည့်ဖြင့်
အမျိုးသမီးငယ်ကို စိုက်ကြည့်နေသည်။
နောက်ဆုံးတွင် အမျိုးသမီးငယ်က
ထူးခြားဆန်းသောကြောင့်
အချိန်တိုင်းသတိထားနေမိသည်။
ထို့အပြင် သူမက

စားအပျက်အစီးနယ်မြေဆီသို့ခေါ်ဆောင်

လာသူဖြစ်ရာ အကြောင်းပြချက်

သေချာပေါက် ရှိနေပေသည်။

ယန်ယဲ့ သည် သူ၏အတွေးကို

ထိန်းလိုက်ပြီး "ဘယ်လောက်ကြာမှာလဲ"

ဟု မေးလိုက်သည်။

အမျိုးသမီးငယ်က "ငါမသိဘူး" ဟု
ဂရုမစိုက်သောလေသံဖြင့်
ပြန်ဖြေခဲ့သည်။

ယန်ယဲ့ သည် ခေါင်းညိတ်ပြပြီးနောက်
တင်ပျဉ်ခွေထိုင်ကာ မီးဖိုကို
စိုက်ကြည့်နေသည်။

အဓိပတိဓားး၏ ဓားဝိညာဉ်သာ
အပြည့်အဝနိုးထလာခဲ့လျှင်

ပညာရှင်အဆင့်များက သူ့အတွက်

ပြဿနာမဟုတ်တော့ပေ။

သို့သော်လည်း ဓားဝိညာဉ်

နိုးထလာခြင်းမရှိသော်

ပြီးဆုံးသွားပေမည်။

ယန်ယွဲ့ သည် သူ၏ မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်သည်။

အချိန်များ တရွေ့ရွေ့နှင့်
ကုန်ဆုံးလာ၏။မီးဖိုသည်
အလွန်ငြိမ်သက်နေပြီး အတွင်းမှ
လှုပ်ရှားမှုမရှိပေ။

ဤအချိန်တွင်လည်း အမျိုးသမီးငယ်က
ထွက်မသွားပေ။ သို့သော်လည်း ယန်ယဲ့
သည် ဘာမှ မပြောခဲ့ပေ။

ပတ်ဝန်းကျင် သည် တိတ်ဆိတ်နေ၏။

ဤသို့ဖြင့် အချိန် ၅ ရက်ပင် ကြာမြင့်သွားလေပြီ။

၅ ရက်မြောက်နေ့တွင်တော့ မီးဖိုသည် စတင်တုန်ခါလာသည်။ ယန်ယွဲ့ သည် မတ်တပ်ထရပ်ပြီး မီးဖို ဖက်သို့ လျှောက်သွားရာ အားပြင်းသော စွမ်းအင်လှိုင်းများကို ခံစားလိုက်ရသည်။

ဓားစိတ်ဆန္ဒ လား ။

ယန်ယဲ့ သည်

မျက်မှောင်ကြုတ်လိုက်သည်။ ခဏအ

ကြာတွင် သူသည်

နောက်ပြန်ဆုတ်လာပြီး မီးဖိုနှင့် မီတာ

၃၀၀ ခန့်အကွာမှာ ရပ်နေလိုက်သည်။

မီးဖိုအတွင်းမှ ထွက်ပေါ်လာသော
ဓားစိမ်ဆန္ဒဖိအားက
သူ၏နှလုံးသားကိုပင် အနည်းငယ်
တုန်လှုပ်သွားစေသည် ။

အမျိုးသမီးငယ်က "ဘာလို့ နင့်ကို
ရွေးတာလဲ" ဟု ရုတ်တရက်မေးခဲ့သည်။

"ငါ့ကိုရွေးတာလား" ယန်ယွဲ့က သူမကို
စိုက်ကြည့်ရင်း “သူမ ငါ့ကို မရွေးဘူး”

ယန်ယဲ့ ပြန်ပြောလိုက်သည့် စကားကို
ကြားသောအခါ အမျိုးသမီးငယ်က
မျက်မှောင်ကြုတ်သွားသည်။
သို့သော်လည်း ဘာမှပြန်မပြောပေ။

ဤအတိုင်းပင်၊ နောက်ထပ် ၃
ရက်ကြာသွားပါပြီ။

ဤအချိန်တွင် မီးဖိုတစ်ဝိုက်
အက်ကြောင်းများစွာရှိခဲ့သည်။ ယန်ယဲ့
သည်လည်း နောက်ထပ် မီတာ ၃၀၀
အကွာသို့ ပြန်ဆုတ်လာရသည်။

နောက် ၁ ရက် ကုန်ဆုံးသွားပြန်သည်။

ဒီအချိန်မှာ မီးဖိုတစ်ခုလုံးကား
အက်ကြောင်းများ ပိုကြီးလာပါသည်။
ရံဖန်ရံခါ မီးဖိုထဲမှ ဓားစွမ်းအင်နှင့်

မီးတောက်များ

ထွက်ထွက်လာတတ်သည်။

ဤအတောအတွင်း အမျိုးသမီးငယ်က

ယန်ယဲ့ကို ရုတ်တရက် စူးစိုက်ကြည့်ကာ

"ဓားဝိညာဉ် နိုးထလာတဲ့အချိန်မှာ

နင်ဘာလုပ်ရမလဲ

စဉ်းစားသင့်တယ်"ဟုပြောခဲ့သည်။

ယန်ယွဲ့ သည် အံ့သြသွားပြီး

"မင်းဘာကိုဆိုလိုတာလဲ"

ဤအခိုက်အတန့်တွင် မီးဖိုအတွင်းမှ

ဓားအူသံတစ်သံ ရုတ်တရက်

ထွက်ပေါ်လာသည်။ ဓားအူသံ သည်

အာကာသထဲသို့တိုင် ပျံ့လွင့်ကာ

မရေမတွက်နိုင်သော ကမ္ဘာများထိပင်

ပွဲ့တင်ထပ်သွားလေတော့သည်။

ဤအချိန်တွင် လောကသုံးပါးအနှံ့ မရေမတွက်နိုင်သောကမ္ဘာများပင် ခါးအူသံကို ကြားနိုင်လေသည်။

ယန်ယဲ့၏အမူအရာသည် လုံးဝကို ဆိုးရွားသွားသည်။

အဓိပတိခါး က အသံထုတ်ဖော်လိုက်သောကြောင့်ပင်။

လူတိုင်းက သူ ရှိနေသည့်နေရာကို
သေချာပေါက် ခန့်မှန်းမိကြပေမည်။

မှန်သည်။ သိပ်မကြာလိုက်ပေ၊
လောကသုံးပါးတစ်ခုလုံးရှိ
မရေမတွက်နိုင်သော ကျင့်
ကြံသူများသည် ဓားအူသံ ကြောင့်
အထိတ်တလန့်ဖြစ်သွားကြလေသည်။

" ယန်ယဲ့က အဓိပတိဓား ရဲ့ ဓားဝိညာဉ်ကို

နိုးထလာအောင် ကြိုးစားနေတယ် ..."

ထိုသတင်းစကား

ပြန့်နှံ့လာသည်နှင့်တပြိုင်နက်တွင်

လောကသုံးပါးရှိ ကျင့်ကြံသူတိုင်းဟာ

ငြိမ်သက်မနေနိုင်တော့ပေ။

လက်ရှိယန်ယဲ့ သည် မျိုးနွယ်ခြား

အားလုံးအတွက် သာမန်

ခြိမ်းခြောက်မှုဖြစ်နေရုံလောက်သာ။

လောက၏ အထွတ်အမြတ်ပညာရှင်

မဟုတ်သေးပေ။ သို့သော် ယန်ယွဲ့ သာ

အဓိပတိဓား၏ ဓားဝိညာဉ်ကို

နိုးထနိုင်ခဲ့သော်

မျိုးနွယ်ခြားအားလုံးအတွက်

သေချာပေါက်ကိုကြီးမားသော

ခြိမ်းခြောက်မှုပင်။

အတိတ်က အဓိပတိဓားး၏ ပိုင်ရှင်

ကေရာဇ်ရွှမ်းယွမ်က အထင်ရှားဆုံး

သက်သေသာဓကပင်။

ထိုသို့ဖြစ်ရာ ယန်ယဲ့အား အောင်မြင်ဖို့

ခွင့်မပြုနိုင်ကြပေ။

မျိုးနွယ်ခြားအားလုံးသည် ချက်ချင်းပင်

သဘောတူညီမှုရရှိခဲ့သည်။ ထို့ကြောင့်

မရေမတွက်နိုင်သော

ကျင့်ကြံသူများသည် အချိန်မဆိုင်းဘဲ ဓားအူသံ ထွက်ပေါ်လာသည့်နေရာကို အလျင်အမြန်ရှာဖွေကြတော့သည်။

ဓားအပျက်အစီးနယ်မြေ....

ဤအချိန်တွင် ယန်ယဲ့၏မျက်နှာက လုံး၀ကို မည်းမှောင်နေလေသည်။ အကယ်၍ အဓိပတိဓား၏ ဓားဝိညာဉ်

နိုးထလာခဲ့လျှင် ပြဿနာမဟုတ်ချေ။
သို့သော်လည်း ပြဿနာမှာ ဓားဝိညာဉ်က
နိုးထမလာသေးဘဲ ဓားအူသံကို
ထုတ်လွှတ်လိုက်၏။ သူ့အမြင်အရ
အဓိပတိဓားဟာ
သေလမ်းပို့ချင်နေပုံရသည်။

ဤအချိန်တွင် ယန်ယဲ့ သည်
ထွက်ပြေးချင်နေသလို ခံစားရသည်။

"နင်ထွက်သွားချင်တာလား" အမျိုးသမီး ငယ်က “အရမ်းနောက်ကျသွားပြီလို့ ငါထင်တယ်”ဟု ဆတ်ခနဲ ပြောလိုက်သည်။

စကားဆုံးသည်နှင့် ယန်ယွဲ့၏ ဘယ်ဖက်မလှမ်းမကမ်း၌ သက်လတ်ပိုင်းအမျိုးသားတစ်ဦး ပေါ်လာသည်။ ယန်ယွဲ့က ထိုလူကို

စိုက်ကြည့်နေသည်။....

"..ကောင်းကင်အင်ပါယာအရှင် "

စားအပျက်အစီးနယ်မြေက

ကောင်းကင်ကမ္ဘာနှင့်

အနီးဆုံးဖြစ်နေသောကြောင့်

ကောင်းကင်အင်ပါယာအရှင်က

အရင်ဆုံး သတိထားမိသွားပုံပါ။

ကောင်းကင်အင်ပါယာအရှင်က

ယန်ယွဲ့ကို ကြည့်လိုက်ပြီးနောက် မီးဖိုကို

စိုက်ကြည့်နေသည်။

သူ၏မျက်လုံးထဲ၌လည်း လေးနက်သော

အမူအရာတစ်ခုကို ဖျတ်ခနဲ

မြင်လိုက်ရသည်။

ကောင်းကင်အင်ပါယာအရှင်

ရောက်လာသည်နှင့် တပြိုင်နက်

သူ့နောက်တွင် ကျင့်ကြံသူအုပ်စုတစ်စု

လိုက်လာခဲ့သည်။အားလုံးက

ပညာရှင်များချည်းသာ ဖြစ်သည်။

သိပ်မကြာလိုက်ပေ၊ ကျင့်ကြံသူများ

ပိုပိုပြီးများလာပါတော့သည်။ အချို့က

မျိုးနွယ်ခြားအသီးသီးမှ

စေလွှတ်လိုက်သော

ကျင့်ကြံသူများဖြစ်၏။ အချို့ကတော့

လေလွင့်ကျင့်ကြံသူများပါ။

မည်သို့ပင်ဖြစ်စေကာမူ ဤအချိန်တွင် ယန်ယဲ့ကို မည်သူမျှ သိပ်ပြီးဂရုမစိုက်တော့ပေ။

"အစ်ကိုယန်... " ယန်ယဲ့ သည် လူအုပ်ထဲမှ ရင်းနှီးသောအသံကို ရုတ်တရက်ကြားလိုက်ရသည်။ သူသည် လူသားမျိုးနွယ်ထဲမှ လူတစ်စုဆီသို့ လှမ်းကြည့်လိုက်ရာ လူတစ်ဦးကို တွေ့လိုက်ရသည်။ ထိုလူက

သေဆုံးကမ္ဘာကနေ ခင်မင်လာသော

ချင်ချွမ် ဖြစ်နေ၏။

ချင်ချွမ် အပြင်

ရှာမန်မျိုးနွယ်၏ညဏ်ကြီးရှင် အားမန်၊

နတ်ဆိုးမျိုးနွယ်၏ ညဏ်ကြီးရှင်

အရှူးဆေဘာ၊ကောင်းကင်မျိုးနွယ်၏

ညဏ်ကြီးရှင် ယုကျင်း ကဲ့သို့

သေဆုံးခြင်းကမ္ဘာမှာခင်မင်လာသော

လူတိုင်း ရောက်လာခဲ့ကြသည်။

အားလုံးက

သူ၏အရင်းနှီးဆုံးမိတ်တွေများချည်းသာ

။ သို့သော် လက်ရှိအခြေအနေအရ

ပြဿနာဖြစ်နေသောကြောင့်

ပြန်ပြီးနှုတ်ဆက်မနေတော့ပေ။

ဤအချိန်တွင် ချင်ချွမ်က ယန်ယဲ့ ဆီသို့

လျှောက်လာပြီး ပြုံးကာ "မင်းက

ဓားဝိညာဉ်ကို နိုးထစေတယ်လို့ သူတို့က

ပြောကြတယ်။ ဒီတော့ ငါ့ဘိုးဘေးနဲ့အတူ

လိုက်လာခဲ့တာပဲ။ မင်းဒီမှာ တကယ်ရှိဖို့ ငါ မမျှော်လင့်ထားဘူး"

ယန်ယဲ့ က ပြုံးပြီးပြောလိုက်သည် "ဒါက မင်းရဲ့မျိုးနွယ်စုအတွက် အများကြီး ဒုက္ခဖြစ်စေနိုင်တယ်ဆိုတာ သဘောပေါက်လား"

ချင်ချွမ် က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။ ထို့နောက်

ယန်ယဲ့၏ လက်ထဲကို

ကျောက်တုံးတစ်တုံး တွန်းပို့ပေးကာ

"လေဟာနယ်ကျောက်တုံး

။ ငါ့ဘိုးဘေးက ငါ့ကိုယ်ငါ ကာကွယ်ဖို့

နည်းလမ်းတစ်ခုအနေနဲ့ ပေးထားတာ။

ဒါကို သုံးလိုက်တာနဲ့

မင်းက ကျပန်းတယ်လီပို့နိုင်တယ်။

ပညာရှင်တွေတောင်မှ ဒါကို

မတားနိုင်ဘူး။

ပြီးတော့ မင်းရဲ့ကိုယ်ပိုင်
စားနယ်မြေ၊အာကာသနိယာမ နဲ့
အမှောင်တာအိုဥပဒေသတွေကို
ပေါင်းစပ်သုံးလိုက်ရင် လွတ်မြောက်ဖို့က
လွယ်သွားပြီ"

ယန်ယဲ့ သည် လေဟာနယ်ကျောက်တုံးကို
ငုံ့ကြည့်လိုက်ပြီး သူ့နှလုံးသား
နွေးထွေးသွား၏ ။ သို့သော်လည်း
သူသည် တဟားဟားရယ်ပြီး

“ညီငယ်ချင်ချွမ်၊ မင်းရဲ့စေတနာကို အသိအမှတ်ပြုပါတယ်။ ဒါပေမဲ့ ဒါဟာ အလုပ်မဖြစ်ဘူး”

"ကြိုးစားကြည့်လိုက်" ချင်ချွမ်က ယန်ယဲ့ကို တည့်တည့်စိုက်ကြည့်ပြီး "မင်းကို ကူညီဖို့ တခြားနည်းလမ်း မရှိတော့ဘူး။ တခြားသာမန်လူတစ်ယော က်နဲ့ရင်ဆိုင်ရရင်တော့ အတူတူ တိုက်ပွဲဝင်နိုင်သေးတယ်။ အခုက

ဒီနေရာကို ပညာရှင်တွေချည်းပဲ ဝိုင်းရံထားတယ်။ ဒါကြောင့် မင်းကို ထွက်ပြေးဖို့ပဲ ငါကူညီနိုင်တယ်"

"ထွက်ပြေးမလား" ဤအချိန်တွင် အဝေးမှ အသံတစ်သံ ရုတ်တရက် ထွက်လာသည် "မင်းမှာ အခွင့်အရေးမရှိမှာကို ငါစိုးရိမ်မိတယ်။ လူတိုင်း၊ ယန်ယဲ့က အဓိပတိဓားရဲ့ ဓားဝိညာဉ်နဲ့ အတော်လေး

နီးစပ်တယ်ဆိုတာ မင်းတို့သိမှာ

သေချာပါတယ်။ ငါတို့က သူ့ကို

အရင်မသတ်ရင်

ဓားဝိညာဉ်နိုးလာပြီပဲထား။ သူမက

ယန်ယွဲ့ကို

ရွေးလိုက်ရင်ဘယ်လိုလုပ်ကြမလဲ။ ဒါဆို

ငါတို့အကုန်လုံး ငရဲသွားရလိမ့်မယ်"

ထိုစကားကြားသောအခါ လူတိုင်းက

ယန်ယွဲ့ကို စိုက်ကြည့်နေကြသည်။

Translated By NyiNyiSoe

May Be:

...အပိုင်း ၂၄၈၂

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ဤနေရာတွင် ပညာရှင် ပေါင်း

ဒါဇင်ချီရောက်နေမှန်း

သိသာ၏။ ဤအခိုက်အတန့်တွင် ယန်ယဲ့

သည် လူတိုင်း၏ အကြည့်များမှ

ဖိအားများကို ခံစားမိလိုက်သည် ။

ဒါဇင်ချီသော ပညာရှင်များ၏

အကြည့်ကို ခံနေရသဖြင့်

မမြင်နိုင်သောဖိအားကို

ခံစားရလေသည်။

သို့သော်လည်း ယန်ယဲ့ သည်
ထိုမျှလောက်ဖြင့် တုန်လှုပ်မသွားပေ။

ဒါဇင်ချီတဲ့ ပညာရှင်တွေလား ။

သူသည် ဂရုမစိုက်ခဲ့ပေ။

ဤအချိန်တွင် အားလုံးက ယန်ယဲ့ကို
စိုက်ကြည့်နေသည့်တိုင် မည်သူမျှ
တိုက်ခိုက်ခြင်း

မရှိသေးပါ။ အကြောင်းပြချက်က

အလွန်ရိုးရှင်းပါသည်၊

သူတို့၏အမြင်အရတော့ ယန်ယဲ့ သည်

သာမန်လူမဟုတ်ပေ။ အကယ်၍

ယန်ယဲ့ကို ဝိုင်းရံတိုက်ခိုက်လျှင်

ဆန်းကြယ်သောတည်ရှိမှုများကို

စော်ကားရာရောက်ပြီး

လက်စားချေခံရပေမည်။ထို့ကြောင့်

မည်သူမျှ
အရင်ဦးဆုံးမတိုက်ခိုက်ကြပေ။

ဤသို့ဖြင့် ပတ်ဝန်းကျင်ရှိ
အငွေ့အသက်သည်
အနည်းငယ်ပင်ငြိမ်သက်သွား၏။

ရုတ်တရက် ရွှေရောင်ဝတ်ရုံဝတ်
လူလတ်ပိုင်းတစ်ယောက်က
ရှေ့ထွက်လာပြီး

“ငါတို့မျိုးနွယ်အားလုံးက သူ့ကို ဘယ်လိုဆက်ဆံခဲ့တယ်ဆိုတာ မေ့သွားပြီလား”

စကားပြောလိုက်သူက လူသားအင်ပါယာအရှင် ။

လူတိုင်းက သူ့စကားအား နားထောင်နေသည်ကို မြင်သောအခါ လူသားအင်ပါယာအရှင် က ပြုံးပြီး

“မင်းတို့အားလုံး

ကိုယ်ပိုင်အကြံဉာဏ်တွေရှိထားမှာ

သေချာပါတယ်။ သူက

ကြီးကျယ်ခမ်းနားတဲ့လူတော့

မဟုတ်ဘူး။

ဒီတော့ မင်းလုပ်ခဲ့သမျှအတွက်

သူလက်စားချေမှာကို

တွေးပြီးမကြောက်ဘူးလား။ ဟုတ်ပြီ၊

အခုအချိန်မှာ သူက ဈာန်အဆင့်

ပဲရှိသေးလို့ထားပါ။ ဒါပေမဲ့ သူသာ

ပညာရှင် ဖြစ်သွားရင်

ဘာတွေဖြစ်လာမလဲဆိုတာ

မင်းတို့စဉ်းစားပြီးပြီလား။ အဲဒီအချိန်ကျ

ဖန်ဆင်းရှင် တွေကလွဲရင် ငါတို့ထဲက

တစ်ယောက်ယောက်ကများ

သူ့ကိုသတ်နိုင်ပါတော့မလား။

ငါ့အထင်ပြောရင်တော့ ပညာရှင် ၁၀

ပါးတောင်မှ သူ့ကို မသတ်နိုင်တော့ဘူး”

ထိုစကားကိုကြားသောအခါ

အတော်များများက

မျက်မှောင်ကြုတ်သွားသည်။လူသားအင်

ပါယာအရှင်က ယန်ယွဲ့ကို ရင်ဆိုင်ဖို့

လူတိုင်းအား အသုံးချချင်နေသည်။

သို့သော် သူပြောလိုက်သည့်စကားက

မမှားပေ။

မျိုးနွယ်ခြားအားလုံးသည် ယန်ယွဲ့ကို

သတ်ရန်

ခွန်အားရှိနေဆဲပင်။ သို့သော်လည်း ယန်ယွဲ့ သာ အပြည့်အဝ အင်အားကြီးလာခဲ့ရင် ဖန်ဆင်းရှင် သာလျှင် သတ်နိုင်ပေတော့မည်။

ဤအချိန်တွင် လူသားအင်ပါယာအရှင် က  ပြုံးပြီး "နတ်မျိုးနွယ်က လောကသုံးပါး မှာ ပြန်ပေါ်လာပြီဆိုတာ မမေ့ပါနဲ့။ အခုပဲ ငါတို့ အချင်းချင်း တိုက်ခိုက်ဖို့ ကြံစည်နေမယ် ဆိုရင်တော့

အနာဂတ်မှာ အကုန်လုံး

ပျက်သုဉ်းဖို့ပဲရှိလိမ့်မယ်"

လူအုပ်ထဲမှ တစ်ယောက်က

ရုတ်တရက်ပြောလိုက်၏

"အတူတူတိုက်ခိုက်ကြရအောင်"

လူသားအင်ပါယာအရှင် က

ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။ အခြားပညာ

ရှင်များက ခေါင်းညိတ်ကာ

သဘောတူညီကြောင်း ပြကြသည်။

ဤအချိန်တွင် လူသားအင်ပါယာအရှင်

က ယန်ယဲ့ကို စိုက်ကြည့်ကာ ပြုံးရင်း

“ယန်ယဲ့၊ မင်းရဲ့ သေဆုံးခြင်းက

ထိုက်တန်ပါတယ်။တကယ်တော့

ပညာရှင် အတော်များများက မင်းကို

ဝိုင်းပြီးတိုက်ခိုက်နေကြတာ။ ဒါဟာ

တကယ့်ကို မကြုံစဖူး ဂုဏ်ယူစရာပါပဲ”

ယန်ယဲ့ သည် လူသားအင်ပါယာအရှင်ကို

စိုက်ကြည့်ပြီး "ငါ

မင်းလိုသောက်ရူးကောင်နဲ့

စကားမပြောချင်ဘူး" ဟု

အေးစက်စက်ပြောလိုက်၏။

ထို့နောက် သူ့လက်ဝါးကို လှန်ပြီး

စစ်နတ်ဘုရားလှံကို ထုတ်ယူလိုက်သည် ။

ထွက်ပြေးမလား

လုံးဝကို မဖြစ်နိုင်သလောက်ပါ။

ထို့ကြောင့် တိုက်ခိုက်ဖို့သာ ကျန်တော့၏။

"စစ်နတ်ဘုရားလို့...." လူသားအင်ပါယာ
အရှင်က
ရုတ်တရက်အံ့ဩသွားပြီးနောက်  “ဒါကို
မြင်လား။ သူက နတ်မျိုးနွယ်နဲ့

တကယ်ပဲပူးပေါင်းထားတယ်။ နတ်မျိုးနွယ်ရဲ့ စစ်နတ်ဘုရားလို့ တောင်မှ သူ့လက်ထဲမှာ ရှိတယ်။ သူ..."

"သောက်ပိုတွေရပ်လိုက်တော့..." ယန်ယဲ့က ရုတ်တရက်ပြောလိုက်သည်
"ငါယန်ယဲ့က နတ်မျိုးနွယ်နဲ့ ပူးပေါင်းထားတယ်။
မင်းသောက်ကြောင်းလား၊ မကြိုက်ရင် လာသတ်လှည့်”

လူသားအင်ပါယာအရှင်၏

မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားပြီး

“မင်းဆန္ဒအတိုင်း...”

ယန်ယဲ့၏ပုံရိပ်က

နေရာမှာပင်ပျောက်သွားသည်။ ထို့နောက်

စစ်နတ်ဘုရားလှံ ကိုင်ထားလျက်ဖြင့်

လူသားအင်ပါယာအရှင်၏

အထက်၌ပေါ်လာခဲ့သည်။

ဓားအူသံတစ်သံ ထွက်ပေါ်လာပြီးနောက်

ဓားတစ်လက်က စစ်နတ်ဘုရားလုံ့ ကို

ပင့်ခုတ်လိုက်သည်။

ဘမ်း...

တိုက်ခိုက်ရာမှ ပြင်းထန်သော
အားလှိုင်းကြောင့် ယန်ယဲ့ သည်
နောက်ပြန်လွင့်ထွက်သွားသည်။
လူသားအင်ပါယာအရှင် က မီတာ ၃၀၀
အကွာသို့ ပြန်ဆုတ်သွား၏။

ဤမြင်ကွင်းအား မြင်သောအခါ
ပညာရှင်အားလုံး၏ မျက်နှာများသည်
မှုန်ကုပ်ကုပ် ဖြစ်သွားသည်။

ယန်ယဲ့ သည် ပညာရှင်တစ်ပါးကို အမှန်ပင်ထိပ်တိုက်ရင်ဆိုင်နိုင်ခဲ့သည်။ ထို့အပြင် ယန်ယဲ့ သည် ဈာန်အဆင့် သာရှိနေသေး၏။ အကယ်၍ သူသာ ပညာရှင်အဆင့် ရောက်သွားခဲ့ရင် ......

"ကောင်းကင်တိမ်နဂါး လား..."

ကောင်းကင်အင်ပါယာအရှင် က ရုတ်တရက် အနည်းငယ် မျက်မှောင်ကြုတ်လိုက်သည်။

သူ့အကြည့်များက
ယန်ယွဲ့၏နောက်ကွယ်ရှိ
ရောမအဖြူရောင်နဂါးကြီး ပေါ်ကို
ဆင်းသက်လာသည်။

အခြားမဟုတ်ပေ၊ ကောင်းကင်တိမ်နဂါး
သည် ကောင်းကင်မျိုးနွယ်၏
အုပ်ထိန်းသူသက်တော် ဖြစ်နေလို့ပါ။

အခြားသော ဘိုးဘေးအချို့လည်း သတိပြုမိကြသည်။ လူတိုင်းက ကောင်းကင်အင်ပါယာအရှင်ကို စိုက်ကြည့်နေကြသည်။

ကောင်းကင်အင်ပါယာအရှင်က "ငါ့ရဲ့ကောင်းကင်မျိုးနွယ်မှာ အုပ်ထိန်းသူမရှိဘူး"

သူသည် ကောင်းကင်မျိုးနွယ်နှင့်

ယန်ယဲ့ကြားတွင်

မည်သည့်ချိတ်ဆက်မှုမျိုးမှမရှိစေချင်

ပေ။

လူတိုင်းက

ထိုစကားကိုကြားလိုက်သည်နှင့်

သူတို့၏အကြည့်များကို အဝေးသို့

ရွှေ့လိုက်ကြသည်။ တစ်ချိန်တည်းမှာပင်

လူအုပ်ထဲမှ တစ်ယောက်က

လှူသားအင်ပါယာအရှင်ကို

စူးစိုက်ကြည့်ကာ အပြုံးနှင့်

“လှူသားအင်ပါယာအရှင်၊ ငါတို့က

အတူတူ တိုက်ခိုက်သင့်တယ်လို့

ငါထင်တယ်။ မင်းကိုယ်တိုင်သတ်ဖို့က

တော်တော်ခက်ခဲလိမ့်မယ်"

ယန်ယဲ့ သည် ထိုစကားပြောလိုက်သူကို

အေးစက်စက်စိုက်ကြည့်ကာ

"ရှာမန်ကေရာဇ်၊ ဒီလိုလှည့်စားရတာကို မင်းမရှက်ဘူးလား"

ရှာမန်ကေရာဇ် က တဟားဟားရယ်ပြီး “အဲဒါ

မမှန်ဘူးလား။ လူသားအင်ပါယာအရှင်၊ ရိုးရိုးသားသားပြောရရင် မင်းသူ့ကိုအနိုင်ယူဖို့ အခွင့်အရေးမရှိဘူး၊ ဒုတိယမျိုးဆက်ကို မရှုံးပါစေနဲ့”

လူသားအင်ပါယာအရှင်က ပြုံးပြီး
“မင်းပြောတာ မှန်ပါတယ်။ ဒီလိုဆိုတော့
အတူတူ တိုက်ခိုက်ကြရအောင်”

အဘိုးကြီးတစ်ယောက်က ရုတ်တရက်
"ကောင်းပြီ၊ ငါတို့ရဲ့ ပုဂ္ဂိုလ်ရေးအရ
ရန်ငြိုးကို ဘေးဖယ်ပြီး သူနဲ့
အရင်ဖြေရှင်းရအောင်"

လူတိုင်း ခေါင်းညိတ်ပြီးနောက်
ဒါဇင်ချီသော ပညာရှင်အော်ရာများက
ယန်ယဲ့ဆီသို့ကျဆင်းသွားသည်။

ဤအချိန်တွင် ဓားမီးဖိုက ရုတ်တရက်
ပြင်းထန်စွာ တုန်ခါသွားသည်။

အုန်း....

ထို့နောက်တွင်တော့ ပေါက်ကွဲသွားသည်။

ဤအချိန်တွင် ယန်ယဲ့ကို မည်သူမျှ ဂရုမစိုက်အားကြပေ။ မီးဖိုထဲကနေ ဓားတစ်ချောင်း ထွက်လာသည်ကို မြင်ပြီးနောက် လူတိုင်း ရပ်တန့်ကာ စောင့်ကြည့်နေကြသည်။

...."အဓိပတိဓား "

လူတိုင်း၏ မျက်လုံးများက

အရောင်တောက်လာသည်။

အဓိပတိဓား...

လောကသုံးပါး၏ နံပါတ်တစ်ရတနာ။

စကြာဝဠာ၏ အမြင့်မြတ်ဆုံးသော

နတ်လက်နက်ပင်တည်း ။

လူသားအင်ပါယာအရှင်က ရှေ့ကို

ရုတ်တရက် လျှောက်လာသည်

။ ဤမြင်ကွင်းကြောင့် လူတိုင်း

မျက်မှောင်ကြုတ်ကုန်သည်။

လူသားအင်ပါယာအရှင် က ခဏရပ်ကာ

"လူတိုင်း၊ သူ့မှာ

ကိုယ်ပိုင်အသိစိတ်ရှိတယ်။

ဘယ်သူ့ကိုရွေးချယ်မလဲဆိုတာက

ပြောဖို့ခက်တယ်။ ဒါဆို အင်အားသုံး

ရယူဖို့ ကြိုးစားဖို့ဆိုရင်တော့ အားလုံး

မေ့ထားသင့်တယ်လို့

ထင်ပါတယ်။ ငါလည်း အဲဒါကို

မကြိုးစားဘူး။ဘယ်သူကိုရွေးမလဲဆိုတာ

ကံကြမ္မာကပဲ

ဆုံးဖြတ်ခွင့်ပေးလိုက်ပါ။ အဆင်ပြေလား

"

လူတိုင်း အကြည့်ချင်းဖလှယ်ကြသည်။

ခဏအကြာတွင်

ကန့်ကွက်သူမရှိကြောင်း
ခေါင်းညိတ်ပြကြသည်။

အဓိပတိဓားက လေထုထဲတွင်
လွင့်မျောနေ၏။ လူတိုင်းက
မျက်တောင်မခတ်စတမ်း
ကြည့်နေကြသည်။ ယန်ယဲ့ လည်း
အလားတူပင်။

ထို့အပြင်....

ဖိအား ။

လူတိုင်း အမျိုးအမည်မသိ၊
ပုံသဏ္ဍာန်မရှိသော ဖိအားပုံစံတစ်ခုကို
ခံစားလိုက်ရသည်။

ဤအချိန်တွင် လူသားအင်ပါယာအရှင်
က ရုတ်တရက် “ဓားဘုရင်(အဓိပတိဓား)
မင်းဟာ မျိုးနွယ်စုပေါင်းစုံကို

ကယ်တင်ဖို့အတွက်

မွေးဖွားလာတဲ့သူပါ။ အခု နတ်မျိုးနွယ်က

ပြန်ပေါ်လာပြီ။ မင်း ငါတို့ကို ထပ်ပြီး

ကူညီပေးမယ်လို့

မျှော်လင့်ပါတယ်။ ငါတို့က

အင်အားစုတွေပူးပေါင်းပြီး ဒီလောကကို

ငြိမ်းချမ်းလာအောင်

နတ်မျိုးနွယ်ကိုဖျက်ဆီးကြမယ်။

အဆင်ပြေလား"

အဓိပတိဓားက ထိုနေရာတွင် ပျံဝဲနေပြီး

မည်သည့်တုံ့ပြန်မှုမှ မရရှိပါ။

ခဏအကြာတွင် ယန်ယဲ့အား

ဓားအပျက်အစီးနယ်မြေ ဆီသို့

ပို့ဆောင်ပေးခဲ့သော အမျိုးသမီးငယ်

ထံသို့ ရုတ်တရက် လွင့်မျောသွားသည်။

အမျိုးသမီးငယ်က အဓိပတိဓား ကို

စိုက်ကြည့်ရင်း “ဘာလဲ။ နင်ငါ့ကို ဝါးမျိုဖို့

ကြံစည်နေတာလား"ဟုပြောလိုက်သည်။

အဓိပတိဓား၏ ဓားထိပ်ဖျားက

အမျိုးသမီးငယ်၏

နဖူးကိုဖိကပ်သွားသည်။ သူမက

ဘာမှထပ်မပြောဘဲ ဓားကိုသာ

ကြည့်နေလိုက်သည်။

ခဏအကြာတွင် ဓားကိုယ်ထည်မှ

ကြည်လင်ငြိမ့်ညောင်းသောအသံတစ်သံ

ထွက်ပေါ်လာသည် "နင့်ကို

ဝါးမျိုလိုက်ရင် သေချာပေါက်

အကျိုးရှိတယ်။ ဒါပေမဲ့ နင့်ရဲ့

ကိုယ်ပိုင်အသိဉာဏ်ကို

ပိုင်ဆိုင်ထားပြီဆိုတော့ ဒါဟာ

နင့်ရဲ့ကံကြမ္မာနဲ့

ကံကောင်းခြင်းပါပဲ။ ထွက်သွားပါ၊

ဒီလောကမှာ ဝင်ပြီးမစွက်ဖက်နဲ့။

ကျင့်ကြံဖို့ပဲ အာရုံစိုက်လိုက်ပါ။

တစ်နေ့နေ့မှာ နင်က အဆင့်တစ်ခုကို

သေချာပေါက် တက်လာနိုင်လိမ့်မယ်"

“နင်က ငါ့ရဲ့အတားအဆီးပဲ”

အမျိုးသမီးငယ်က

ခဏကြာအောင်တိတ်ဆိတ်နေပြီးနောက်

ပြန်ပြောခဲ့သည်။ " နင်ရှိနေတဲ့ချိန်မှာ

ငါဘယ်တော့မှ ခြေတစ်လှမ်း

ထပ်မတိုးနိုင်တော့ဘူး"

"နင်မှားတယ်" အဓိပတိဓား က “ငါက

နင့်ရဲ့လမ်းမှာ အတားအဆီး မဟုတ်ဘူး၊

နင်ကိုယ်တိုင်က

အတားအဆီးပဲ။ ကိုယ့်ကိုကိုယ်

အနိုင်ယူလိုက်ပါ၊ နင့်ရဲ့နှလုံးသားဟာ

လွတ်လပ်လာလိမ့်မယ်။ နင့်ရဲ့နှလုံးသား

က လွတ်လွတ်လပ်လပ်နဲ့

ရှေ့ဆက်တိုးနေရင်

အချိန်တစ်ခုပဲလိုလိမ့်မယ်”

အမျိုးသမီးငယ်က အဓိပတိအားကို

တည့်တည့်စိုက်ကြည့်ကာ

“ဘာလို့လဲ။ ငါ့ကို

အခုချက်ချင်းဝါးမျိုလိုက်ရင်

နင်ဘာတွေရလာမယ်ဆိုတာ

သိထားတယ်မဟုတ်လား။ ဒါဆို

ဘာလို့လက်လျှော့လိုက်တာလဲ"

အဓိပတိဓားက “နောင်မှာ
နှင်နားလည်လိမ့်မယ်။ ထွက်သွား၊
ဒီစကြာဝဠာကနေ အပြီးထွက်သွားတော့။
တတ်နိုင်သမျှ ဝေးဝေးသွားပါ”

အမျိုးသမီးငယ်က အဓိပတိဓား ကို
အချိန်အတော်ကြာ စိုက်ကြည့်ပြီးနောက်
လှည့်ထွက်သွားလေသည်။

သူမကို မည်သူမျှ မတားခဲ့ပေ။

ယန်ယဲ့ရှေ့ကို
ဖြတ်လျှောက်သွားသောအခါ
ရုတ်တရက်ရပ်လိုက်ပြီး
"နင်အသက်ရှင်ချင်ရင်
နင့်ကိုရွေးခိုင်းလိုက်"

ထိုစကားပြောပြီးနောက်
အမျိုးသမီးငယ်၏ပုံရိပ်က

အနည်းငယ်တုန်လှုပ်သွားပြီး
ကောင်းကင်ထက်သို့
ပျောက်ကွယ်သွားသည်။

ငါ့ကိုရွေးခိုင်းမလား ။.... ယန်ယွဲ့သည်
ရယ်မောလိုက်သည်။ အဓိပတိဓား က
သူ၏အမူအကျင့်နှင့် လုံး၀ မကိုက်ညီပါ။
၎င်းက လူသတ်ဓားတစ်လက်
မဟုတ်သော်လည်း သူသည်
သတ်ဖြတ်ခြင်းဓားသမားဖြစ်နေ၏။

မည်သို့ပင်ဖြစ်စေ ယန်ယဲ့ သည်
စမ်းကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

ထို့နောက် အဓိပတိဓား ကို
စိုက်ကြည့်နေသည်။ ဓားထဲမှ
အသံတစ်သံက "နင့်ရဲ့အကူအညီအတွက်
ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့
ငါတို့ကြားက ကံကြမ္မာက
ဒီမှာပဲအဆုံးသတ်တယ်"

ယန်ယဲ့ သည်

ချက်ချင်းမျက်နှာပျက်သွားသော်လည်း

အပြင်ပန်းတွင်ပေါ်မလာအောင်တော့

ထိန်းထားလိုက်၏။

အဓိပတိဓားက သူ့ကို ငြင်းပယ်ခဲ့တယ်။

ထိုစကားကို ကြားသောအခါ လူတိုင်း

သက်ပြင်းချကြသည်။ ကံကောင်းထော

က်မစွာပဲ အဓိပတိဓား က ယန်ယွဲ့အား

မရွေးချယ်ခဲ့ပေ။ မဟုတ်လျှင် အားလုံး

ဒုက္ခရောက်ပြီဖြစ်သည်။

ဤအချိန်တွင်

လူသားအင်ပါယာအရှင်က

ရုတ်တရက်ပြောလိုက်သည် "ငါတို့

အတူတူနေလာတာ

အချိန်အတော်ကြာပြီ…"

အဓိပတိဓား သူ့ကို

စကားဖြတ်ပြောခဲ့သည်

"ဧကရာဇ်ရွှမ်းယွမ်ကို

ဘာလို့ရွေးချယ်ခဲ့တာလဲ သိလား"

သူမက "ဘာလို့လဲဆိုတော့ အဲဒီတုန်းက

သူ့စိတ်ထဲမှာ တကယ်ပဲ

လူသားမျိုးနွယ်အကြောင်း တွေးနေတာ။

သူ့မှာ တစ်ကိုယ်ကောင်းဆန်တဲ့

အတွေးတွေ အများကြီး

မရှိဘူး။ နင့်အနေနဲ့ကတော့ အပေါ်ယံက
လူသားမျိုးနွယ်အတွက် တွေးနေတာ၊
တကယ့်တကယ်ကျတော့
ကိုယ့်ကိုယ်ကိုပဲစဉ်းစားနေတယ်"

လူသားအင်ပါယာအရှင်၏ အမူအရာက
အနည်းငယ်ဆိုးရွားသွားသည်။

အဓိပတိဓား က ဂရုမစိုက်ဘဲ
ဆက်ပြောသည် "နင့်အမြင်မှာ

ဂုဏ်သတင်းက

နှင့်လက်အောက်ခိုဝင်နေတဲ့သူတွေအတွ

က်ပဲ။ ကျန်တဲ့သူတွေက

သတ်ပစ်ဖို့ပဲတန်တယ်။ တကယ်တော့ ဒါ

ဂုဏ်ယူစရာ

မဟုတ်ဘူး။ ကြီးမြတ်ခြင်းဆိုတာက

သည်းခံတာ၊ အသိဉာဏ်ကြွယ်ဝတာ နဲ့

ကိုယ်ကျိုးမဖက်တာပဲ။ ဒါပေမဲ့ နှင့်မှာ

အဲဒါတစ်ခုမှ မရှိဘူး"

လူသားအင်ပါယာအရှင် က

တိုးညှင်းသောလေသံဖြင့် “ဒီလောကမှာ

ဒီလိုလူမျိုးကို မင်းဘယ်တော့မှ

မတွေ့နိုင်လောက်ပါဘူး ”

ဟုပြန်ပြောခဲ့သည်။

ရုတ်တရက် ယန်ယွဲ့၏ရင်ဘတ်မှ

ခေါင်းဖြူဖြူလေး တိုးထွက်လာသည်။

ခေါင်းသေးသေးလေးက

ပတ်ပတ်လည်ကို လှမ်းကြည့်ပြီးနောက်

သူမ၏အကြည့်များက အဓိပတိဓား

ပေါ်သို့

ကျဆင်းသွားသည်။ ခဏအကြာတွင်

ခုန်ထွက်လာကာ အဓိပတိဓားကို

လက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်လိုက်လေသည်။

"မင်းဘယ်လိုလုပ်ရဲသလဲ"

ဒေါသတကြီးအော်သံ

ရုတ်တရက်ထွက်ပေါ်လာပြီးနောက်

အဘိုးကြီးတစ်ယောက်က လက်ကို ဆန့်ပြီး နှင်းပွင့်ကို ဖမ်းဆုပ်လိုက်သည်။

ယန်ယဲ့၏ အမူအရာက သိသိသာသာ ပြောင်းလဲသွားသည်။ သူ တိုက်ခိုက်ခါနီးတွင်တော့ နှင်းပွင့်က အဓိပတိဓားကို ရှေ့သို့လှမ်းထိုးလိုက်၏။

ဤအချိန်တွင် ပတ်ဝန်းကျင်သည် တိတ်ဆိတ်သွားသည်။

လူတိုင်း၏ မျက်လုံးများက
မယုံကြည်နိုင်မှုတို့အပြည့်နှင့်ပါ။

အဘိုးကြီး၏ခန္ဓာကိုယ်က
အလယ်တည့်တည့်ကနေ
နှစ်ခြမ်းကွဲသွားကာ သွေးများ၊
ကိုယ်တွင်းအင်္ဂါများ မြေပြင်ပေါ်သို့
ဖျန်းခနဲ ဖျန်းခနဲ ပုံကျသွားသည်။

နှင်းပွင့်က မျက်တောင်ခတ်ပြီး

သူမ၏လက်ထဲမှ အဓိပတိဓားကို

တစ်ချက်ကြည့်လိုက်တယ်။

"ဓားက ဒီလောက်

အစွမ်းထက်သလားဟုတွေးနေပုံပါ"

ထို့နောက် တစ်ခုခုကို တွေးမိသည့်အလား

လူသားအင်ပါယာအရှင်

ကိုစူးစိုက်ကြည့်နေသည်။ ထိုခဏလေး

မှာပဲ အဓိပတိဓားကို ကိုင်လျက်

လူသားအင်ပါယာအရှင် ဆီသို့
ခုန်ဝင်သွားလေတော့သည်။

လူသားအင်ပါယာအရှင်၏ အမူအရာက
ပြောင်းလဲသွားသည် "သောက်ကျိုးနည်း။
ငါဘာမှမလုပ်ဘူးလေ"

Translated by NyiNyiSoe
May Be:
...အပိုင်း ၂၄၈၃

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

လူသားအင်ပါယာအရှင် သည်

သဘာဝအတိုင်း နှင်းပွင့်ကို မကြောက်ပါ၊

အဓိပတိဓားကိုသာ

ကြောက်ရွံ့နေခဲ့သည်။

၎င်းသည်
လောက၏အမြင့်မြတ်ဆုံးနတ်ရတနာပင်
မဟုတ်ပါလား။

အမှန်တော့ လူသားအင်ပါယာအရှင်
တစ်ယောက်တည်းတော့ မဟုတ်ပေ၊
လူတိုင်းက အဓိပတိဓားကို
ကြောက်ရွံ့ကြသည်။

သို့သော် ထိုအကောင်ငယ်လေးက

ဒဏ္ဍာရီလာနတ်ရတနာကို

မည်သို့ထိန်းချုပ်နိုင်သည်းဟူသော

အကြောင်းအား

ပိုပြီးသိချင်နေခဲ့သည်။ လုံးဝအစိပ္ပါယ်မ

ရှိခဲ့ပါ။

ယန်ယဲ့ သည် နှင်းပွင့်ကို

တားဆီးလိုက်သဖြင့်

လူသားအင်ပါယာအရှင်ကို

မတိုက်ခိုက်ခဲ့ပေ။

အဓိပတိဓားက

နတ်ရတနာဖြစ်သော်လည်း နှင်းပွင့်က

လူသားအင်ပါယာအရှင်ကို

ယှဉ်နိုင်မည်လား။

မဖြစ်နိုင်သလောက်ပင်။သူတို့ကြားရှိ

ကွာဟချက်က ကြီးမားလှသည်။ ယန်ယဲ့

သည့် နှင်းပွင့်ကို
ဘာအန္တရာယ်မှမဖြစ်စေလိုပေ။

နှင်းပွင့်က ယန်ယဲ့အား အံ့သြသော
မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။

ယန်ယဲ့ က ပြုံးပြီးပြောလိုက်သည် “ကဲ...
အခု ဖွက်ထားလိုက်၊ အဆင်ပြေလား”

နှင်းပွင့်က လူသားအင်ပါယာအရှင် ကို တစ်ချက်ကြည့်လိုက်ပြီးနောက် သူမ၏ဓားကို ဝှေ့ယမ်းလိုက်သည်။

ယန်ယဲ့က ပြုံးပြီး "ငါ့ကို လုပ်ခွင့်ပေးပါ"

နှင်းပွင့်က မျက်တောင်ခတ်ပြီး ဓားကို ယန်ယဲ့ထံ အပ်လိုက်သည်။ ယန်ယဲ့ သည် ခဏတုံ့ဆိုင်းသွားပြီးနောက် အဓိပတိဓားကို ဆုပ်ကိုင်ဖို့

ကြိုးစားလိုက်သည်။ သို့သော်
အဓိပတိဓားကို တစ်လက်မမျှပင်
မမနိုင်တော့ပေ။

ယန်ယဲ့ သည် ခေါင်းသာခါလိုက်ပြီး
နှင်းပွင့်၏ခေါင်းလေးကို ပွတ်သပ်ကာ
"သူမကို မင်းနဲ့အတူ ခေါ်သွားလိုက်။
အဆင်ပြေလား"

နှင်းပွင့်က အဓိပတိများကို

ငုံ့ကြည့်ပြီးနောက် ခေါင်းညိတ်ကာ

ပျောက်ကွယ်သွားခဲ့သည်။

ဤအချိန်တွင် အားလုံးက ယန်ယဲ့ကို

ကြည့်နေကြသည်။

အဓိပတိများ က နောက်ဆုံးတွင်

ယန်ယဲ့ကို ရွေးချယ်ခဲ့၏။

တိုက်ရိုက်မဟုတ်သော်လည်း

ယန်ယွဲ့နှင့်အတူရှိနေသည်မဟုတ်ပါလား။

ဤအခိုက်အတန့်တွင် လူတိုင်းက

ရှုပ်ထွေးပွေလီသော

ခံစားချက်များအပြည့်ပါ။

အစပိုင်းတွင်တော့ ယန်ယွဲ့ကို

ရွေးချယ်မည်မဟုတ်ကြောင်း

ယူဆခဲ့ကြသည်။နောက်ဆုံးတွင်

၎င်းသည် ကြီးကျယ်မြင့်မြတ်မှုနှင့်

ဖြောင့်မတ်မှု ပိုင်စိုးထားသော

နတ်ဓားတစ်လက်ဖြစ်သည်။သို့သော်လ

ည်း ယန်ယဲ့ သည်

ထိုကဲ့သို့လူစားမျိုးမဟုတ်ပေ။

မည်သို့ပင်ဖြစ်စေကာမူ အဓိပတိဓားက

ကြိုတင်ခန့်မှန်းထားသည်နှင့်မတူဘဲ

ယန်ယဲ့ကိုသာ ရွေးချယ်သွားခဲ့သည်။

"သူ့ကိုသတ်ကြ..."

လူသားအင်ပါယာအရှင် က

ရုတ်တရက်ပြောခဲ့သည်  "လူတိုင်း၊

အမှန်တိုင်းဝန်ခံကြတာပေါ့။ ငါတို့ သူ့ကို

အခုမဖယ်ရှားနိုင်ရင် နောင်မှာ သူက

ငါတို့အားလုံးကိုသတ်သွားလိမ့်မယ်။

အခုလက်ရှိမှာက သူ့ကိုသတ်ဖို့

ငါတို့အတွက် လုံးဝလွယ်ကူပါတယ်၊

ဒါပေမဲ့ ဒီနေ့လွှတ်လိုက်ရင်တော့

သူပုန်းအောင်းဖို့ ဒါမှမဟုတ်

နတိမျိုးနွယ်နဲ့ ပူးပေါင်းလိုက်တာနဲ့

မျိုးနွယ်ခြားအားလုံး

အကုန်ပျက်စီးရလိမ့်မယ်။ လူတိုင်း၊

ဒုတိယကမ္ဘာစစ်ကို

အရှုံးနဲ့ပဲအဆုံးမသတ်ချင်ဘူးဆိုတာ

သေချာပါတယ်။ ဟုတ်တယ်မလား"

လူတိုင်း ယန်ယဲ့ကို စိုက်ကြည့်နေသည်။

ဤအချိန်တွင် ယန်ယဲ့ အပေါ်သို့

မမြင်နိုင်သောဖိအားများ

ကျရောက်လာသည်။

တိုက်ခိုက်ခါနီးတွင်တော့ ခြေသံများ

ရုတ်တရက် မြည်လာသည်။

ဖပ်...ဖပ်..

အပြင်းပြေလမ်းလျှောက်နေသူတစ်ယော

က်လို

ညင်သာပျော့ပျောင်းလွန်းသော်လည်း

ဤနေရာရှိလူတိုင်းကို

ရပ်တန့်သွားစေခဲ့သည်။

လူတိုင်းက တစ်ဖက်သို့

လှမ်းကြည့်လိုက်ရာ

အဖြူရောင်ဝတ်စုံဝတ်

အမျိုးသမီးတစ်ဦး ဖြည်းညှင်းစွာ

လျှောက်လာနေသည်ကို

တွေ့လိုက်ရသည်။

နတ်မျိုးနွယ်၏ စစ်ဗျူဟာမှူး ....။

စစ်ဗျူဟာမှူးကို မြင်လိုက်သောအခါ
လူနိုင်း၏မျက်နှာက
လေးနက်သောအမူအရာများချက်ချင်း
ပေါ်လာခဲ့ကြသည်။

ဤအချိန်တွင် စစ်ဗျူဟာမှူးက
လူအုပ်ရှေ့သို့ လျှောက်လာသည်။
ထို့နောက် လူတိုင်းကို

ခဏကြာဝေ့ကြည့်လိုက်ပြီး “ဒီနေ့

ဒီမှာတော်တော်လေးအသက်ဝင်နေတာပဲ

။ကောင်းကင်အင်ပါယာအရှင်၊

လူသားအင်ပါယာအရှင်၊ ရှာမန်ဧကရာဇ်၊

ဝိညာဥ်ဧကရာဇ်၊ နတ်မိစ္ဆာအင်ပါယာ...."

"အားလုံးသတိထားပါ" လူသားအင်ပါ

ယာအရှင် က

ရုတ်တရက်သတိပေးလိုက်သည်  “ဒီမှာ

ချုံခိုတိုက်ခိုက်နေတာ ဖြစ်နိုင်တယ်”

"အလစ်အငိုက်ဖမ်း

တိုက်ခိုက်နေတာလား" အဘိုးကြီးတစ်

ယောက် က “အခုလက်ရှိ နတ်မျိုးနွယ်က

အတိတ်ကလို တူညီတဲ့

နတ်မျိုးနွယ်မဟုတ်တော့ဘူး။ ဒီတော့

သူတို့က ဒီမှာ တပ်ဖွဲ့တွေ

ကြိုချထားတော့ရော ဘာဖြစ်မလဲ။

ငါတို့က တစ်ခါတည်းပဲ

တိုက်ခိုက်လိုက်တာပေါ့”

"ဟားဟား..." အဖြူရောင်ဝတ်စုံဝတ်

အမျိုးသမီးက ရယ်မောရင်း

“တကယ်တော့

အဲဒီအဘိုးကြီးပြောသလိုပဲ၊

ငါတို့အားလုံး တစ်ခါတည်း

စစ်ပွဲစလိုက်ရင်မကောင်းဘူးလား”

ထိုစကားပြောပြီးသည်နှင့်

သူမ၏လက်ကို ပေါ့ပေါ့ပါးပါး

ငွေ့ယမ်းလိုက်သည်။ ထိုခဏလေးမှာပဲ

လူတိုင်း၏ခြေထောက်များအောက်၌ ကြ

ည်လင်သော အပြာရောင်

အလင်းတန်းကြီး

ပေါ်လာသည်။ ခဏအကြာတွင်တော့

ပတ်ဝန်းကျင်သည်

သာမန်ဆန်သောနေရာတစ်ခုအဖြစ်

ပြောင်းလဲသွား၏။ ထို့နောက်တွင်

အာကာသထဲမှ မရေမတွက်နိုင်သော

ကြယ်တာရာစွမ်းအင်ရောင်ခြည်တန်း
များ ဆင်းသက်လာကာ
ပေါင်းစပ်သွားပါတော့သည်။

"ဒါဟာ
ချုပ်နှောင်ခြင်းအစီအရင်တစ်ခုပဲ"
လူသားအင်ပါယာအရှင်၏
မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားသည်။ သူက
နတ်မျိုးနွယ်၏စစ်ဗျူဟာမှူး ကို

စိုက်ကြည့်ရင်း “ပြောစရာတောင်

မလိုပါဘူး၊ ဒါဟာ တော်တော်

အစွမ်းထက်တဲ့

အစီအရင်တစ်ခုပါ။ ဒါပေမဲ့ ငါတို့ကို

သတ်နိုင်မယ်လို့ မင်းထင်လား"

စစ်ဗျူဟာမှူးက  ပြုံးပြီး "ဟုတ်ပါတယ်၊

တကယ်တော့မသတ်နိုင်ပါဘူး"

လှူသားအင်ပါယာအရှင် က

စစ်ဗျူဟာမှူးကို

စိုက်ကြည့်နေသည်။ ရုတ်တရက်

တစ်ခုခုကို တွေးနေပုံရပြီး

သူ့အမူအရာက သိသိသာသာ

ပြောင်းလဲသွားသည်။ တစ်ချိန်တည်းမှာပ

င် လူတိုင်း၏ရှေ့မှ အာကာသပြင်သည်

တုန်လှုပ်သွားခဲ့သည်။

အသံလှိုင်းသတင်းပို့လိုက်ခြင်းပင်...

အသက်ရှူချိန် ၂ ရှိုက်စာခန့်အကြာတွင်ပဲ ပညာရှင်အားလုံး၏မျက်နှာက အလွန်ကိုဆိုးရွားသွားပါတော့သည်။

လူသားအင်ပါယာအရှင်က စစ်ဗျူဟာမှူးကို စိုက်ကြည့်ကာ "ကောင်းလိုက်တာ၊ ငါတို့ပြန်ဆုံကြတာ ပေါ့"

ထိုစကားပြောပြီးသည်နှင့်

လူသားအင်ပါယာအရှင် က နေရာမှာပင်

ပျောက်ကွယ်သွားသည်။ ထို့နောက်

အခြားသောမျိုးနွယ်စုအသီးသီး၏

ပညာရှင်များလည်း ဆက်တိုက်

ပျောက်ကွယ်သွားတော့သည်။

လူတိုင်း ထွက်သွားပြီးသည်နှင့်

စစ်ဗျူဟာမှူးက လက်ကို

ဝှေ့ယမ်းလိုက်ရာ ပြောင်းလဲထားသော

ပတ်ဝန်းကျင်သည် သဲလွန်စမရှိဘဲ ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့က “မင်းက မျိုးနွယ်စုတွေကို တိုက်ခိုက်ဖို့ နတ်မျိုးနွယ်ရဲ့ တပ်ဖွဲ့တွေကို စေလွှတ်ခဲ့တာလား”

စစ်ဗျူဟာမှူးက ပြုံးပြီး "နင်က အရမ်းညာဏ်ကောင်းတာပဲ"

ယန်ယဲ့က "ငါထင်သလိုပဲ"

အမှန်တော့ သူလည်း
စစ်ဗျူဟာမှူးနေရာတွင်သာဆိုပါက
ထိုအတိုင်းလုပ်ဆောင်ပေမည်။

ဤအခိုက်အတန့်မျိုးတွင်
မျိုးနွယ်ခြားအသီးသီးက နတ်မျိုးနွယ်၏
အကြံအစည်နှင့်တိုက်ခိုက်မည့်နည်းလမ်း
ကိုမမျှော်လင့်ထားခဲ့ကြပေ။

ယန်ယဲ့ သည် ခပ်တိုးတိုး အသံနဲ့ပြောလိုက်သည် "ငါ တစ်ခုခုတော့ နားမလည်ဘူး။ သူတို့မျိုးနွယ်စုတွေ တိုက်ခိုက်ခံရရင် သူတို့ တတ်နိုင်သမျှ သတင်းတွေကို သေချာပေါက် လက်ခံရလိမ့်မယ်။ ဒါဆို…”

စစ်ဗျူဟာမှူးက ပြုံးပြီး “ငါတို့ အစီအစဉ်အရတော့ အချိန်အများကြီး

မလိုပါဘူး။အသက်ရှူချိန်

(၁၀၀)ရှိုက်စာလောက်ဆိုရင်

လုံလောက်ပါတယ်။

ဒီအချိန်မှာ အများကြီးလုပ်ဖို့

လုံလောက်တယ်။ တကယ်တော့ သူတို့ကို

ယာယီအချိန်ဆွဲထားဖို့

ဒီအစီအရင်ကိုသုံးလိုက်တာ။ ဒါပေမဲ့

နောက်ဆုံးမှာတော့ အဲဒီအတွေးကို

စွန့်လွှတ်လိုက်တယ်။ ဘာကြောင့်လဲဆို

တော့ ငါ့တပ်တွေက သူတို့ရဲ့

တာဝန်ပြီးဆုံးသွားပြီ။ ဒီနေ့ကစလို့

မျိုးနွယ်ခြားအသီးသီးက အနာဂတ်မှာ

အင်အားကွာဟချက်တွေ ရှိလာလိမ့်မယ်”

ယန်ယဲ့ က “ဒါပေမဲ့ သူတို့ရဲ့ အဓိက

အင်အားတွေက

အသက်ရှင်နေသေးတယ်မဟုတ်လား”

စစ်ဗျူဟာမှူးက အနည်းငယ်

ခေါင်းညိတ်ပြပြီး “တစ်လှမ်းချင်း

လျှောက်ရမယ်လေ။ တစ်ကြိမ်တည်းနဲ့

အားလုံးပြီးမြောက်ဖို့ဆိုတာ

မဖြစ်နိုင်ပါဘူး”

ထို့နောက် ယန်ယဲ့ကို စိုက်ကြည့်ကာ

"ဂုဏ်ယူပါတယ်၊ နောက်ဆုံးတော့

နင့်ရဲ့ဓားဖြစ်သွားပြီ" ဟု ဆက်ပြောသည်။

ယန်ယဲ့က ခေါင်းခါလိုက်ပြီး “သူ ငါ့ကို မရွေးချယ်ဘူး”

"လူမိုက်ပဲ..." စစ်ဗျူဟာမှူးက "တကယ်ပဲ နှင်းပွင့်ကိုရွေးခဲ့တာလို့ထင်နေသလား"

ယန်ယဲ့ က မျက်မှောင်ကြုတ်ကာ

“မဟုတ်ဘူးလား”

"ဘယ်ဟုတ်မလဲ" သူမက

ဆက်ပြောခဲ့သည်

“လွန်ခဲ့တဲ့နှစ်တွေတုန်းက

ငါ့နတ်မျိုးနွယ်ရဲ့ မရေမတွက်နိုင်တဲ့

ကျွမ်းကျင်သူတွေဟာ ဒီဓားနဲ့

အသတ်ခံခဲ့ရတယ်။ ဒါပေမဲ့

ကောရာဇ်ရှမ်းယွမ်နဲ့

တခြားမျိုးနွယ်တွေကသာ

ငါ့နတ်မျိုးနွယ်ရဲ့

ရန်သူအစစ်ပါ။ နောက်ဆုံးတော့ ဓားက

လက်နက်တစ်ခုပဲလေ။

ဘယ်သူ့ကိုပဲသတ်သတိ

အသုံးပြုတဲ့သူပေါ်မှာပဲမူတည်တယ်။

နင့်ကြောင့်သာမဟုတ်ရင်

ငါ့နတ်မျိုးနွယ်က ဒီဓားကို

ဓားဝိညာဉ်မနိုးထခင်ကတည်းက

ဖျက်ဆီးပြီးနေပြီ။ အခုတော့ သူမက နင်နဲ့အတူဆက်သွားဖို့ရွေးချယ်လိုက်ပြီ။ သူမ နင့်ကို တကယ်အသိအမှတ်မပြုသေးရင်တောင် အနာဂတ်မှာငြင်းပယ်တယ်လို့ မဆိုလိုပါဘူး”

"သူမ ငါ့ကိုဘာလို့ရွေးမှာလဲ" ယန်ယဲ့က အံ့သြသွားပြီး "ကြည့်စမ်း၊ ငါက ဖြောင့်မတ်ပြီး မြင့်မြတ်တဲ့လူမဟုတ်ဘူး"

" ဖြောင့်မတ်တာ ၊ မြင့်မြတ်တာ....

ဟုတ်လား" စစ်ဗျူဟာမှူးက

ရယ်မောလိုက်ပြီး "ကေရာဇ်ရှမ်းယွမ်က

ဖြောင့်မတ်ပြီး မြင့်မြတ်တယ်လို့

နင်ထင်နေလား။ လောကမှာ

လူကောင်းတွေရှိတယ်ဆိုတာ

မငြင်းပါဘူး၊ ဒါပေမဲ့ လူတိုင်းမှာ

လူကောင်းတစ်ယောက်ဖြစ်ဖို့

စံနှုန်းတွေရှိကြတယ်။ ဥပမာအနေနဲ့

နင့်ဆီက ဝိညာဉ်အင်ပါယာ လိုပေါ့။

သူမရဲ့ နှလုံးသားထဲမှာတော့

တစ်ကမ္ဘာလုံးက လူဆိုးတွေနဲ့

ပြည့်နှက်နေနိုင်ပေမယ့် နင်ရ

လုံးဝလူကောင်းတစ်ယောက်ပဲ”

ယန်ယဲ့က ခေါင်းယမ်းကာ

ရယ်မောလိုက်သည်။ ....

မင်းပြောတာမှန်တယ်...

နှင်းပွင့်၏အမြင်အရတော့ ယန်ယဲ့ သည်
သူမအတွက် လူကောင်းတစ်ယောက်ပါ။

စစ်ဗျူဟာမှူးက ဆက်ပြောသည်
“ဟုတ်ပါတယ်၊ အဓိပတိအားရဲ့
စိတ်ဝိညာဉ်က အဲဒီလို
မဟုတ်ဘူး။ ဒါပေမဲ့ မြင့်မြတ်မှုနဲ့
ဂုဏ်ကျက်သရေဆိုတာက ဘာလဲဆိုတာ
ငါ့ကို ပြောပြနိုင်မလား။ လူတိုင်းမှာ
သူတို့ကိုယ်ပိုင် စိတ်ကူးရှိသလို၊

သူမလည်း ဒီလိုပါပဲ။ နောက်ပြီး

ငါ့အသိအရ နင်ဟာ

မကောင်းကြံတဲ့စိတ်နဲ့ တခြားသူကို

သတ်ခဲ့ဖူးသလို အကြောင်းပြချက်မရှိဘဲ

ဘယ်တော့မှ မသတ်ခဲ့ဖူးဘူးလား"

ယန်ယဲ့က ရယ်မောလိုက်ပြီး

"မင်းဆက်ပြောနေမယ်ဆိုရင် ငါ့ကိုယ်ငါ

လူကောင်းတစ်ယောက်လို့တောင်

ထင်သွားလိမ့်မယ်"

...

စစ်ဗျူဟာမှူးက ပြုံးပြီး “အခု ဘာလုပ်ဖို့ စိတ်ကူးထားလဲ”

ယန်ယဲ့က "ငါ ဘာမှ မတွေးထားဘူး"

သူမက ခေါင်းညိတ်ပြီး "ဘာပဲဖြစ်ဖြစ် ဂရုစိုက်ပါ"

ထို့နောက် လှည့်ထွက်သွားပါတော့သည်။

ယန်ယဲ့ သာ ဤနေရာတွင်

ကျန်ခဲ့သည်။မီးဖိုထဲမှ အပိုင်းအစများဆီ

လျှောက်သွားပြီး သူ့ညာလက်ကို

ဝှေ့ယမ်းလိုက်သည။မီးတောက်တစ်ခု

လင်းလက်လာပြီး

သူ့လက်ဝါးပေါ်ကျလာသည်။

နတ်ယင်မီးတောက် ...

ယန်ယဲ့ သည် နတ်ယင်မီးတောက်ကို

သိမ်းကာ ထွက်သွားရန်ပြင်လိုက်၏။

သို့သော် နောက်ထပ် မီးတောက်တစ်ခု

လွင့်ထွက်လာသည်။

အသက်ဝိညာဉ်မီးတောက်...

ဝိညာဉ်မီးတောက်က ယန်ယဲ့ဆီသို့

ပျံတက်သွားသည်။ ယန်ယဲ့က "မင်း အခု

လွတ်မြောက်သွားပြီ"ဟုပြောကာ လှည့်ထွက်လာသည်။

ယန်ယဲ့ က အံ့သြသွားပြီး "မင်းငါနဲ့လိုက်ချင်တယ်"

အသက်ဝိညာဉ်မီးတောက်က အနည်းငယ် တုန်လှုပ်သွားသည်။

ဤအချိန်တွင် နှင်းပွင့်က အပြင်ထွက်လာရာ မီးတောက်က သူမထံ ချက်ချင်း ပျံတက်လာသည်။ ထို့နောက် အသက်ဝိညာဉ်မီးတောက်ကို ဖမ်းကိုင်ပြီး ယန်ယွဲ့အား ပြုံးပြလိုက်သည်။

ဒါက နှင်းပွင့်နဲ့အတူနေချင်တာလား ။

ယန်ယွဲ့က အနည်းငယ် ရယ်မောလိုက်သည်။

ထို့နောက် ပတ်ဝန်းကျင်ကို
တစ်ချက်စစ်ကြည့်ကာ
ထွက်သွားခဲ့သည်။ သို့သော် သူနှင့်
သိပ်မဝေးသောနေရာတွင်
သက်လတ်ပိုင်းအမျိုးသားတစ်ဦး
ရုတ်တရက်ပေါ်လာသဖြင့်
ရပ်နေလိုက်၏။ လူလတ်ပိုင်း၏
ဝတ်စားဆင်ယင်ပုံက
အတော်လေးထူးဆန်းပါသည်။ နက်ပြာ

ရောင်ဝတ်စုံကို ဝတ်ထားပြီး
လက်ထဲ၌လည်း
မြင်းမြီးယပ်တောင်တစ်ချောင်း
ကိုင်ထားသည်။

ယန်ယဲ့ သည် ယခင်က
ထိုကဲ့သို့ပုံစံမျိုးနှင့်လူတစ်ယောက်ကို
မြင်ဖူးထား၏။

တာအိုဝတ်ရုံအဘိုးအို ။

သူ၏ ဆရာဖြစ်သူက

ထိုနည်းအတိုင်းပင်။

ဒါဆို တာအိုလမ်းစဉ်...

သက်လတ်ပိုင်းအမျိုးသားက

မည်သူဖြစ်ကြောင်း သိသာပါသည်။

ယန်ယဲ့က သက်လတ်ပိုင်းအမျိုးသားကို စိုက်ကြည့်ပြီး "မင်း တစ်ခုခုလိုသေးလား"ဟု ပုံမှန်အတိုင်းသာမေးလိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို ခဏကြာစိုက်ကြည့်ကာ ပြုံးလိုက်ပြီး "မင်းအသက်အရွယ်မှာ ဒီလိုမျိုး ခွန်အားအဆင့်ကို ရောက်နိုင်ခဲ့တာ တကယ့်ကို ရှားပါတယ်။ ဆရာ့ရဲ့

အကြည့်တွေက

စူးရှနေတုန်းပဲ။ ငါ့ကိုယ်ငါ

မိတ်ဆက်ခွင့်ပြုပါ၊ ငါက

တာအိုလမ်းစဉ်ရဲ့ တပည့် ၉

ယောက်ထဲမှာ

သတ္တမမြောက်တပည့်ဖြစ်တယ်။

မင်း ငါ့ကို

ခုနစ်ယောက်မြောက်စီနီယာအစ်ကိုလို့

ခေါ်လို့ရတယ်"

ငါထင်ထားတဲ့အတိုင်းပါလား ။

ယန်ယဲ့ကတွေးနေလိုက်သည်။

နောက်ဆုံးတွင် တာအိုလမ်းစဉ်က

သူ့ဆီကို ရောက်လာခဲ့ချေပြီ။

သို့သော် ယန်ယဲ့ သည်

စကားပြန်မပြောသေးဘဲ

နှုတ်ဆိတ်နေခဲ့သည်။

သူ့အမြင်အရတော့ တာအိုလမ်းစဉ်

ရောက်ရှိလာခြင်းသည်

ကောင်းသည့်အရာမဟုတ်ချေ။

Translated By NyiNyiSoe

May Be:

...အပိုင်း ၂၄၈၄

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

လူလတ်ပိုင်းက ပြုံးပြီး "မင်းက တခြားသူတွေကို အရမ်းသတိထားနေတာပဲ" ဟု ပြောလိုက်သည်။

ယန်ယဲ့က "တာအိုလမ်းစဉ် က တစ်ခုခုလိုချင်လို့လား"

သက်လတ်ပိုင်းအမျိုးသားက

ခေါင်းညိတ်ပြပြီး "မင်းကို

တာအိုလမ်းစဉ် ဆီ လာစေချင်တယ်"

ယန်ယဲ့ က "ဘာအတွက်လဲ"

လူလတ်ပိုင်းက “ မင်းလည်း

မဟာလမ်းစဉ် (၄) ခုကြားက

တိုက်ပွဲအကြောင်း

ကြားဖူးထားလောက်ပြီလို့ ငါထင်တယ်။ ဟုတ်တယ်မလား” ဟု ပြန်ဖြေသည်။

ယန်ယဲ့က မျက်မှောင်ကြုတ်ပြီး "မင်းဘာပြောဖို့ကြိုးစားနေတာလဲ"

လူလတ်ပိုင်းက “ မဟာလမ်းစဉ် (၄) ခုကြားက တိုက်ပွဲဟာ ယုံကြည်မှုအတွက် တိုက်ပွဲဖြစ်တယ်။ ဒီလောကမှာ လူတိုင်း

ယုံကြည်တဲ့ မဟာလမ်းကြောင်းကြီး (၄)

ခု ရှိတယ်။

ယုံကြည်မှုတွေ ရှိလာတဲ့အတွက်

ပဋိပက္ခတွေ ရှိလာမယ်”

ယန်ယဲ့က

တိုးညှင်းသောလေသံဖြင့်ပြောလိုက်သည်

"မင်းတို့က ကိုယ့်ကိုကိုယ်ယုံတာ

အဆင်မပြေဘူးလား။ ဘာလို့

အချင်းချင်း တိုက်ခိုက်နေကြတာလဲ”

လူလတ်ပိုင်းက ပြုံးပြီး "ဘာပဲဖြစ်ဖြစ်

မင်းက တာအိုလမ်းစဉ်ရဲ့

အစိတ်အပိုင်းတစ်ခုပဲလေ။ ဒီတော့

တာအိုလမ်းစဉ်ကို သွားကြည့်ရမယ်

မဟုတ်လား"

ယန်ယွဲ့က "ကောင်းပြီ၊ ငါသွားလိုက်မယ်"

လူလတ်ပိုင်းက အနည်းငယ်

ခေါင်းညိတ်ပြပြီးနောက် ထူးဆန်းသော

တံဆိပ်တစ်ခုကို ဖန်တီးလိုက်သည်။

ထိုခဏလေးတွင်

ယန်ယဲ့၏ခြေထောက်အောက်ကနေ

ရှစ်ထောင့်ပုံသဏ္ဍာန်အင်းကွက်တစ်ခုပေါ်

လာသည်။ ထို့နောက် နှစ်ယောက်စလုံး

နေရာမှာတင် ပျောက်သွားကြသည်။

တည်နေရာရွှေ့ပြောင်းခြင်း အစီအရင်...

ဤအချိန်တွင် ယန်ယဲ့ နှင့်

လူလတ်ပိုင်းတို့ပ အာကာသအတွင်း

သွားလာနေကြသည်။ အရှိန်က

လျင်မြန်လွန်းသဖြင့် ၎င်းကို

တုံ့ပြန်ခြင်းပင်မပြုနိုင်ပေ။

အချိန်တော်တော်ကြာပြီးနောက်တွင်

ယန်ယဲ့ သည် သူတို့ပတ်ဝန်းကျင်ရှိ

အာကာသပြင်များ ခိုင်ခံ့လာသည်ကို

ခံစားမိလိုက်လေတော့သည်။

ယန်ယဲ့ သည် မျက်လုံးဖွင့်ပြီး

ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။ သူတို့အော

က်၌ တောင်ကြီးတစ်လုံးရှိကာ

ပတ်ပတ်လည်တွင်

တောင်ကုန်းအများအပြားဝန်းရံထားလေ

သည်။

လူလတ်ပိုင်းက ခြေထောက်ကို မြေပြင်သို့အသာပုတ်ပြီး “ဒီတောင်က ဘာလဲဆိုတာ သိလား”

ယန်ယွဲ့ သည် ခေါင်းယမ်းလိုက်သည်။

လူလတ်ပိုင်းက ပြုံးပြီး “နဝမမြောက် ဓားတောင်”

နဝမမြောက်ဓားတောင် ....။

ယန်ယွဲ့ သည် လူလတ်ပိုင်းကို စိုက်ကြည့်နေသည်။ နဝမမြောက်ဓားတောင် ဟူသည် သူ၏ဆရာဖြစ်သူ တာအိုဝတ်ရုံအဘိုးအိုကိုယ်တိုင် ပေးထားသော တာအိုအမည် ပင် ။

လူလတ်ပိုင်းက "နဝမမြောက်ညီငယ်၊ ငါတို့ဆရာက မင်းကို

တကယ်ပစ်မထားခဲ့ဘူး။

ပညာရှင်မဟာမိတ်အဖွဲ့က မင်းကို

ပစ်မှတ်ထားတဲ့အခါ သူဘာမှ

မလုပ်ခဲ့ပေမဲ့ မင်းကို ဂရုမစိုက်ဘူးဆိုတာ

ကိုယ်စားပြုတာမဟုတ်ဘူး။ မင်းတစ်

ယောက်တည်းမဟုတ်ဘူး၊ ဆရာက

ငါတို့အားလုံးကို

ကိုယ်ပိုင်လွတ်လပ်ခွင့်တွေ

ပေးထားတယ်။ သူက ငါတို့ကို

ကိုယ့်စိတ်တိုင်းကျ

လုပ်ပိုင်ခွင့်ပြုခဲ့တယ်။ ဒါ့အပြင် ဆရာက

ငါတို့အနားမှာ

အမြဲတမ်းရှိနေနိုင်မှာမဟုတ်ဘူး။ ဒါဟာ

ဘာလဲဆိုတော့ တစ်စုံတစ်ယောက်က

မွေးမြူထားတဲ့

ကျားတွေလိုပဲ၊သူတို့က  တောထဲမှာ

ကြီးပြင်းလာတဲ့ ဝံပုလွေထက်

အားနည်းနေလိမ့်မယ်”

ယန်ယဲ့က

"ဆရာ့ရဲ့ရည်ရွယ်ချက်ကဘာလဲ"

လူလတ်ပိုင်းက ပြုံးပြီး “ငါနဲ့လိုက်ခဲ့”

ယန်ယဲ့ သည် လူလတ်ပိုင်း နှင့်အတူ

အိမ်တစ်လုံးဆီသို့ လိုက်ပါသွားသည်။

လူလတ်ပိုင်းက “ငါတို့ရဲ့

တာအိုလမ်းစဉ်က

စိတ်အလိုဆန္ဒတစ်စုံတစ်ရာမရှိဘဲ

တိတ်ဆိတ်ငြိမ်သက်တဲ့ ကျင့်ကြံမှုပေါ်မှာ အလေးအနက်ထားတယ်။ ဒီနေရာဟာ အခုကစလို့မင်းကိုယ်ပိုင်အိမ်ဖြစ်လိမ့်မယ်။ ဒါကို မင်းကိုယ်တိုင် နာမည်ပေးလို့ရတယ်"

ယန်ယဲ့က "သတ္တမမြောက်အစ်ကို၊ ငါက ချုံပုတ်တစ်ဝိုက်ကို ရိုက်ရတာမျိုး မကြိုက်ဘူး၊ ပွင့်ပွင့်လင်းလင်းပြောပါ"

လူလတ်ပိုင်းက
ခဏမျှတိတ်ဆိတ်သွားပြီး
“မျိုးနွယ်ခြားအားလုံးပဲ။ နတ်မျိုးနွယ်၊
လမ်း (၄) သွယ်နဲ့
တခြားလျှို့ဝှက်ဆန်းကြယ်တဲ့
အဖွဲ့အစည်းအချို့က ရေဝဲထဲ
မျောပါသွားပြီ။ မဟာလမ်းကြောင်း (၄)
ခုက အဲဒီထဲကို
ကြိုပြီးရောက်နေတာလို့ပြောနိုင်တယ်။

ဒါပေမဲ့ တကယ်တမ်းကျတော့ ဟိုးရှေး ခေတ်ကတည်းက ဒီလမ်းကြောင်းထဲကို ရောက်သွားတာ။ လောကသုံးပါးဟာ တတိယမြောက်ခေတ်သစ်ပဲ စတင်နိုင်မလား ဒါမှမဟုတ် ပျက်သုဉ်းမလားဆိုတာက ပြောင်းလဲမှုကို ကြည့်နေရလိမ့်မယ်”

ယန်ယဲ့က လေးနက်စွာပြောခဲ့သည် "ဒါက ငါ့ကို တကယ်ကို

စိတ်ရှုပ်စေတယ်။ နတ်မျိုးနွယ်ဟာ အရင်က နတ်မျိုးနွယ်နဲ့ မတူပါဘူး။ ဒါကြောင့် မဟာလမ်းစဉ် (၄) ခုလုံး ပူးပေါင်းထားရင် သူတို့ကို ချေမှုန်းဖို့ မခက်ခဲသင့်ဘူး မဟုတ်လား"

"ခက်ခဲပါတယ်" လူလတ်ပိုင်းက ခေါင်းခါပြပြီး “မဟာလမ်းစဉ် (၄) ခုက ပူးပေါင်းလို့ရတယ်။ ဒါပေမဲ့

နတ်မျိုးနွယ်ကို မတိုက်ခိုက်ရဲကြဘူး။
ဘာကြောင့်လဲ သိလား”

ယန်ယဲ့က ခေါင်းခါလိုက်သည်
"ငါမသိဘူး"

လူလတ်ပိုင်းက “အမိက
အကြောင်းရင်းကတော့ လောကရဲ့

ဝိညာဉ်တွေက နတ်မျိုးနွယ်နဲ့

ပူးပေါင်းထားလို့” ဟု ပြန်ဖြေသည်။

ယန်ယဲ့က အနည်းငယ်

မျက်မှောင်ကြုတ်ကာ

"လောကဝိညာဉ်တွေ..."

လူလတ်ပိုင်းက ခေါင်းညိတ်ပြသည်

“ကမ္ဘာပေါ်မှာ ဝိညာဉ်အင်ပါယာ နဲ့

ဝိညာဉ်ဘုရင်တွေလို မရေမတွက်နိုင်တဲ့

ဝိညာဉ်တွေရှိတယ်။ ဒါကြောင့်

လောကဝိညာဉ်တွေ လိုမျိုး ဒီစကြဝဠာရဲ့

ဝိညာဉ်တွေ ရှိတယ်။ သူတို့က

ဒီစကြဝဠာနဲ့အတူ

မွေးဖွားလာခဲ့ကြတယ်။ သူတို့က

နှစ်ပေါင်းသန်းနဲ့ချီပြီးတော့စကြာဝဠာရဲ့

ပြုစုပျိုးထောင်ပေးတာကိုခံလာရတယ်။

နတ်မျိုးနွယ်က အဲဒီလိုဝိညာဉ်တွေရဲ့

ထောက်ခံမှုကို ရရှိထားတာပဲ။ ဒါကြောင့်

မဟာလမ်းစဉ် (၄)ခုထဲမှာ ဘယ်သူမှ လျှပ်ရှားရဲခြင်းမရှိဘူး”

ယန်ယွဲ့က “အရမ်းသန်မာသလား” ဟု မေးလိုက်သည်။

လူလတ်ပိုင်းက ပြုံးပြီး “အဲဒါကို စကြာဝဠာဝိညာဉ် လို့ခေါ်တယ်၊ အားနည်းနိုင်သလား။ တကယ်လို့ ငါတို့ဖက်မှာမရှိရင်တော့

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့နဲ့

မဟာလမ်းစဉ် (၄)ခုပါ

ပေါင်းထားရင်တောင် နတ်မျိုးနွယ်ကို

ချေမှုန်းဖို့က ခက်ခဲလိမ့်မယ်”

ယန်ယဲ့က “ဒါဆို အခု နတ်မျိုးနွယ်ကို

ဘာလို့ ဘက်လိုက်နေတာလဲ” ဟူ

မေးလိုက်၏။

လူလတ်ပိုင်းက ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး
“လောဘ၊ လွန်ခဲ့တဲ့နှစ်တွေမှာ
နတ်မျိုးနွယ်က သန်မာပေမယ်လို့
မောက်မာထောင်လွှားကြတယ်။ သူတို့က
ဒီစကြာဝဠာရဲ့
စကြာဝဠာဝိညာဉ်ထက်တောင်မှ
မောက်မာနေသေးတယ်။ ဒါပေမဲ့

စကြာဝဠာဝိညာဉ်က

သာမန်မဟုတ်ပါဘူး။

နတ်မျိုးနွယ်က

ကြောက်စရာကောင်းမှန်းသိတော့

မဆန့်ကျင်ဘဲနဲ့

လောကအုပ်ချုပ်သူဖြစ်လာစေတယ်။

အလားတူပါဘဲ တစ်ချိန်တည်းမှာ

တခြားမျိုးနွယ်စုတွေကိုပါ

လျှို့ဝှက်ပြီးကူညီခဲ့တယ်။ ဒီလိုနဲ့ပဲ

မျိုးနွယ်ခြားတွေနဲ့ မဟာလမ်းစဉ် (၄)

ခုက

တဖြည်းဖြည်းအားကောင်းလာကြတယ်။

နောက်ဆုံးမှာ နတ်မျိုးနွယ်က

ခြိမ်းခြောက်သလိုခံစားလာရတယ်။

မျိုးနွယ်ခြားတွေနဲ့ မဟာလမ်းစဉ် (၄)

ခုကို လက်အောက်ခံဖို့လုပ်ပေမဲ့

အချိန်နောက်ကျသွားပြီ”

လူလတ်ပိုင်းက စကားကိုခဏရပ်ပြီး

"အခုတော့ နတ်မျိုးနွယ်နဲ့ ပူးပေါင်းနေပြီ။

အကြောင်းပြချက်အတွက်

ဒါဟာအရမ်းရိုးရှင်းပါတယ်။ မဟာလမ်း

စဉ် (၄) ခုက

သန်မာလွန်းတယ်။ ဒီလောကကို

ဘယ်မျိုးနွယ်စုမှ

မအုပ်ချုပ်စေချင်ဘူး။ ဟန်ချက်ညီတဲ့

လုပ်ရပ်လို့

ခေါ်တယ်။ မော်တယ်ကမ္ဘာတွေမှာ

ကေရာဇ်တွေ

လုပ်ဆောင်သလိုပဲ။ ကေရာဇ်ရဲ့လက်

အောက်ငယ်သားတစ်ဦးက

အားကောင်းလာတာနဲ့

အဲဒီလူကိုနှိမ်နင်းရတယ်။ အခုတော့

မဟာလမ်းစဉ် (၄) ခုနဲ့

မျိုးနွယ်ခြားတွေက

နှိမ်နင်းခံရမယ့်အချိန်ရောက်ပြီ။ ဟုတ်ပါ

တယ်၊ အဲဒါက

ငါတို့ရဲ့ကိုယ်ပိုင်မှန်းဆချက်လောက်ပဲ။

စကြာဝဠာရဲ့ဝိညာဉ်ပဲ

အကြောင်းရင်းအမှန်ကို သိတယ်”

ယန်ယဲ့က "မဟာလမ်းစဉ် (၄) ခုနဲ့

တခြားမျိုးနွယ်စုတွေက

သေခြင်းတရားရောက်လာတာကို

ထိုင်စောင့်နေမှာမဟုတ်ဘူး" ဟု

လေးနက်စွာပြောခဲ့သည်။

လူလတ်ပိုင်းက ပြုံးပြီး

“ဟုတ်ပါတယ်။ ဒါပေမဲ့ အခုတော့

အခြေအနေက

ရှုပ်ထွေးလာပြီ။ စကြဝဠာရဲ့ဝိညာဉ်က

နတ်မျိုးနွယ် စစ်ရှုံးသွားတဲ့အချိန်မှာ

လုံးလုံးပျောက်ကွယ်သွားတယ်။

ဒီကာလမှာ သူ

ဘယ်လောက်သန်မာလာလဲဆိုတာ

ဘယ်သူမှ မသိနိုင်ဘူး။ အဲဒါက

မဟာလမ်းစဉ် (၄) ခုကို

ကြောက်ရွံ့စေတယ်"

ယန်ယဲ့က "ငါ့အထင် ဒီကိစ္စက ငါ့ကို

တာအိုလမ်းစဉ်

ပြန်လာခိုင်းတာနဲ့ပတ်သက်နေတယ်မဟု

တ်လား"

လူလတ်ပိုင်းက ပြုံးပြီး "မင်းက

တာအိုလမ်းစဉ်ကို ကိုယ်စားပြုပြီး

ဗုဒ္ဓလမ်းစဉ်၊ ကွန်ဖြူးရှပ်လမ်းစဉ်နဲ့ လက်နက်လမ်းစဉ်ကို သွားကြည့်စေချင်တယ်"

ယန်ယဲ့က အံ့သြသွားပြီး "ဘာလို့လဲ" ဟု ပြန်မေးလိုက်သည်။

"အစဉ်အလာပဲ" လူလတ်ပိုင်းက ဆက်ပြောသည် “မဟာလမ်းစဉ်တိုင်းရဲ့

လူငယ်မျိုးဆက်တွေက

တခြားလမ်းကြောင်း (၃)ခုကို

သွားပြီးလေ့လာရတယ်။ အဲဒါအတွက်

အကြောင်းပြချက်

နှစ်ခုရှိတယ်။ ပထမဦးဆုံး မင်းဟာ

တာအိုလမ်းစဉ်ရဲ့

ဆက်ခံသူဖြစ်တယ်ဆိုတာ

တခြားလမ်းစဉ်တွေကိုအသိပေးတာ၊

ပြီးတော့ မင်းက တာအိုလမ်းစဉ်ရဲ့

လူငယ်မျိုးဆက်ကို ကိုယ်စားပြုတယ်။

ဒုတိယအနေနဲ့ မင်းကို ဆန့်ကျင်နေတဲ့

တခြားလမ်းကြောင်း (၃) ခုကို

စည်းမျဉ်းတွေ လိုက်နာရအောင်

တစ်ဖက်လှည့်ဖိအားပေးတာပဲ။

တာအိုလမ်းစဉ်ကိုကိုယ်စားပြုပြီး

သူတို့ဆီ သွားလေ့လာမယ်ဆိုရင်

မင်းရဲ့ကိုယ်ပိုင်အဆင့်အတန်းကို

အသိအမှတ်ပြုလိုက်ပြီလို့သိသွားလိမ့်မ

ယ်။ ဒါဆို တခြားလမ်းကြောင်း ၃ ခုက

မင်းကို

ထပ်ပြီးဆန့်ကျင်မှာမဟုတ်တော့ဘူး"

ဒီအချိန်မှာ သူ့စကားကိုခဏရပ်ပြီး

“ဒါ့အပြင် တာအိုလမ်းစဉ်ရဲ့ ခွန်အားကို

ပြသရမယ်လေ။ တခြားလမ်းကြောင်း

(၃)ခုရဲ့ တပည့်တွေ တာအိုလမ်းစဉ်ကို

လာတဲ့အတိုင်း မင်းရဲ့

အလည်အပါတ်ခရီးက

အေးချမ်းမှာတော့မဟုတ်ဘူး။

ပြောရရင် သူတို့က အန္တရာယ်ကင်းကင်းနဲ့

ပြန်ထွက်သွားခွင့်ပြုမယ်မထင်ဘူး။

ကောင်းပြီ၊ မင်းရဲ့ရည်ရွယ်ချက်က

သူတို့အားလုံးကို သတ်ဖြတ်ဖို့

မဟုတ်ဘူး၊

အသက်ရှင်လျက်ပြန်လာဖို့ပဲ”

"အသက်ရှင်လျက်ပြန်လာရမှာလား"

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ

"ငါ့အတွက်
အသက်အန္တရာယ်ရှိနိုင်လိမ့်မယ်...."

လူလတ်ပိုင်းက လက်တစ်ဖက်ကို
ရုတ်တရက် ဝှေ့ယမ်းလိုက်သည်။
ထိုခဏလေးမှာပဲ ယန်ယွဲ့ရှေ့တွင်
ဖန်သားပြင်တစ်ခုပေါ်လာ၏။
ထိုအထဲတွင်
လူငယ်အလောင်းတစ်လောင်း
ရှိနေသည်။

လူလတ်ပိုင်းက “ဒါဘယ်သူလဲဆိုတာ မင်းသိလား” ဟု မေးလိုက်သည်။

ယန်ယဲ့က ခေါင်းယမ်းပြသည်။

လူလတ်ပိုင်းက “လက်နက်လမ်းစဉ်ရဲ့ ညာဏ်ကြီးရှင်တစ်ယောက်။ ဒီကိုလာတဲ့ အခါ သူ့ကိုယ်သူ ယုံကြည်မှုလွန်ကဲပြီး

ဆဌမမြောက် စီနီယာအစ်ကိုကို
စိန်ခေါ်ခဲ့တယ်။ ဒါက ရလာဒ်ပဲ”

ယန်ယဲ့က အံ့အားသင့်သွားလေသည်။

လူလတ်ပိုင်းက ဆက်ပြောသည်
“မဟာလမ်းစဉ် (၄) ခု ကြားမှာလည်း
ပြိုင်ဆိုင်မှုပုံစံတစ်မျိုးရှိတယ်။ ဒါပေမဲ့
တခြားမျိုးနွယ်စုတွေနဲ့ နှိုင်းယှဉ်ရင်တော့
ငါတို့နည်းလမ်းက ရိုးရိုးရှင်းရှင်းပဲ။

ဒါပေမဲ့ သေခြင်းနဲ့ပဲ

အဆုံးသတ်နိုင်တယ်။

မင်းအဲဒီကိုသွားပြီးတာနဲ့ ဖန်ဆင်းရှင်တွေ

ထွက်လာမှာတော့မဟုတ်ဘူး။ ဒါပေမဲ့

ဖန်ဆင်းရှင်အဆင့်အောက်က

ဘယ်သူမဆို အကုန်တိုက်ခိုက်လိမ့်မယ်"

"ဒါဆို ဘာထူးလို့လဲ" ယန်ယဲ့က “ဒါဟာ

သေလမ်းရှာတာနဲ့

အတူတူပဲမဟုတ်ဘူးလား”

လူလတ်ပိုင်းက ပြုံးပြီး “သူတို့က မင်းကို တိုက်ခိုက်နိုင်ပေမယ့် စိတ်ရှိသလိုတော့မလုပ်နိုင်ဘူး။ နောက်ဆုံးတော့ သူတို့ရဲ့ ဂုဏ်ကို ထိန်းသိမ်းဖို့ လိုသေးတယ်လေ။ အများစုကတော့ လူငယ်မျိုးဆက်တွေကို မင်းနဲ့ ပေးတွေ့လိမ့်မယ်။ ဒီနေရာမှာ လက်နက်လမ်းစဉ်ရဲ့ ညဏ်ကြီးရှင် သေဆုံးသွားတာဟာ သူ့ကိုယ်သူ

သေလမ်းရှာလို့ပဲ။ သေချာပါတယ်၊ မင်းရဲ့ခရီးက အန္တရာယ်နဲ့တင်ပြီးဆုံးမှာ မဟုတ်ဘူး၊ အကျိုးကျေးဇူးတွေလည်း ပါတယ်လေ”

ယန်ယဲ့က “ဘာအကျိုးရှိလဲ” ဟု မေးလိုက်သည်။

လူလတ်ပိုင်းက ပြုံးပြီး “မင်းပြန်လာနိုင်ရင်

ငါတို့တာအိုလမ်းစဉ်ရဲ့
မြင့်မြတ်နယ်မြေကို
သွားနိုင်တယ်။ ဒါဟာ တာအိုလမ်းစဉ်ရဲ့
ခေတ်အဆက်ဆက်
ကျင့်ကြံသူတွေဆီက ချန်ထားရစ်တဲ့
အတွေ့အကြုံတွေ
စုစည်းထားတဲ့နေရာပဲ။ မဟာလမ်းစဉ်
(၄) ခုနဲ့ သက်ဆိုင်တဲ့ နည်းစနစ်တွေကို
ခွဲခြားပြထားတာမျိုးလည်းပါတယ်။

အတိုချုပ်ပြောရရင် မင်း အဲဒီနေရာကို
ကြိုက်လိမ့်မယ်"

ယန်ယွဲ့က လေးနက်စွာပြောလိုက်သည်
"ငါ မသွားဘူးဆိုရင် ဘယ်လိုလုပ်မလဲ"

လူလတ်ပိုင်းက
အကြာကြီးတိတ်ဆိတ်သွားပြီး
“မင်းသွားရင်တော့
အကောင်းဆုံးပဲ။ မင်းကိုယ်တိုင်

သက်သေပြဖို့ လိုပါတယ်။ ဒါမှပဲ ငါတို့တာအိုလမ်းစဉ်မှာရှိတဲ့ လူတော်တော်များများက မင်းကို နဝမမြောက်တပည့်ဆိုတာ အသိအမှတ်ပြုကြလိမ့်မယ်"

ယန်ယဲ့က "ပညာရှင်မဟာမိတ်အဖွဲ့ဆိုတာ ဘာလဲ"

လူလတ်ပိုင်းက "မင်း

တာအိုလမ်းစဉ်ကနေ ထွက်သွားတာနဲ့

ပညာရှင်မဟာမိတ်အဖွဲ့က လှုပ်ရှားမှာ

မဟုတ်တော့ဘူး၊

တခြားမျိုးနွယ်ခြားတွေလည်း မင်းကို

ပြောင်ပြောင်တင်းတင်း

တိုက်ခိုက်ရဲတော့မှာမဟုတ်ဘူး"

ယန်ယဲ့က ပြုံးပြီး "ငါသွားရမယ်

ထင်တယ်"

လူလတ်ပိုင်းက “အခုသွားတော့” ဟု ပြောလိုက်သည်။

ယန်ယဲ့က "ဒါဆို ငါက ဘယ်လမ်းစဉ်ရဲ့ ဘယ် အတိုင်းအတာအထိ သွားနိုင်မလဲ၊ ပြီးတော့ သူတို့က..."

လူလတ်ပိုင်းက စကားဖြတ်ပြောသည် "မင်းဘာပြောဖို့ ကြိုးစားနေလဲဆိုတာ

ငါသိတယ်။ တာအိုလမ်းစဉ်က

သတ်ဖြတ်တာကိုအလေးမထားပေမယ့်

သတ်ရမယ်မဟုတ်ဘူးဆိုတာ

မင်းနားလည်ထားသင့်တယ်။ မင်းက

လူသားကမ္ဘာ ဒါမှမဟုတ်

ကောင်းကင်ကမ္ဘာကို

အချိန်မရွေးပြန်သွားနိုင်တယ်။

လူသားအင်ပါယာအရှင်နဲ့

ကောင်းကင်အင်ပါယာအရှင်

နှစ်ယောက်စလုံးက မင်းကို

တိုက်ခိုက်မှာမဟုတ်ဘူး။

အနည်းဆုံးတော့ သူတို့က အရင်လို

ပွင့်ပွင့်လင်းလင်း လုပ်မှာ မဟုတ်ဘူး”

ယန်ယဲ့က ဘာမှပြန်မပြောဘဲ

ထွက်သွားသည်။

ယန်ယဲ့ ထွက်သွားသည်နှင့် တစ်ပြိုင်နက်
သက်လတ်ပိုင်းအဘိုးကြီးတစ်ဦး
ပေါ်လာသည်။

လူလတ်ပိုင်းက "ဒုတိယအစ်ကို၊
ဘယ်လိုထင်လဲ" ဟုမေးလိုက်၏။

အဘိုးကြီးက ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး "သူ့ရဲ့
ပင်ကိုယ်စွမ်းရည်က သဘာဝအတိုင်း

ထူးထူးခြားခြားပါပဲ။ သူ့ခွန်အားနဲ့ ပတ်သက်ပြီးတော့ ပြောစရာမရှိပါဘူး။ဒါပေမဲ့ သူ့တာအိုက ငါတို့တာအိုလမ်းစဉ်နဲ့ မလိုက်ဖက်ဘူး”

လူလတ်ပိုင်းက “ငါ သိပါတယ်။ ဒါပေမဲ့ ဆရာက သူ့ကို ဘာလို့ ရွေးချယ်ခဲ့တာလဲ"

အဘိုးကြီး၏ မျက်လုံးများ အနည်းငယ်

မှိတ်သွားကာ "ဆရာ ဘာတွေ

တွေးနေလဲဆိုတာ ဘယ်သူသိလဲ"

ခဏမျှ

တိတ်ဆိတ်ငြိမ်သက်သွားပြီးနောက်

လူလတ်ပိုင်းက “သူက

အသက်ရှင်လျက်ပြန်လာမယ်လို့

ထင်လား”

အဘိုးကြီးက နှုတ်ဆိတ်နေသည်။

...

ယန်ယွဲ့ သည် ကောင်းကင်အမြင့်ရှိ တိမ်တိုက်များကြားတွင် ရှိနေခဲ့သည်။ သူသည် တိမ်တိုက်ပေါ်တွင် ထိုင်ကာ အဝေးကို တိတ်တဆိတ် လှမ်းကြည့်နေသည်။

သူ၏နားထဲတွင် အသံတစ်သံ

ရုတ်တရက်ပဲ့တင်ထပ်လာသည် "မင်းဟာ

စစ်တုရင်ခုံလို့ ခေါ်တဲ့ ရေဝဲထဲမှာ

အမြဲရှိနေသလိုပဲ မဟုတ်လား။ မင်း

ဘယ်လောက်ပဲ သန်မာလာပါစေ

ရှင်သန်ဖို့ တခြားသူတွေကို

အားကိုးနေရတုန်းပဲလား"

ယန်ယဲ့က

ဟိုကြည့်ဒီကြည့်ကြည့်လိုက်ရာ

မလှမ်းမကမ်း၌ လက်မပါသော လူတစ်ယောက်ရပ်နေသည်ကို တွေ့လိုက်ရသည်။

Translated By NyiNyiSoe

May Be:

...အပိုင်း ၂၄၈၅

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယဲ့ သည် လက်မဲ့လူကို

လှည့်ကြည့်လိုက်ပြီး "မင်းက

ဘယ်သူလဲ" ဟု မေးလိုက်သည်။

လက်မဲ့လူက ယန်ယဲ့ဆီ လျှောက်လာရင်း

ကောင်းကင်အဝေးတစ်နေရာကို

မျှော်ကြည့်ကာ "မင်း

အရမ်းအထီးကျန်သလို

ခံစားနေရတယ်မဟုတ်လား။

တစ်ကမ္ဘာလုံးက မင်းကို ဆန့်ကျင်နေသလိုမျိုးဖြစ်နေတာ ငါသိတယ်။ ဒါပေမဲ့ ဒါဟာ မင်းကိုယ်တိုင် ရွေးချယ်တဲ့လမ်းပဲမဟုတ်လား"

ယန်ယဲ့ သည် စကားပြန်မပြောအားဘဲ ငြိမ်သက်သွားသည်။

လက်မဲ့လူက ဆက်ပြောသည် “မင်းဟာ ဆန်းကြယ်တိုက်ကြီး ကစလို့

ဘယ်လိုလမ်းကြောင်းလဲ။

လမ်းတစ်လျှောက်လုံး ကိုယ့်ကိုယ်ကိုပဲ အားကိုးနေခဲ့ရတယ်။

မျိုးနွယ်ခြားအားလုံး၊ နတ်မျိုးနွယ်၊ မဟာလမ်းစဉ် (၄) ခု ဒါမှမုတ် တခြားဘယ်အင်အားစုကိုမှ မှီခိုအားထားလို့ မရနိုင်ဘူးဆိုတာ သိထားရမယ်။ ကိုယ့်ကိုကိုယ်ပဲ အားကိုးလို့ရတယ်။ တာအိုလမ်းစဉ်ရဲ့

အဲဒီလူက မင်းကို ကာကွယ်ပေးလိမ့်မယ်

၊ ဒါက အဓိပ္ပါယ်မရှိသလိုပဲ

။ မင်းသူတို့အတွက် တန်ဖိုးမရှိတဲ့အခါ

မင်းကို စွန့်ပစ်ဦးမယ့်သူတွေ

ဖြစ်လာလိမ့်မယ်။ ဒါအမှန်တရားပဲ။သွေး

နဲ့ပတ်သက်တဲ့လူကလွဲရင်

တခြားတန်ဖိုးမရှိတဲ့သူကို ဘယ်သူက

ဂရုမစိုက်မှာတဲ့လဲ"

လက်မဲ့လူက စကားကိုခဏရပ်ပြီး

ရှေ့သို့ အနည်းငယ်တိုးလာကာ

"ဒီနှစ်တွေတစ်လျှောက်မှာ

မင်းအများကြီး

ဒုက္ခရောက်ခဲ့ရတယ်ဆိုတာ

ငါသိပါတယ်။ဒါပေမဲ့ တချို့အရာတွေက

ကိုယ်တိုင်လုပ်ရမယ့်အရာတွေပဲ"

ယန်ယဲ့ သည် လက်မဲ့လူကို ကြည့်ပြီး

"မင်းက ဘယ်သူလဲ" ဟု

ထပ်မေးလိုက်သည်။

"နောင်မှာ
မင်းသိလာလိမ့်မယ်" လက်မဲ့လူက
“မင်းဟာ တာအိုလမ်းစဉ်ရဲ့
နဝမမြောက်ဆက်ခံသူ ဖြစ်နေပြီ။
အဲဒါအတွက် လုပ်စရာတွေအများကြီးကို
လုပ်လို့ရပေမယ့် အရမ်းကြီး မယုံပါနဲ့လို့
ပြောချင်တယ်။ ဒီတော့ မင်းနဲ့တွေ့ဖို့
အချိန်ခဏလေးဖွဲ့ယူလိုက်တာပဲ။
တာအိုလမ်းစဉ်ရဲ့အကာအကွယ်ကိုရရှိ

ထားလို့

မင်းဘဝကအေးချမ်းသွားပြီလို့မထင်လို

က်နဲ့။ လောကမှာ

ကြောက်စရာအကောင်းဆုံးအရာက

ဒေါသထွက်လာတာပဲ။ ဒါ့အပြင်

မင်းသိချင်နေတာတစ်ခုရှိသေးတယ်မဟု

တ်လား။ မင်းဆီမှာရှိတဲ့ အဲဒီအရာကို

အရမ်းကြီးအားကိုးမနေနဲ့။ အဆုံးမှာ

တော့ ဒါဟာ မင်းနဲ့မသက်ဆိုင်သလို
တစ်နေ့မှာ မင်းကို ထားသွားနိုင်တယ်"

မူလစေတီ ...။

လက်မဲ့လူက မူလစေတီအကြောင်း
သိနေသဖြင့် ယန်ယဲ့၏မျက်လုံးများက
အနည်းငယ်ကျဉ်းမြောင်းသွားပါတော့သ
ည်။

ဤအချိန်တွင် လက်မဲ့လူက ရုတ်တရက်
“မင်းဟာ နတ်မျိုးနွယ်နဲ့
အရမ်းနီးစပ်လွန်းတယ်” ဟု
ထပ်ပြောလိုက်သည်။

ယန်ယဲ့ က
"ဘာလို့လဲ၊ သူတို့နဲ့ပတ်သက်လို့ တစ်ခုခု
မှားနေပြီလား”

လက်မဲ့လူက ခေါင်းခါပြီး “မင်းကို သူတို့ ဘယ်လိုဆက်ဆံတယ်ဆိုတာ ငါပြောစရာမရှိပါဘူး။ သူတို့မှာ တစ်ကိုယ်ကောင်းဆန်တဲ့ ရည်ရွယ်ချက်တွေ မရှိဘူးလို့ ယုံဖို့ ငြင်းဆိုပေမဲ့ ဒါဟာ ပုံမှန်ပါပဲ။ ဘာပဲဖြစ်ဖြစ် သတိထားပါ။ ဒီလောကဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းထောင်သောင်းများစွာအတွင်း

မှာ

အရှုပ်ထွေးဆုံးအခြေအနေကိုရောက်နေ

ပြီ။  ထူးခြားတဲ့အရာတွေ၊ ထူးဆန်းတဲ့

တည်ရှိမှုတွေအကုန်

ထွက်လာတော့မယ်။ မင်းမှာ

ခွန်အားမရှိရင် အမြောက်အစာအဖြစ်

အသုံးချခံခွင့်တောင် ရှိလာမှာ

မဟုတ်ဘူး”

ယန်ယဲ့ က လေးနက်စွာပြောလိုက်သည်

"မင်းကဘယ်သူလဲ"

လက်မဲ့လူက ပြုံးပြီး “နောင်မှာ

မင်းသိလာလိမ့်မယ်။ အစစအရာရာသတိ

ထားပါ"ဟုသာ ထပ်ပြောခဲ့သည်။

ထိုစကားပြောပြီးနောက် လက်မဲ့လူက

နေရာမှာတင် ပျောက်သွားခဲ့သည်။

ယန်ယဲ့ တစ်ယောက်တည်းသာ

ဤနေရာတွင် ကျန်နေခဲ့သည်။

ယန်ယဲ့ သည် ခေါင်းယမ်းကာ

မူလစေတီထဲသို့ ဝင်လိုက်သည်။

ထို့နောက် နှင်းပွင့်လေး နှင့် အဓိပတိဓား

ရှိရာသို့ သွားပြီး ဓားကိုစိုက်ကြည့်ကာ

"မင်းဘာလိုချင်လဲ" ဟု

လေးနက်စွာပြောလိုက်သည်။

နတ်မျိုးနွယ်၏ စစ်ဗျူဟာမှူး

ပြောခဲ့သလိုပင်၊ နှင်းပွင့်လေးအတွက်ဖြင့်

ထွက်မသွားခြင်းက မဖြစ်နိုင်ပါ။

အဓိပတိဓားက

ခဏကြာတိတ်ဆိတ်နေပြီးမှ

"ငါမနေနိုင်ဘူးလား" ဟု ပြန်မေးခဲ့သည်။

ယန်ယဲ့က ခေါင်းခါလိုက်ပြီး "မဟုတ်ဘူး၊

ငါနားမလည်ဘူး။ ဒါဆို ငါမေးချင်တယ်"

အဓိပတိဓား က “ဒါကို နှင်စိုးရိမ်နေစရာ မလိုပါဘူး။ ကိုယ့်လုပ်ငန်းကို ဂရုစိုက်ပါ"

စကားပြောပြီးသည်နှင့်

အလင်းတန်းအသွင်ပြောင်းကာ

ဖျတ်ခနဲပျောက်ကွယ်သွားသည်။

ယန်ယဲ့ သည် အချိန်အတော်ကြာ

တိတ်ဆိတ်သွားပြီးနောက် မူလစေတီ

ထဲမှ ပြန်ထွက်လာခဲ့သည်။

အပြင်လောက ပြန်ရောက်လာသည်နှင့်

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

ကောင်းကင်သို့

ပျောက်ကွယ်သွားခဲ့သည်။

လက်နက်လမ်းစဉ် ....။

ယန်ယဲ့ သည် လက်နက်လမ်းစဉ်ကို

အရင်သွားကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

လက်နက်လမ်းစဉ်က

သွားရအနီးဆုံးဖြစ်သောကြောင့်ပါ။

ခဏအကြာတွင် ယန်ယဲ့ သည်

လက်နက်ကမ္ဘာအဝင်ဝသို့

ရောက်ရှိလာခဲ့သည်။

အချိန်ခဏအကြာတွင်တော့

သူ့ရှေ့တွင်သက်လတ်ပိုင်းအမျိုးသားတ

စ်ဦး ပေါ်လာခဲ့သည်။

သက်လတ်ပိုင်းအမျိုးသားက

မျက်မှောင်ကြုတ်ကာ “မင်းပဲလေ”

ယန်ယွဲ့ သည် ယခင်က ဤနေရာတွင်

ပြဿနာတက်ဖူးသောကြောင့်

လက်နက်လမ်းစဉ်၏ အုပ်ထိန်းသူကို

သဘာဝကျကျ သိနေခဲ့သည်။

ယန်ယဲ့ က ခေါင်းညိတ်ပြီး

စကားစရန်ပြင်လိုက်စဉ် ထိုလူက

အေးစက်စက်ပြောလိုက်သည်

"ထွက်သွား၊ မင်းကို ဒီမှာ မကြိုဆိုဘူး"

ယန်ယဲ့က

လက်နက်လမ်းစဉ်၏အုပ်ထိန်းသူကို

တစ်ချက်ကြည့်လိုက်ပြီး "ငါက

တာအိုလမ်းစဉ်ကို

ကိုယ်စားပြုပြီးရောက်လာတာ။

လက်နက်လမ်းစဉ် က ဘယ်လိုလဲ။

ကိုယ့်ဆီ လာလည်တဲ့ ဧည့်သည်ကို

ဘယ်လိုဆက်ဆံနေတာလဲ” ဟုပြောကာ

နောက်လှည့်ပြီး ထွက်သွားရန်ပြင်သည်။

ဤအချိန်တွင်

သက်လတ်ပိုင်းအမျိုးသားက

“ခဏနေဦး” ဟု ရုတ်တရက်

ပြောလိုက်သည်။

သို့သော်လည်း ယန်ယဲ့ သည်

မရပ်တန့်ခဲ့ပေ။

သက်လတ်ပိုင်းအမျိုးသားက

မျက်နှာပျက်သွားသည်။ ထို့နောက်

ယန်ယဲ့ရှေ့တွင် ပေါ်လာပြီး
လမ်းရှေ့ပိတ်ရပ်ထားလိုက်သည်။

ယန်ယဲ့က ဘာမှမထူးခြားဘဲ "ဘာလဲ"

"မင်းကိုရပ်ဖို့ပြောနေတာ" သက်လတ်ပို
င်းအမျိုးသားက ဆက်ပြောသည်
“ငါပြောတာကို မကြားလိုက်ဘူးလား”

သို့သော် သူပြန်ရလိုက်သည့်အဖြေကား

ဓားအူသံ ရုတ်တရက်ပဲ့တင်ထပ်လာ၏။

အောင်း....

ဓားစွမ်းအင်တစ်စင်းက

သက်လတ်ပိုင်းအမျိုးသားကို ထိမှန်ကာ

၃ ကီလိုမီတာအကွာသို့

လွင့်ထွက်သွားခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့ သည်
သက်လတ်ပိုင်းအမျိုးသား ဆီသို့
လျှောက်လာကာ "မင်းပြောတဲ့အတိုင်း
ငါရပ်သင့်သလား။ မေးပါဦးမယ်။
မင်းကိုယ်မင်းဘယ်သူထင်လို့လဲ"

သက်လတ်ပိုင်းအမျိုးသား၏
မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားပြီး "မင်း ဒီကိုလာပြီး
ဒုက္ခရှာနေတာလား"

ယန်ယဲ့ က ရပ်လိုက်ပြီး "ပြဿနာရှာဖို့ပတွက် ရောက်လာတာမဟုတ်ဘူး။ မှန်မှန်ကန်ကန် ပြောစေချင်တယ်။ မင်းငါ့ကို အမိန့်ပေးသလိုမျိုး ပြောနေတာ ရပ်လိုက်။ ဒါဆို ငါအခုဝင်လို့ရမလား"

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို အချိန်အတော်ကြာ စိုက်ကြည့်ပြီး

“ဟုတ်ပါတယ်။ မင်း အသက်ရှင်လျက်
ထွက်လာနိုင်မယ်လို့ ငါမျှော်လင့်တယ်"

ယန်ယဲ့က လျှောင်ပြောင်ရယ်မောပြီး
"မင်းထွက်မသွားနဲ့ဦး။ မင်းရဲ့
လက်နက်လမ်းစဉ်မှာ အခြေအနေကို
ခဏလောက်စောင့်ကြည့်နေပါလား"

စကားပြောပြီးသည်နှင့် ယန်ယဲ့ သည်
လက်နက်ကမ္ဘာသို့ ဝင်လိုက်သည်။

သက်လတ်ပိုင်းအမျိုးသား၏

အမူအရာက အလွန် ဆိုးရွားလှသည်။

လက်နက်ကမ္ဘာ ....။

ယန်ယဲ့ ရောက်နေပြီ။

အချိန်သိပ်မကြာလိုက်ပေ၊ ယန်ယဲ့

ရောက်ရှိလာသည့်သတင်းသည်

လက်နက်လမ်းစဉ်တစ်လျှောက်

ပြန့်နှံ့သွားပါတော့သည်။

လက်နက်လမ်းစဉ်၏ လမ်းကြောင်း (၆)

သွယ်စလုံး

ယန်ယွဲ့ကို ကောင်းကောင်းသိနေကြသည်

။ နောက်ဆုံးတွင် ထိုလူက

လက်နက်လမ်းစဉ်ကို

အကြီးအကျယ်ခေါင်းကိုက်စေသည်မဟု

တ်ပါလား။ ထိုလူက
ချက်ချင်းပြန်ရောက်လာလေပြီ။

သို့သော် သူသည် တာအိုလမ်းစဉ်၏
ဆက်ခံသူအဖြစ်
ပြန်လည်ရောက်ရှိလာခဲ့သည်။

လက်နက်လမ်းစဉ် က မည်သို့
ဖြေရှင်းမည်နည်း။

နောက်ဆုံးအခေါက်က
လက်နက်လမ်းစဉ်၏ ဆက်ခံသူသည်
တာအိုလမ်းစဉ်သို့ သွားပြီးနောက်
ပြန်မလာနိုင်တော့ပေ။

ယန်ယဲ့ သည်
သတ်ဖြတ်ခြင်းလမ်းကြောင်းကို
အရင်သွားလိုက်သည်။
ယခင်အတိုင်းပင်၊

သတ်ဖြတ်ခြင်းလမ်းကြောင်းသည်
တိတ်ဆိတ်ငြိမ်သက်နေတုန်းပါ။

သူသည် သတ်ဖြတ်ခြင်းလမ်းကြောင်းကို
တိုက်ခိုက်ရန်မဟုတ်ဘဲ
အတိတ်တစ်ချိန်ကသူ့အား ကူညီခဲ့သည့်
အကြီးအကဲမို ကိုတွေ့ဆုံရန်သာ။

ယန်ယဲ့ သည် ခန်းမတစ်ခုရှေ့တွင်

တံမျက်လှည်းနေသော အကြီးအကဲမိုကို

တွေ့လိုက်ရသည်။

အကြီးအကဲမို က အံ့သြသွားပုံမရပေ။

သူသည် ယန်ယဲ့ကို

ခဏာစိုက်ကြည့်လိုက်ပြီး

"တာအိုလမ်းစဉ်ရဲ့ကိုယ်စား

မင်းဒီကိုရောက်နေတာလား"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။

အကြီးအကဲမို က အနည်းငယ် ခေါင်းညိတ်လိုက်ပြီး “တာအိုလမ်းစဉ်က မင်းကို အသိအမှတ်ပြုထားပုံပဲ။ ဂုဏ်ယူပါတယ်”

ယန်ယဲ့က သူ့ခေါင်းကို ခါလိုက်ပြီး “ဂုဏ်ပြုဖို့ မထိုက်တန်ပါဘူး” သူသည်

ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး "ဘာပဲဖြစ်ဖြစ် ငါ့ကိုယ်ငါ အားကိုးရမှာပေါ့" ဟု ဆက်ပြောသည်။

"မှန်ပါတယ်" အကြီးအကဲ မိုက ဆက်ပြောသည် “ဒီကိုပြန်ရောက်လာတာ ဘယ်လိုခံစားရလဲ။ အထူးသဖြင့်တော့ တာအိုလမ်းစဉ်ရဲ့ ဆက်ခံသူအနေနဲ့ ဒီမှာ ရှိနေတာက..."

ယန်ယဲ့က

“ဘာမှမဟုတ်ပါဘူး။ မိတ်ဆွေဟောင်းတချို့ကို တွေ့ဆုံပြီးပြန်သွားလိုက်မယ်"

"အဲ့လောက်မလွယ်မှာကို ငါကြောက်တယ်" အကြီးအကဲမို က ဆက်ပြောလိုက်သည် “ငါ့ရဲ့အသိအရ၊ လက်နက်လမ်းစဉ်ရဲ့ ညဏ်ကြီးရှင်ဟာ တာအိုလမ်းစဉ်ကနေပြန်မလာနိုင်ခဲ့ဘူး။ ဒါဟာ မဟာလမ်းစဉ် ၂ခုစလုံးကို

အများကြီးမထိခိုက်စေပေမယ့်

လက်နက်လမ်းစဉ်က ခွန်အားပြဖို့

သေချာပေါက် ကြိုးစားမှာပါ”

ယန်ယဲ့က ပြုံးပြီး “သူတို့ ငါ့ကို

ထွက်သွားခိုင်းရင်

ငါထွက်သွားမယ်။ ဒါပေမဲ့ သူတို့က ငါ့ကို

ခွင့်မပြုရင် တိုက်ခိုက်တာပေါ့။ အဲဒီနေ့က

ငါနဲ့ လက်နက်လမ်းစဉ်ကြားက

ဆက်ဆံရေးကို

အဆုံးအဖြတ်ပေးပြီးပြီ။ ဒါ့ကြောင့်
လက်နက်လမ်းစဉ်က
တိုက်ခိုက်ချင်တယ်ဆိုရင်တော့
အဆုံးအထိ တိုက်မှာပါ”

အကြီးအကဲမိုက ခေါင်းညိတ်သည်
“မင်းကို ငါတော်တော် သဘောကျတယ်။
ဒါ့ကြောင့် နောက်ထပ် စကားနည်းနည်း
ပြောမယ်။ တကယ်တော့
မျိုးနွယ်ခြားအားလုံး၊ နတ်မျိုးနွယ်၊

မဟာလမ်းစဉ် (၄) ခုက
မင်းစိုးရိမ်နေသင့်တဲ့အရာမဟုတ်ဘူး။
ပိုပြီးရိုးရှင်းအောင်ပြောရရင် သူတို့ကို
မင်းရဲ့ရန်သူတွေလို့မသတ်မှတ်ပါနဲ့။ သူ
တို့ထက် ပိုကြောက်စရာကောင်းတာတွေ
ရှိသေးတယ်”

ယန်ယဲ့က မျက်မှောင်ကြုတ်ပြီး
“ဒီထက်တောင် အားကောင်းတဲ့
ရန်သူတွေ ရှိသေးတယ်မလား”

အကြီးအကဲမို က

မြေပြင်ပေါ်တွင်ထိုင်ချလိုက်သည်။

ထို့နောက် မြေပြင်ပေါ်တွင် စက်ဝိုင်းပုံစံ

တစ်ဒါဇင်ကျော်ဆွဲလိုက်ကာ

“ဒီဂြိုဟ်တွေအားလုံးက ငါတို့ရဲ့

လောကသုံးပါးမှာပဲရှိနေကြတယ်။

ဒါတွေကို လေ့လာကြည့်ရင် စကြာဝဠာရဲ့

အစူတိုင်ကို

ဗဟိုပြုပြီးလှည့်ပတ်နေတာတွေ့လိမ့်မယ်

။ ဒီတော့ ရာသီစက်ဝန်း (၄)ခု၊

တောင်တန်းတွေ၊ ဒီရေတွေ၊ နေ့နဲ့ ညတွေ

အပါအဝင် တခြားအရာတွေကို

ဖန်တီးထားတယ်။ ဒါက နည်းနည်း

စည်းစနစ်ကျတယ်လို့ မထင်ဘူးလား”

ယန်ယဲ့ က တိတ်ဆိတ်နေကာ

အကြီးအကဲမို

ရှေ့ဆက်ပြောမည့်စကားကို

နားထောင်နေသည်။

အကြီးအကဲမိုက ဆက်ပြောသည်

“စကြဝဠာကြီးက

အရမ်းကိုလျို့ဝှက်ဆန်းကြယ်တယ်။

အကန့်အသတ်မရှိဘူး။လူသားမျိုးနွယ်

မပြောင်းလဲမီအချိန်တုန်းက ဒီလောကမှာ

မရေမတွက်နိုင်တဲ့ သက်ရှိသတ္တဝါတွေ

ရှိခဲ့တယ်။ နတ်မျိုးနွယ်လိုပဲ၊ သူတို့က

သက်ရှိမျိုးနွယ်တွေကတစ်ခုပဲလေ။

ဒါ့ကြောင့် စကြာဝဠာက

နတ်မျိုးနွယ်မတိုင်ခင်

နှစ်ပေါင်းထောင်နဲ့ချီ ဒါမှမဟုတ်

သန်းနဲ့ချီပြီး တည်ရှိနေခဲ့တယ်။

ဒါ့အပြင် ဒီစကြဝဠာဟာ သဘာဝအတိုင်း

မွေးဖွားလာတာလား ဒါမှမဟုတ်

တစ်စုံတစ်ယောက်က ဖန်တီးခဲ့တာလား"

အကြီးအကဲမို က သူ့လက်ကို

မြှောက်လိုက်ရာ လက်ဝါးပေါ်တွင်

ရေလုံးတစ်လုံး ပေါ်လာသည်။

ယန်ယဲ့ က အံ့သြသွားသည်။

အကြီးအကဲမိုက ပြုံးပြီး “ဒီရေလုံးထဲမှာ မရေမတွက်နိုင်တဲ့ သေးငယ်တဲ့ သက်ရှိတွေ ရှိတယ်။ ငါတို့အတွက် ဘယ်လောက်သေးငယ်တဲ့ဘဝလဲဆိုတာ ကြည့်ပါ" သူက ကောင်းကင်ကို မော့ကြည့်လိုက်ပြီး “ငါတို့ရဲ့ ခန္ဓာကိုယ်ထဲမှာ သေးငယ်တဲ့

ဇီဝသက်ရှိတွေ အများကြီးရှိတယ်။

ဒါပေမဲ့ သူတို့ ဘယ်လောက်

သေးသေးလေးလဲဆိုတာ

သိမယ်ထင်လား။ ငါတို့လိုပဲ၊ ငါတို့က

ဒီစကြာဝဠာနဲ့ယှဉ်ရင်

သေးငယ်ကြတယ်”

ယန်ယဲ့က ခေါင်းခါလိုက်ပြီး

“အကြီးအကဲမို၊ မင်း

အခုပြောခဲ့တာတွေက

ရှုပ်ထွေးလွန်းတယ်။ ဒါပေမဲ့ ငါ နည်းနည်းတော့နားလည်လိုက်တယ်။ ဘာပဲဖြစ်ဖြစ် ငါ့အမြင်အရတော့ လက်ရှိပစ္စုပ္ပန်ကိုပဲ အာရုံစိုက်သင့်ပါတယ်။ စကြဝဠာရဲ့ လျှို့ဝှက်ချက်နဲ့ပတ်သက်ရင် စုံစမ်းရှာဖွေဖို့က ငါ့မှာ အချိန်မရှိဘူး”

အကြီးအကဲမို က ပြုံးပြီး “အဲဒါက ငါ မင်းကို ပြောချင်နေတာပဲ”

ယန်ယဲ့ ပြုံးပြီး "ဒါပေမဲ့ ငါ
မင်းအကြောင်း တော်တော်
သိချင်နေတယ် အစ်ကိုကြီး မို"

အကြီးအကဲ မိုက "ငါက ကြုံရာကျပန်း
လေ့လာနေတဲ့
အဘိုးကြီးတစ်ယောက်ပါ။ စူးစမ်းချင်စိ
တ်ရှိဖို့ မလိုပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ်
တခြားလမ်းစဉ်တွေကို သွားမယ့်ခရီးက

လွယ်ကူမယ်မထင်ဘူး။ ကံကောင်းပါစေ
"

ထိုစကားပြောပြီး
လှည့်ထွက်သွားခဲ့သည်။

ယန်ယွဲ့ သည် အကြီးအကဲမို
ထွက်ခွာသွားသည့်ပုံရိပ်ကို
အကြာကြီးကြည့်နေလိုက်သည်။
ထို့နောက် သူလည်း ထွက်သွားသည်။

အကြီးအကဲမို က ရုတ်တရက်

ရပ်တန့်သွားသည် “အရှုံးမပေးတတ်တဲ့

ဝိညာဉ်မိန်းကလေးတောင်မှ

လူဝင်စားသံသရာထဲကို တွန်းပို့ခံရတယ်။

ချီစွမ်းအင်မဲ့

နာမ်ဝိညာဉ်မျိုးနွယ်တစ်ခုလုံးပါ

သမိုင်းထဲက ပျောက်ကွယ်သွားကြတယ်။

ငါထင်တာမမှားရင်တော့

အချိန်ကျလာပြန်ပြီ”

Translated By NyiNyiSoe

May Be:

...အပိုင်း ၂၄၈၆

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

လက်နက်လမ်းစဉ်၏ ပင်မထောင်ထိပ် ။

ယန်ယဲ့ သည် လက်နက်ဖန်ဆင်းရှင် နှင့်

မတွေ့ဆုံခဲ့ပေ။

ရှေ့ဖြစ်ဟောလမ်းကြောင်းသခင်တစ်ဖြစ်

လည်း လက်နက်လမ်းစဉ်၏တာဝန်ခံ

ဟန်ရှန်း နှင့်သာ တွေ့ဆုံခဲ့သည်။

ဟန်ရှန်း ....။

အတိတ်တွင် သူတို့ကြား

ရန်ငြိုးများရှိခဲ့သည်။ ထိုနေ့က သူနှင့်

ကျုံးယွဲ့ နှစ်ယောက်ပေါင်းပြီး ရှေ့ဖြစ်ဟောလမ်းကြောင်းကိုတိုက်ခိုက်ခဲ့ သည်။ ဤအချိန်တွင် လက်နက်လမ်းစဉ်က ဟန်ရှန်းကို စေလွှတ်လိုက်၏။တစ်နည်းအားဖြင့် လက်နက်လမ်းစဉ်က ယန်ယွဲ့အား အလွယ်တကူထွက်သွားခွင့်ပေးမည်မဟု တ်မှန်း သိသာပါသည်။

ဟန်ရှန်း၏အနီးတစ်ဝိုက်တွင် ပညာရှင်

(၄) ပါးရပ်နေသည်။ အခြားလမ်းကြောင်း

(၄) ခု၏

တံဆိပ်ပြားသခင်များပင်ဖြစ်သည်။

ထို့အပြင် ၎င်းတို့နောက်တွင်

လူငယ်တစ်စုရှိနေခဲ့သည်။ ၎င်းတို့က

လက်နက်လမ်းစဉ်၏ ညဏ်ကြီးရှင်များ

ဖြစ်ကြသည်။

ယန်ယဲ့က လူအုပ်ကို

တစ်ချက်ကြည့်လိုက်ပြီး "ဒီနေ့တော့

စိတ်ချလက်ချ

ထွက်သွားနိုင်မယ်မထင်မိဘူး"

ဟုပြောလိုက်သည်။

ဟန်ရှန်းက "မင်းဟာ တာအိုလမ်းစဉ်ကို

ကိုယ်စားပြုပြီး ရောက်လာတဲ့အတွက်

သဘာဝအတိုင်း မင်းမှာ

ထွက်ပေါက်နည်းနည်းရှိမှာပါ။

ငါ့လက်နက်လမ်းစဉ်က

တာအိုလမ်းစဉ်ရဲ့ နဝမမြောက်ဆက်ခံသူ

ဘယ်လောက်သန်မာလဲဆိုတာ

သက်သေပြလိုတယ်။ မင်း ငါတို့ကို

စိတ်မပျက်စေလောက်ဘူးလို့

ငါမျှော်လင့်ပါတယ်”

"မင်း စိတ်ပျက်သွားမှာစိုးရိမ်နေတာလား"

ယန်ယွဲ့က ခေါင်းယမ်းပြီး ပြုံးလိုက်သည်

"ငါ မလုပ်ပါဘူး"

သူက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး "ငါနဲ့ လက်နက်လမ်းစဉ်ကြားက ဆက်ဆံရေးက ပြီးသွားပြီ။ ဒါပေမဲ့ ကျုံးယွဲ့ က ငါ့ကို အများကြီး ကူညီပေးခဲ့တယ်။ ဒါဆို...”

"အဲဒါ မလိုဘူး" ဟာန်ရှန်းက စကားဖြတ်ပြောလိုက်သည် "ဒီနေ့ မင်း

ထိန်းနေစရာ မလိုဘူး။ တာအိုလမ်းစဉ်ရဲ့
ဆက်ခံသူက
ဘယ်လောက်သန်မာနေလဲဆိုတာ
ငါတို့တကယ်ပဲသိချင်မိတယ်"

ယန်ယွဲ့က ခေါင်းညိတ်ပြပြီး ပခုံးတွန့်ကာ
"မင်းကိုယ်တိုင်လုပ်မှာလား။ ဒါမှမဟုတ်
မင်းရဲ့ ရှေ့ဖြစ်ဟောလမ်းကြောင်းက
လူငယ်မျိုးဆက်တွေကို ပို့မှာလား။
ဒါဆိုရင်တော့ ခင်မင်ရင်းနှီးတဲ့အနေနဲ့

သတိပေးစကားတစ်ခွန်းတော့

ပြောခွင့်ပြုပါ။ လက်နက်လမ်းစဉ်ရဲ့

လူငယ်မျိုးဆက်တွေ

အကုန်ပျောက်ကွယ်သွားမှာ

စိုးရိမ်မိတယ်”

ဤနေရာမှ အငွေ့အသက်သည်

ချက်ချင်းပင် တင်းမာလာသည်။

မောက်မာလိုက်တာ ။

ယန်ယွဲ့ သည် ယခင်ကကဲ့သို့ မောက်မာနေဆဲပင်။

"ဟုတ်လား" အသံတစ်ချက် ရုတ်တရက် ထွက်ပေါ်လာပြီးနောက် လူငယ်တစ်ယောက် ဖြည်းညှင်းစွာ လျှောက်လာသည်။ လူငယ်က အသက် ၂၅ နှစ်ဝန်းကျင်လောက်ရှိ၏။ နောက်ကျောတွင် ဓားနှစ်ချောင်းကို သိုင်းလွယ်ထားသည်။

ဓားသမား လား …။

လက်နက်လမ်းစဉ်၏

အဖွဲ့ဝင်အများစုသည်

ဓားကျင့်ကြံသူများပင်ဖြစ်သည်။

ထိုလူငယ်က ယန်ယဲ့ ဆီကို

လျှောက်လာပြီး “မင်းဟာ ဒီစကြဝဠာရဲ့

လူငယ်မျိုးဆက်မှာ နံပါတ်တစ်

ဓားသမားလို့ ပြောကြတယ်။ ဒီတော့ ငါ

မင်းရဲ့ခွန်အားကို

လက်တွေ့စမ်းကြည့်ချင်တယ်။ မင်း

ငြင်းဆန်မှာတော့ မဟုတ်ဘူး...

ဟုတ်တယ်မလား"

ယန်ယဲ့ က ထိုလူငယ်ကို

စိုက်ကြည့်နေသည်။ ထိုလူငယ်က

အနည်းဆုံးတော့

အလယ်အလတ်ရျာန်သခင် ဖြစ်သည်။

ပြောစရာမလိုအောင်ပါ၊

ထိုအသက်အရွယ်ဖြင့် ရျာန်သခင်

ဖြစ်နေခြင်းဟာ ထူးခြားလှသည်။

ယန်ယဲ့က ဘာမှပြန်မပြောဘဲ

စစ်နတ်ဘုရားလုံကို

ထုတ်ကိုင်လိုက်သည်။

ထို့နောက်

လူငယ်၏အပေါ်တည့်တည့်၌ပေါ်လာကာ

စစ်နတ်ဘုရားလှံဖြင့်ထိုးချလိုက်သည်။

လှံချက်မှ

ကြောက်မက်ဖွယ်အားလှိုင်းများ

ပေါက်ကွဲထွက်လာကာ

ရှေ့ဖြစ်ဟောတောင်တန်းပင်လျှင်

တုန်လှုပ်သွားလေသည်။

သို့သော် ချီစွမ်းအင်မပါဘဲ
ရုပ်ခန္ဓာခွန်အားသက်သက်သာ ။

ထို့အပြင် သာမန်ရိုးရှင်းသော
တိုက်ခိုက်မှုတစ်ခုဖြစ်ခဲ့သည်။

ထို့ကြောင့် လူတိုင်း အံ့သြသွားကြသည်။

လူငယ်လေးကတော့ သူ့အမူအရာ
ပြောင်းသွားသည်။

ယန်ယဲ့၏တိုက်ခိုက်မှုသည်
သူမျှော်လင့်ထားသည်ထက် များစွာ
ပြင်းထန်ခဲ့သည်။ သို့သော်
သူ၏တုံ့ပြန်မှုသည်
နှေးကွေးခြင်းမရှိပေ။ သူ့လက်ဝါးကို
ဆတ်ခနဲလှန်လိုက်ရာ
နောက်ကျောရှိဓားနှစ်ချောင်းက
ပျံထွက်လာကာ စစ်နတ်ဘုရားလှံကို
ခုခံလိုက်သည်။

ခလွပ်…

တိုက်မိသည်နှင့် တပြိုင်နက်
ကျယ်လောင်သော အက်ကွဲသံ
ထွက်ပေါ်လာသည်။

ဓားနှစ်ချောင်းလုံး ချက်ချင်း ကွဲအက်
သွားသည်။ တစ်ချိန်တည်းမှာပင်
ပြင်းထန်သော အားလှိုင်းတစ်ခုက
လူငယ်ကို ရိုက်ချလိုက်သည်။

သို့သော်လည်း လူငယ်က
လွင့်ထွက်မသွားဘဲ
ခြေတစ်ချက်ဆောင့်ကာ
ယန်ယဲ့ဆီသို့ခုန်ဝင်လိုက်သည်။

"ခုတ်ပိုင်းစမ်း...." ဤအချိန်တွင်
လူငယ်လေး၏ ဒေါသတကြီးအော်သံ
ထွက်ပေါ်လာပြီး သူ့ထံမှ
မရေမတွက်နိုင်သော ဓားစွမ်းအင်များ
ထွက်လာသည်။ ထို့နောက်တွင်တော့

ယန်ယဲ့ နှင့် စစ်နတ်ဘုရားလှံကို

ဖုံးလွှမ်းသွားခဲ့သည်။

ယန်ယဲ့၏အမူအရာက

လုံးဝပြောင်းလဲမသွားဘဲ

စစ်နတ်ဘုရားလှံကို

တစ်ချက်လှူပ်လိုက်ရုံသာ။

ဘမ်း...

သူ့ပတ်ဝန်းကျင်ရှိ ဓားစွမ်းအင်များ ချက်ချင်း ပျောက်ကွယ်သွားသည်။ သို့သော် လူငယ်က ၃ ကီလိုမီတာ အကွာကို ချက်ချင်း ပြန်ဆုတ်သွား၏။

လူငယ်က ယန်ယွဲ့ကို စိုက်ကြည့်ရင်း "ယန်ယွဲ့၊ ငါတို့က မျှမျှတတတိုက်ခိုက်နေပေမယ့် မင်းဟာ နတ်မျိုးနွယ်ရဲ့ နတ်လက်နက်ကို သုံးနေတာ။ မင်း ဘယ်လောက် အရှက်မဲ့

လဲ" ယန်ယဲ့၏စစ်နတ်ဘုရားလှံက
နတ်လက်နက်တစ်ခုဖြစ်သောကြောင့်
လူငယ်က သဘာဝအတိုင်း
မကျေမနပ်ဖြစ်နေပါသည်။

ထိုစကားကြားသောအခါ ယန်ယဲ့က
လျှောင်ပြောင်ရယ်မောလိုက်သည်
"ကလေးဆန်လိုက်တာ။ ကိုယ့်အစွမ်းအစ
နဲ့ ကိုယ်ရခဲ့တာဆိုတော့
ဘာလို့မသုံးရတာလဲ။ မင်းမကြိုက်ရင်

မင်းကိုယ်ပိုင်နတ်လက်နက်တစ်ခုယူလာခဲ့"

စကားပြောပြီးသည်နှင့် ယန်ယဲ့က ညာခြေကို တစ်ချက်ဆောင့်လိုက်သည်။

ဘုန်း...

ဤနေရာသည် ပြင်းထန်စွာ တုန်ခါသွားပြီးနောက် ယန်ယဲ့ သည်

လှူငယ်ရှေ့တွင်ပေါ်လာကာ
စစ်နတ်ဘုရားလှံဖြင့် ထိုးချလိုက်သည်။

လှူငယ်၏ မျက်လုံးများက
သိသိသာသာပင်
ကျဉ်းမြောင်းသွားသည်။ သူသည်
ပေါ့ပေါ့ဆဆ မလုပ်ရဲဘဲ
လက်နှစ်ဖက်ကိုမြှောက်ပြီး
ထူးဆန်းသော တံဆိပ်တစ်ခု
ဖန်တီးလိုက်သည်။ ထိုခဏလေးမှာပဲ

သူ့အထက်တွင်

ရောမဓားကြီးတစ်ချောင်းပေါ်လာကာ

ယန်ယဲ့၏တိုက်ခိုက်မှုကိုတားဆီးလိုက်သ

ည်။ သို့သော် ရောမဓားကြီးက

ချက်ချင်းပင်

အရောင်မှိန်ဖျော့သွားပုံရသည်။ ယန်ယဲ့

က မရပ်တန့်ဘဲ စစ်နတ်ဘုရားလှံကို

ရှေ့သို့ထိုးသွင်းလိုက်လေသည်။

ခွမ်း..

ဤ]တစ်ကြိမ်မှာ ရောမဓားကြီးက
အပိုင်းပိုင်း ကွဲထွက်သွား၏။
တန်ပြန်အားက လူငယ်ကိုလည်း
လွင့်ထွက်သွားစေခဲ့သည်။

ဘမ်း...

လူငယ်က ၁၀ ကီလိုမီတာအကွာထိပင်
လွင့်ပျံသွားသည်။ နောက်ဆုံးတွင်

တောင်ပေါ်သို့ ပြုတ်ကျလာကာ

ငြိမ်သက်နေခဲ့သည်။ လူငယ်က

မလှုပ်တော့ဘဲ

သေသလားရှင်သလားပင်မသိနိုင်တော့

ပေ။

ပတ်ဝန်းကျင် သည် တိတ်ဆိတ်မှုဖြင့်

ပြည့်နှက်နေသည်။

သို့သော်လည်း ယန်ယဲ့ သည်
မရပ်သေးပါ။ တောင်ပေါ်သို့
ဆင်းချလာသည်။

တစ်ချိန်တည်းမှာပင် ဟန်ရှန်းက
“ရပ်လိုက်တော့...”

သို့သော်လည်း ယန်ယဲ့ သည် ဟန်ရှန်းကို
လစ်လျူရှုကာ
တောင်ပေါ်ရောက်နေပါပြီ။ ထိုမြင်ကွင်း

ကြောင့် ဟန်ရှန်း၏မျက်နှာက

ဆိုးရွားသွားလေသည်။ သူ

တိုက်ခိုက်ခါနီးတွင်တော့

တောင်ထိပ်တစ်နေရာမှ

အော်ဟစ်သံတစ်သံ ထွက်ပေါ်လာသည်။

အသံက

အလွန်သနားစရာကောင်းလှသည်။ ခဏ

အကြာတွင်တော့ ယန်ယွဲ့သည်

သွေးစီးကျနေသော

ခေါင်းပြတ်တစ်လုံးကိုင်ထားရင်း
တောင်ပေါ်မှ ပြေးထွက်လာသည်။

သူ့လက်ထဲရှိ ခေါင်းပြတ်က
လူငယ်၏ခေါင်းပါ။

လက်နက်လမ်းစဉ်မှ အဖွဲ့ဝင်တိုင်း
မျက်နှာပျက်သွားကြတော့သည်။
ထို့အပြင် လူတိုင်း၏ မျက်လုံးထဲ၌လည်း
သတ်ဖြတ်လိုစိတ်များပေါ်လာခဲ့သည်။

ဟန်ရှန်းက ယန်ယဲ့ကို စိုက်ကြည့်ကာ

"မင်း

အရမ်းလွှန်လွှန်းနေတယ်မထင်ဘူးလား"

ယန်ယဲ့ သည်

သွေးတစ်စက်စက်စီးကျနေသော

ခေါင်းပြတ်ကို

ဟန်ရှန်းရှေ့ပစ်ချလိုက်သည်။ ထို့နောက်

သူက "ဘာလဲ။ဟန်ရှန်း၊ မင်းက

လာနောက်နေတာလား။ မင်းတို့လည်း အ

ခွင့်အရေးရရင်

ငါ့ခေါင်းကိုဖြတ်မှာပဲလေ။ ဟန်ရှန်း၊

မင်းက တခြားသူတွေကို

အကြံအစည်ကောင်းတွေနဲ့

အကွက်ချလုပ်ကြံတတ်တယ်လို့

ငါကြားတယ်။ ဒီတော့

လက်နက်လမ်းစဉ်နဲ့ ငါ့ရဲ့ဆက်ဆံရေး

ပိုဆိုးလာဖို့ မင်းသူ့ကို စေလွှတ်ခဲ့တာ

ငါသိတယ်။ ဒါလည်း
အဆင်ပြေပါတယ်။ အဲဒါကို
ငါမကြောက်ဘူး”

ဤအချိန်တွင် အဘိုးကြီးတစ်ယောက်
ရှေ့ထွက်လာသည်။ သူက ယန်ယဲ့ ဆီသို့
လျှောက်လာကာ "ငါ့လက်နက်လမ်းစဉ်ရဲ့
ညဏ်ကြီးရှင်တစ်ယောက်က မင်းရဲ့
တာအိုလမ်းစဉ်ကို
အလည်အပါတ်သွားခဲ့တယ်။

အဲဒီအချိန်မှာ တာအိုလမ်းစဉ်ရဲ့

ညဏ်ကြီးရှင်က သူ့ကို

'ဖျော်ဖြေမှု'ပေးလိုက်တာ။ အခု

တာအိုလမ်းစဉ်ရဲ့

ညဏ်ကြီးရှင်တစ်ယောက်

ရောက်လာပြီဆိုတော့ ငါတို့က မင်းကို

ကောင်းကောင်း ဖျော်ဖြေရမှာပဲ၊ ဒါမှ

ငါတို့က မင်းကို လေးစားမှုအပြည့်နဲ့

ပြသနိုင်မှာပါ…”

ယန်ယဲ့ က သူ့လက်ကို ဝှေ့ယမ်းပြီး

အဘိုးကြီးအား

စကားဖြတ်ပြောလိုက်သည်

"အပိုစကားတွေရပ်လိုက်ပါ။ မင်းငါ့ကို

အနိုင်ကျင့်တိုက်ခိုက်ချင်နေတာဆိုလည်း

ပြတ်ပြတ်သားသားပြောလိုက်။ မှန်ကန်

တဲ့ အကြောင်းပြချက်တွေ ပေးဖို့ ဒီလို

ဆိုးရွားတဲ့ ဆင်ခြေတွေ ဖန်တီးဖို့

မကြိုးစားပါနဲ့"

သူ့ရှေ့ရှိ အဘိုးကြီးက စစ်မှန်သော
ပညာရှင်တစ်ပါး ဖြစ်ခဲ့သည်။

အဘိုးကြီးက အနည်းငယ်
ခေါင်းညိတ်ကာ
“မှန်ပါတယ်။ မင်းအဲလိုပြောပြီးပြီဆို
တော့ ငါ ရိုးရိုးသားသားပြောမယ်။ လာ၊
မင်း ဘယ်လောက် သန်မာလဲဆိုတာ
ငါကြည့်ရအောင်”

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး "ကျင့်ကြံခြင်းလမ်းစဉ်ကို စပြီးခြေချတဲ့အချိန်ကစလို့ ငါအများကြီးသတ်ခဲ့တယ်။ ဒါပေမဲ့ ပညာရှင်တစ်ပါးကိုတော့ တစ်ခါမှ မသတ်ဖူးဘူး။ ဒါ ငါ့အတွက် အမြဲနောင်တရနေခဲ့တဲ့အရာတစ်ခုပဲ။ ဒီနေ့တော့ နောင်တမရဖို့ ငါမျှော်လင့်တယ်"

စကားပြောပြီးသည်နှင့် ယန်ယဲ့သည်

နေရာတွင်ပင် ပျောက်ကွယ်သွား၏။

ထို့နောက်တွင် အဘိုးကြီးရှေ့၌

ရောက်နေလေသည်။ အဘိုးကြီးက

တုန်လှုပ်မသွားဘဲ

သူ၏ညာဖက်လက်ဝါးကို မြှောက်ပြီး

ဖြည်းညှင်းစွာ ဖိချလိုက်သည်။

အုန်း....

အဘိုးကြီးရှေ့မှ
ပြင်းထန်သောစွမ်းအားလှိုင်းကြီးတစ်ခု
အရှိန်ပြင်းပြင်း ပြေးထွက်လာသည်။

သို့သော် တစ်ချိန်တည်းမှာပင်
ယန်ယဲ့၏စစ်နတ်ဘုရားလှံက
နတ်မြှားတစ်စင်းအလား
ရှေ့သို့ပစ်လွှတ်လိုက်တော့သည်။

ဘမ်း...

တိုက်ခိုက်လိုက်သည်နှင့် တန်ပြန်အားက

အဘိုးကြီးအား

နောက်ပြန်ဆုတ်သွားစေသည်။ ယန်ယဲ့

သည် စစ်နတ်ဘုရားလှံရှေ့မှာ

ဖျတ်ခနဲပေါ်လာသည်။ ထို့နောက် လှံကို

ဖမ်းဆုပ်ကာ နေရာမှာပင်

ပျောက်ကွယ်သွားခဲ့သည်။

ဂျုန်း....

စစ်မှန်သော ပညာရှင်နှင့်

ရင်ဆိုင်သောအခါ  ယန်ယဲ့ သည်

အားချန်မထားရဲပေ။ စစ်နတ်ဘုရားလှံ့ကို

အင်အားအပြည့်ဖြင့်

ပစ်လွှတ်လိုက်သည်။

တိုက်ပွဲအချိန်တွင်း သူ၏

တိုက်ခိုက်မှုတိုင်းဟာ ရိုးရှင်းပါသည်။

အကြောင်းမှာ ဤအဆင့်ရှိ

ကျင့်ကြံသူများနှင့် တိုက်ခိုက်ရာတွင်

နည်းစနစ်များက

အသုံးမဝင်လှပေ။ ဤအဆင့်တိုက်ပွဲတွင်

နည်းစနစ်တစ်ခုကို ထုတ်ဖော်ရန်

အချိန်မရှိသောကြောင့်ပါ။လှုပ်ရှားမှုက

ပိုရိုးရှင်းလေလေ

လက်တွေ့ကျလေလေပင်။

ယန်ယဲ့ သည် စစ်နတ်ဘုရားလှံကို အသုံးပြုနေသော်လည်း အဘိုးကြီးက အားနည်းခြင်းမရှိပေ။

ယန်ယဲ့ တိုက်ခိုက်လိုက်သည်နှင့် အဘိုးကြီးက နေရာမှာပင် ပျောက်သွား၏။ ထို့နောက်တွင်တော့ မရေမတွက်နိုင်သောပုံရိပ်များ ထွက်ပေါ်လာပါတော့သည်။ တစ်ချိန်တည်းမှာပင် မရေမတွက်နိုင်သော

လက်ဝါးရိုပ်မြောက်များစွာ
ရုတ်ချည်းပေါ်လာကာ ယန်ယဲ့ကို
ရိုက်ချလိုက်ကြသည်။

တစ်ချိန်တည်းမှာပင် အာကာသပြင်
စုတ်ပြဲသွားသည့် အသံပါ
ထွက်ပေါ်လာတော့သည်။

ဒီအချိန်မှာ ယန်ယွဲ့ သည် သူ့ရင်ဘတ်ပေါ်

ရောမသံတူကြီး

ရိုက်ချခဲ့သလိုခံစားလိုက်ရလေသည်။

အုန်း...

ယန်ယွဲ့၏ပုံရိပ်က လွင့်ထွက်သွားသည်။

အဘိုးကြီးက အခွင့်အရေးကို

လက်လွှတ်မခံပေ။

ဒါဇင်ချီသော ပုံရိပ်ယောင်များက

ယန်ယဲ့ဆီသို့ တိုးဝင်လာလေတော့သည်။

ဤအချိန်တွင် အာကာသပြင်သည်

တောက်လျှောက် ပြိုကျသွားသည်။

ယန်ယဲ့၏မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားလေပြီ။

ထိုတိုက်ခိုက်မှုကိုသာ မရပ်တန့်နိုင်ခဲ့ပါက

သူ့အနေဖြင့်

ငရဲရောက်ဖို့သေချာသလောက်ဖြစ်သည်
။

သူက အသက်ပြင်းပြင်းရှူလိုက်ပြီးနောက်
စစ်နတ်ဘုရားလုံ့က ဖျတ်ခနဲ
ပျောက်ကွယ်သွားသည်။

သူ၏လက်ထဲတွင်
အနက်ရောင်ဓားတစ်ချောင်းကိုင်ထား
လေသည်။

တရားစီရင်ခြင်းဓား...

ထို့နောက်တွင်တော့ ယန်ယဲ့ သည်

အဘိုးကြီး ဆီသို့ ဖြည်းညှင်းစွာ

လျှောက်လာခဲ့သည်။

သူ၏ခြေလှမ်းတိုင်း နှင့်အတူ

သူ့ခြေထောက်အောက်၌

ဓားစွမ်းအင်တစ်စင်းစီ ပေါ်လာခဲ့သည်။

ဤအချိန်တွင် ပုံရိပ်ယောင်တိုက်ခိုက်မှုက သူ့ရှေ့သို့ရောက်လာပါတော့သည်။

ယန်ယဲ့က တရားစီရင်ခြင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက် ရှေ့သို့ လှမ်းထိုးလိုက်၏။

ဆူး...

Translated By NyiNyiSoe

May Be:

...အပိုင်း ၂၄၈၇

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယဲ့ တိုက်ခိုက်လိုက်သည်နှင့်

ဓားနယ်မြေပါ

ရုတ်တရက်ပေါ်လာပြီးနောက်

သူ့ကိုဗဟိုပြု၍

မရေမတွက်နိုင်သောဓားစွမ်းအင်များ

ဖြာထွက်လာသည်။

ထို့အပြင် ကြောက်စရာအကောင်းဆုံးအ

ပိုင်းမှာ ယန်ယွဲ့ သည် ဓားစွမ်းအင်

(၁၀,၀၀၀) နီးပါးကို

ထုတ်ဖော်ထားခဲ့သည်။

အမှန်တော့ ဤတိုက်ခိုက်မှုသည်

အနန္တဓားနယ်မြေအစီအရင်ဖြစ်သည်။

သို့သော်လည်း မူလအစီအရင်ကို

အဆင့်ထပ်မြှင့်ထား၏။

ဓားစွမ်းအင်တစ်ခုစီတိုင်းက

အလွန်ပင်ကြောက်စရာကောင်းလှသည်။

မရေမတွက်နိုင်သော

ဓားစွမ်းအင်အလင်းတန်းများ

ဖြာထွက်လာပြီး ပုံရိပ်ယောင်များကို

ချက်ချင်း ဖုံးအုပ်သွားသည်။

ဆူး… ဆူး… ဆူး…

အာကာသကို ဖြတ်တောက်လိုက်သော
အသံများ အဆက်မပြတ်
ထွက်ပေါ်လာသည်။

လက်နက်လမ်းစဉ်မှ ကျင့်ကြံသူများ၏
မျက်နှာများက
ကြည့်မကောင်းလှတော့ပေ။

ယန်ယဲ့ သည် ဤမျှလောက်

သန်မာမည်ဟု သူတို့

မမျှော်လင့်ထားခဲ့ပါ။

ပညာရှင်တစ်ပါးကပင် သူ့ကို

အနိုင်မယူနိုင်တော့ပေ။

ပညာရှင်အဆင့် နှင့်

အောက်အဆင့်ကျင့်ကြံသူများ ကြား၌

ခွန်အားကွာဟချက်ကကြီးမားလှသည်။

၎င်းသည် ပြင်ပအင်အားသုံး၍

ဖြေရှင်းရခက်ခဲသော ကွာဟချက်ပင်။

ယန်ယွဲ့ သည် ပညာရှင်များကို

လက်ရည်တူတိုက်ခိုက်နိုင်ကြောင်း

သတင်းကြားထားသော်လည်း

လက်ရှိတွင်မျက်မြင်တွေ့လိုက်ရပေသည်

။

ဟန်ရှန်း၏မျက်နှာက

အလွန်မှိုင်းညို့နေပါသည်။

သူဘာတွေးနေသလဲတော့ ဘယ်သူမှ
မသိလိုက်ပေ။

ဤအချိန်တွင် အဝေးရှိ
ဓားစွမ်းအင်များက
ရုတ်တရက်စုစည်းသွားသည်။
ထို့နောက်တွင်
ဓားစွမ်းအင်အလင်းတန်းကြီးတစ်ခုဖြစ်
ပေါ်လာကာ လူတိုင်း

အေးစက်သောအလင်းတန်းတစ်ချက်သာ မြင်လိုက်ရလေသည်။

အုန်း...

ပေါက်ကွဲသံ ကျယ်လောင်စွာ ပွဲတင်ထပ်ကာ ပုံရိပ်နှစ်ခုက တစ်ဖက်တစ်ချက်ဆီသို့ လွင့်ထွက်သွားခဲ့သည်။

ယန်ယဲ့ နှင့် ပညာရှင်အဆင့်
အဘိုးကြီးတို့ပင်ဖြစ်သည်။

ဘယ်သူရှုံးသွားလဲ ။

အားလုံးက လွှင့်ထွက်သွားသော
ပုံရိပ်နှစ်ခုကို ကြည့်နေကြသည်။

ယန်ယဲ့ သည် မြေပြင်မှ
တွားသွားထလာခဲ့သည်။ သူ့တစ်ကိုယ်

လုံးကား သွေးအလိမ်းလိမ်းနှင့်

အက်ကြောင်းများအပြည့်ဖြစ်နေ၏။ ထို့

အပြင် သူ့နောက်ကွယ်ရှိ နဂါးဖြူကြီးပင်

မှုန်ဝါးနေလေပြီ။

သို့သော် မူလခရမ်းရောင်စွမ်းအင်က

သူ့အား

အဆက်မပြတ်ကုသပေးနေသဖြင့်

ယန်ယဲ့သည် ပြိုလဲသွားခြင်းမရှိသေးပါ။

တဖက်က အဘိုးကြီးအတွက်တော့

အခြေအနေသိပ်မကောင်းလှပေ။

တစ်ကိုယ်လုံး

ဒဏ်ရာဒဏ်ချက်အပြည့်ဖုံးထားလေသ

ည်။ ဒီအချိန်မှာ အဘိုးကြီးက

ပညာရှင်တစ်ပါး

နှင့်ပင်မတူတော့ပေ။သူ့ပုံစံက

သေဆုံးခါနီးလူအိုကြီးတစ်ယောက်လိုပင်

ထင်ရ၏။

အဘိုးကြီးက မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်သည်။ ခဏအကြာတွင် မျက်လုံးပြန်ဖွင့်ကာ ယန်ယဲ့ကို စူးစူးစိုက်စိုက်ကြည့်ရင်း "မင်း ဒီအဆင့်ရောက်လာဖို့ ငါမမျှော်လင့်ထားဘူး..."

ယန်ယဲ့က ရုတ်တရက် ခုန်ထကာ အဘိုးကြီးရှေ့သို့ ချက်ချင်းရောက်လာသည်။ သူ၏ဘယ်ဖက်လက်ထဲ၌

စစ်နတ်ဘုရားလှံ ပေါ်လာသည်။

တစ်ချိန်တည်းမှာပင် တရားစီရင်ခြင်းက

အဘိုးကြီး၏လည်ပင်းဆီသို့တိုးဝင်သွား

ကာ စစ်နတ်ဘုရားလှံက

နံကြားသို့ထိုးသွင်းလိုက်သည်။

တိုက်ပွဲမပြီးသေးပါ။

အဘိုးကြီး၏ မျက်လုံးများပင်

အနည်းငယ်

ကျဉ်းမြောင်းသွားသည်။ ယန်ယဲ့ သည်

ဆက်ပြီးတိုက်ခိုက်နေမည်ဟု သူ

မမျှော်လင့်ထားပေ။ နောက်ဆုံးတွင်

ယန်ယဲ့ လည်း

ဒဏ်ရာဗလပွဖြစ်နေသည်မဟုတ်လား။

"ဒီကောင်က လူမဟုတ်ဘဲ သံမဏိနဲ့

လုပ်ထားတာများလား.. "

ဤအချိန်တွင် ယန်ယဲ့က မရပ်ဘဲ
အဘိုးကြီးကို
တိုက်ခိုက်လိုက်ပါတော့သည်။

သူသည် တိုက်ခိုက်နေကြအတိုင်း
ဒဏ်ရာဖြင့်
သေကွင်းသေကွက်နေရာများကို
ဦးတည်တိုက်ခိုက်ခဲ့သည်။

သို့သော်လည်း အဘိုးကြီးက ယန်ယဲ့၏တိုက်ခိုက်မှုအား ရှောင်တိမ်းလို့ပုံမရပေ။ အကြောင်းမှာ နောက်ပြန်ဆုတ်လျှင် သူသည် တစ်ဖက်သက်ဖိနှိပ်ခံရတော့မည်ကို သိထားသောကြောင့်ပင်။ နောက်ဆုံးတွင် သူက ထိပ်တိုက်ရင်ဆိုင်ဖို့သာ ရွေးချယ်လိုက်ရတော့သည်။

တိုက်ပွဲသည် တဖြည်းဖြည်းနှင့်

ပြင်းထန်လာကာ သေခြင်းရှင်ခြင်း

တိုက်ပွဲဖြစ်မှန်းမသိဖြစ်လာခဲ့သည်။

ယန်ယဲ့၏ခန္ဓာကိုယ်အနှံ့ သွေးများ

ပိုပိုပြီး

စီးကျလာသည်။ ဒီအချိန်မှာ

သူ၏မျက်လုံးအစုံက တဖြည်းဖြည်း

သွေးရောင်ပြောင်းလာပါတော့သည်။

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ....

ယန်ယဲ့ဆီမှ ထွက်ပေါ်လာသော

သတ်ဖြတ်ခြင်းစိတ်ဆန္ဒဟာ ပိုပိုပြီး

အားကောင်းလာပါသည်။ သူ၏

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ တင်မက

ဓားစိတ်ဆန္ဒပင်လျှင် ပို၍

အားကောင်းလာခဲ့သည်။

စစ်နတ်ဘုရားလှံက

သွေးရောင်နီရဲလာသည်ကိုတော့

သတိမထားမိလိုက်ပါ။ သို့သော်
အဘိုးကြီးက
ကောင်းကောင်းသတိထားမိလိုက်လေသ
ည်။

ယန်ယဲ့က ပိုပြီးသန်မာလာတယ် ။

အုန်း...

ထို့နောက်တွင်တော့....

နှစ်ယောက်စလုံး

အပြင်းအထန်တိုက်ခိုက်လိုက်ကြသည်။

တိုက်ခိုက်လိုက်သည်နှင့်

တန်ပြန်အားကြောင့် နှစ်ယောက်စလုံး

အသီးသီးနောက်ပြန်ဆုတ်သွားခဲ့သည်။

ယန်ယဲ့ သည် သူ့ခန္ဓာကိုယ်ထဲမှ

ပရမ်းပတာဖြစ်နေသော

ချီစွမ်းအင်များကို လစ်လျူရှုကာ အဘိုးကြီးအား ထပ်မံတိုက်ခိုက်လိုက်သည်။ သူသာ ယခုအချိန်ရပ်တန့်လိုက်ပါက နောင်တွင် ဆက်ပြီးတိုက်ခိုက်နိုင်မည်မဟုတ်မှန်း ကောင်းကောင်းသိထားလို့ပါ။

တိုက်ပွဲကို အဆုံးသတ်ရမယ်။

သူ လုပ်နိုင်သမျှက တိုက်ပွဲကို

အမြန်ဆုံးအဆုံးသတ်ဖို့ပင်။

အုန်း...

သို့သော် တိုက်ခိုက်လိုက်သည်နှင့်

တပြိုင်နက် လူချင်း

ကွဲသွားပြန်သည်။ ဤအခိုက်အတန့်တွင်

သူတို့နှစ်ဦးလုံး

အားကုန်လုနီးပါးဖြစ်နေခဲ့၏။ မည်သူက

ကြာကြာရပ်နိုင်မည်ကို
ဆုံးဖြတ်ဖို့သာရှိတော့သည်။

လက်နက်လမ်းစဉ်၏ အဖွဲ့ဝင်တိုင်း
အကြည့်ချင်းဖလှယ်ကြသည်။ သူတို့၏
မျက်လုံးထဲမှာလည်း ဖုံးကွယ်မထားသော
ထိတ်လန့်မှုများရှိနေသည်။

လူတိုင်း အလွန်တုန်လှုပ်သွားခဲ့ကြသည်။

ယန်ယဲ့ ထုတ်ဖော်ပြသခဲ့သော ခွန်အားက
လူတိုင်း မျှော်လင့်ထားသည်ထက်ပင်
ကျော်လွန်နေလေပြီ။
အစောပိုင်းတွင်တော့
ယန်ယဲ့၏တိုက်ခိုက်ရေးစွမ်းအားကိုကြ
ည့်၍ အံ့သြသွားရုံလောက်သာ။

....

တိုက်ပွဲသည် ဆက်ဖြစ်နေတုန်းပင် ။

အုန်း…

လက်ဝါးတစ်ဖက်က

ယန်ယဲ့၏ရင်ဘတ်ကို

ထိမှန်သွားသော်လည်း သူ့ဓားက

အဘိုးကြီး၏ ရင်ဘတ်ကို

ထိုးသွင်းသွားခဲ့သည်။ခဏအကြာတွင်

နှစ်ယောက်စလုံး

နောက်ပြန်ဆုတ်လာကြသည်။ သို့သော်

ယန်ယဲ့ သည် ရပ်တန့်မသွားဘဲ
အဘိုးကြီးဆီသို့ ခုန်ဝင်လိုက်သည်။

အမှန်တော့ လက်ရှိအခြေအနေအရ
မည်သူ အရက်စက်ဆုံး ဟူသနည်း
ပြိုင်နေတာပါ။

သာမာန်လူများကြားက
ရန်ပွဲတစ်ပွဲကဲ့သို့ပင်။

ရက်စက်ကြမ်းကြုတ်သည့်ဖက်က
အမြဲတမ်း အပေါ်စီးက နေရပါလိမ့်မည်။
ဤအခိုက်အတန့်တွင် အဘိုးကြီးက
တော်တော်လေး အားကုန်နေပါပြီ။
တော်ရုံတန်ရုံမဟုတ်ပေ၊ သူသည်
တော်တော် ပင်ပန်းနေပါပြီ။

ယန်ယဲ့ သည်
မူလခရမ်းရောင်စွမ်းအင်ဖြင့်

ယာယီထိန်းထားနိုင်သော်လည်း
အဘိုးကြီးက ဘာမှမရှိခဲ့ပေ။ မှန်သည်၊
အဘိုးကြီးက ယန်ယွဲ့ထက်
အဆင့်ကြီးတစ်ဆင့် မြင့်မားခဲ့သည်။
ထိုအချက်ကို နှိုင်းယှဉ်ကြည့်သောအခါ
ယန်ယွဲ့၏အားသာချက်သည်
အားသာချက်မဟုတ်တော့ပေ။ ယခုအချိ
န်တွင် တိုက်ပွဲသည် အထွတ်အထိပ်သို့
ရောက်ရှိနေပြီဖြစ်သည်။

လက်နက်လမ်းစဉ်၏

အဆင့်မြင့်အာဏာပိုင်များသာ

ဤနေရာကို

ခိုင်ခံ့အောင်ပြုလုပ်မထားပါက တစ်စစီ

ပြိုကျနေသည်မှာ ကြာပေပြီ။ ကီလိုမီတာ

သောင်းချီသော အာကာသပြင်သည်

အပိုင်းပိုင်းကွဲထွက်သွားခဲ့လေသည်။

၂ နာရီခန့်အကြာ...

အုန်း....

ကျယ်လောင်သော ပေါက်ကွဲသံ

ထွက်ပေါ်လာပြီးနောက် နှစ်ယောက်စလုံး

လွင့်ထွက်သွားပြန်သည်။

ဤတစ်ကြိမ်တွင် နှစ်ယောက်စလုံးက

အတော်ဝေးဝေးထိပင်

လွင့်ထွက်သွားခဲ့သည်။ တော်တော်နှင့်ကို
ပြန်ထမလာနိုင်ကြပေ။

ဘယ်သူအနိုင်ရလဲ ။

ဤအချိန်တွင် လူတိုင်း သိချင်နေခဲ့သည်။

ယန်ယဲ့ နှင့် အဘိုးကြီးတို့နှစ်ယောက်လုံး
မြေပြင်ပေါ်တွင် ကုန်းကုန်းကြီး

ဖြစ်နေကြသည် ။ နှစ်ယောက်စလုံးက အားကုန်ပြီး ပင်ပန်းနေခဲ့လေပြီ။

ယန်ယွဲ့ သည် သူ၏မျက်လုံးများကို တင်းတင်းမှိတ်ထားသည်။ သူ့တစ်ကိုယ်လုံးက မူလကိုယ်ထည် မဟုတ်တော့သလို ခံစားရသည်။ ဒီအချိန်မှာ သူ့တစ်ကိုယ်လုံး သွေးများ ဆူပွက်နေသည်။

ထို့အပြင် အချိန်အတော်ကြာထိ
အိပ်စက်ပစ်ချင်သလိုမျိုး
ခံစားလိုက်ရသည်။

သို့သော် သူသည် ထိုသို့အဖြစ်မခံနိုင်ပေ။

ယန်ယွဲ့ သည် ရုတ်တရက် မျက်လုံးဖွင့်
လိုက်သည်နှင့် သွေးနီရောင်
အလင်းတန်းများ တလက်လက်ထွက်
လာသည်။ သူ၏မျက်လုံးအစုံက

သွေးမျက်လုံးများပင်ထင်ရလေသည်။
ထို့နောက် သူ့လက်နှစ်ဖက်ကို
မြေပေါ်ထောက်ကာ
စတင်လှုပ်ရှားလိုက်သည်။

ရုတ်တရက် "သူထနေပြီ"

ယန်ယွဲ့ သည် လက်နှစ်ဖက်ကို
အားပြုရင်း ဖြည်းညှင်းစွာ
ထရပ်လိုက်သည်။ ဤအချိန်တွင်

အဘိုးကြီးက မြေပြင်ပေါ်တွင်
လဲလျောင်းနေသေး၏။ အသက်တော့မ
သေသေးဘဲ သတိလစ်မေ့မျောသွားပုံပါ။

ဤအချိန်တွင် ယန်ယဲ့ သည် အဘိုးကြီး
ဆီသို့ ဖြည်းညှင်းစွာ
လျှောက်လာနေခဲ့သည်။

လူတိုင်း မျက်နှာပျက်သွားသော်လည်း
လှုပ်ရှားကြခြင်းမရှိပေ။

အကြောင်းကတော့ မတန်နိုင်လို့ပါ။

စည်းမျဉ်းများကြောင့်ဖြစ်သည်။

ရေးထိုးထားသော

စည်းမျဉ်းမဟုတ်သော်လည်း

လိုက်နာရမည့် စည်းမျဉ်း၊စည်းကမ်းပင်။

လက်နက်လမ်းစဉ်က စည်းမျဉ်းကို

ချိုးဖောက်လိုက်လျှင်

မဟာလမ်းကြောင်း (၃) ခု၏

လျှောင်ပြောင်ရယ်မောခြင်း ခံရပေမည်။

၎င်းသည် လက်နက်လမ်းစဉ်၏
ဂုဏ်သတင်းနှင့် သက်ဆိုင်သည်။

ယန်ယဲ့ သည် ယိုင်တိယိုင်ထိုးဖြင့်
လျှောက်လာကာ အဘိုးကြီးနှင့်
နီးကပ်လာသည်။

ဤအချိန်တွင် သူ့ပုံစံက လုံးဝကို
မြင်မကောင်းလှပေ။ သူ့တစ်ကိုယ်လုံးက

ကြောက်စရာကောင်းသော

အခြေအနေမှာရှိနေ၏။

သို့သော် သူသည် အဘိုးကြီးရှေ့တွင်

မတ်တပ်ရပ်နေနိုင်ခဲ့သည်။

ဒီကောင်က ဘယ်လောက်တောင်

ထူးခြားနေတာလဲ…

လက်နက်လမ်းစဉ်မှ အဖွဲ့ဝင်တိုင်း
မျက်နှာပေါ်တွင် အလွန်ဆိုးရွားသော
အမူအရာများ ရှိခဲ့သည်။ သေချာသည်မှာ
လက်နက်လမ်းစဉ်က တိုက်ပွဲတွင်
ရှုံးနိမ့်ခဲ့သည်။လက်နက်လမ်းစဉ်၏
ပညာရှင် ပြန်ထလာသည့်တိုင်
ရှုံးနိမ့်သည်ကားရှုံးတာပင်ဖြစ်သည်။

လက်နက်လမ်းစဉ်မှ
ကျင့်ကြံသူများသည်
ဘာမှမတတ်နိုင်သလို ဘာမှလည်း
မလုပ်နိုင်ကြပေ။

လုံးဝကို ဖောက်ဖျက်၍မရသော
စည်းမျဉ်းများရှိခဲ့သည်။
အနည်းဆုံးတော့ လက်နက်လမ်းစဉ်သည်
ထိုစည်းမျဉ်းကို အရင်ဦးဆုံးချိုးဖျက်ဖို့
ငြင်းဆန်ခဲ့သည်။

ဟန်ရှန်း၏ အမူအရာက အလွန်ပင် အံ့မှိုင်းသွားသည်။ သူ့အတွေးက အခြားလူတိုင်းနှင့်မတူပါ။ ဤတိုက်ပွဲအပြီးတွင် သူသည် ယန်ယဲ့၏စိတ်အခြေအနေကို တွေးနေခဲ့သည်။ ဤမတိုင်မီက ပညာရှင်များ သည် ယန်ယဲ့၏တာအိုနှလုံးသားအတွက် အတားအဆီးတစ်ခုဖြစ်ခဲ့သည်။

၎င်းသည်
သူမကျော်လွှားနိုင်ခဲ့သောအရာဖြစ်သည်
။လက်ရှိအချိန်တွင်တော့ ယန်ယဲ့ သည်
ထိုအတားအဆီးကို
ကျော်ဖြတ်သွားလေပြီ။

စားကျင့်ကြီးသူများ၏ အမြင်အရ သူတို့
နှလုံးသားထဲတွင် အတားအဆီးမရှိပါက
ကြောက်စရာအကောင်းဆုံးပင်ဖြစ်လေ
သည်။

အကယ်၍ ယန်ယဲ့သာ

အသက်ရှင်ခဲ့မည်ဆိုလျှင်

ပညာရှင်အဆင့်များက သူ့ကို သတ်ရန်

မဖြစ်နိုင်တော့ကြောင်း သိသာနေပါပြီ။

အနည်းဆုံးတော့ ယန်ယဲ့ကို

သတ်ချင်ပါက ပညာရှင်တစ်ပါး

သို့မဟုတ် နှစ်ပါးလောက်ဖြင့်

မလုံလောက်တော့ပေ။

နောက်ဆုံးတွင်တော့ ယန်ယဲ့ သည်
အဘိုးကြီးရှေ့ရောက်လာပါပြီ။ အဘိုး
ကြီးက မြေပြင်ပေါ်တွင်
လဲလျောင်းနေသော်လည်း ယန်ယဲ့ကို
စိုက်ကြည့်နေသည်။

ယန်ယဲ့ နှင့် တိုက်ပွဲအပြီး
သူ၏တစ်ကိုယ်လုံးရှိ အရိုးများ၊
ခန္ဓာကိုယ်သွေးကြောများပင်
ကွဲအက်သွားခဲ့သည်။

လက်ရှိအခြေအနေက

သာမန်ကျင့်ကြံသူတစ်ယောက်ပင်လျှင်

သူ့ကို အသာလေးသတ်သွားနိုင်၏။

ထို့အတူ သူသည် အသက်ရှင်နိုင်ခဲ့ပါက

တိုက်ပွဲကနေ

အကျိုးကျေးဇူးကြီးကြီးမားမားရပေမည်

။

ယန်ယဲ့ သည် သူ့ဓားကို မြှောက်လိုက်ပြီး အဘိုးကြီး၏နဖူးတည့်တည့် ဖိကပ်ထားလိုက်သည်။ ဒီအချိန်မှာ လူတိုင်းက မျက်တောင်မခတ်တမ်း စောင့်ကြည့်နေကြသည်။ ယန်ယဲ့က အဘိုးကြီးအား သတ်ပစ်တော့မည်ဟုသာ လူတိုင်း ထင်နေကြသည်။သို့သော်လည်း ယန်ယဲ့က ဟန်ရှန်းကို ရုတ်တရက် စိုက်ကြည့်ရင်း "ဟန်ရှန်း၊ ငါတို့ ဒါကို

ဘယ်လိုလုပ်ကြမလဲ။ ငါ့ကို

တောင်းပန်ပြီး မင်းအမှားတွေကို

ဝန်ခံလိုက်။ ဒါဆို လက်နက်လမ်းစဉ်ကို

မျက်နှာသာပေးလိုက်မယ်"

ဟန်ရှန်း၏ မျက်နှာက ချက်ချင်းပင်

မမြင်နိုင်လောက်အောင် ဖြစ်သွားသည်။

Translated By NyiNyiSoe

May Be:

...အပိုင်း ၂၄၈၈

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

တောင်းပန်ဖို့လား မတောင်းပန်ဘူးလား။

ဟန်ရှန်းက ရွေးချယ်ရခက်နေပုံပင်။

တောင်းပန်လိုက်ပါက လုံးဝ

သောက်ရှက်ကွဲမှာပါ။

သို့သော် မတောင်းပန်ပါက....

ထိုပညာရှင်က အသတ်ခံရမည်မှာ

သေချာ၏။

ထိုနည်းအားဖြင့် သူသည်

ခေါင်းရှောင်နေသကဲ့သို့

ဖြစ်သွားပေမည်။ လက်နက်လမ်းစဉ်၏

လမ်းကြောင်း (၆) သွယ်သည်

အချင်းချင်း

တိုက်ပွဲများဖြစ်နေသော်လည်း

အပြင်လူနှင့် ရင်ဆိုင်ရပါက

စည်းလုံးညီညွတ်စွာ ရပ်တည်ရပါမည်။

အကြောင်းမှာ ယန်ယွဲ့ သည်

တာအိုလမ်းစဉ်ကို ကိုယ်စားပြုပြီး

ရောက်ရှိလာခဲ့၍ဖြစ်သည်။

ဟန်ရှန်း၏စိတ်ထဲတွင် အန္နီယန်ယဲ့က သူ့အား ခက်ခဲသော အခြေအနေတွင် တမင်ရည်ရွယ်ချက်ရှိရှိ ထားခဲ့သည်။

ယန်ယဲ့က အနည်းငယ်ပြုံးလိုက်ပြီး သူ့ခြားကို ဖြည်းညှင်းစွာ ဖိချလိုက်သည်။ အဘိုးကြီး၏နဖူးပေါ်မှ သွေးစက်တစ်စက်စီးကျလာကာ မျက်နှာပေါ်ကျဆင်းလာသည်။

ယန်ယဲ့က အေးစက်စက် ပြုံးလိုက်ပြီး "ဟန်ရှန်း၊ ဆုံးဖြတ်ချက်ချဖို့ အရမ်းခက်နေသလား။ ဒါမှမဟုတ် ငါသူ့ကို မသတ်ရဲလောက်ဘူးလို့ မင်းထင်နေတာလား"

ဟန်ရှန်း က ယန်ယဲ့ကို စိုက်ကြည့်ပြီး "မင်း ငါတို့အားလုံးကို အံ့သြသွားစေတာပဲ။ ငါ..."

"မင်းနဲ့ သောက်အချိန်ဖြုန်းဖို့ ငါ စိတ်မဝင်စားဘူး" ယန်ယွဲ့က အေးစက်စက်အော်လိုက်ပြီး “အသက်ရှူချိန် ၃ ရှိုက်စာပဲ အချိန်ရမယ်။ အဲဒီအခါမှာ မင်းမတောင်းပန်သေးရင် ဒီလူအိုကြီးရဲ့ ခေါင်းကို ငါဖြတ်ပစ်မယ်။ တစ် ....နှစ် ...သုံး..."

ယန်ယဲ့က သုံးအထိ ရေတွက်ပြီးသည်နှင့်
လက်ကိုလှုပ်ရန်ပြင်လိုက်စဉ် ဟန်ရှန်းက
ကမန်းကတန်း အော်ပြောလေသည်

"ယန်ယဲ့၊ အဲဒါက ငါဟန်ရှန်း..."

ဆူး...

ဓားအလင်းတန်းတစ်ချက် လက်သွားကာ
အဘိုးကြီး၏ခေါင်းက လေထဲသို့
ပျံတက်သွားသည်။

ဤနေရာရှိ လူတိုင်း၏အမူအရာများက
ချက်ချင်းပင်
ရက်စက်ကြမ်းကြုတ်သွားသည်။
ဟန်ရှန်း၏မျက်လုံးထဲ၌လည်း
လူသတ်လိုစိတ်များ ပြည့်နှက်နေသည်။

ပညာရှင်ကို သတ်ပြီးနောက် ယန်ယဲ့ က
ကောင်းကင်ကိုမော့ကြည့်ကာ "ငါယန်ယဲ့
ဘဝတစ်လျှောက်လုံးမှာ

ရန်သူတွေအများကြီးရှိခဲ့ဖူးတယ်။ ဒီ
တော့ လက်နက်လမ်းစဉ်က နောက်ထပ်
ရန်သူအနေနဲ့ထပ်ဖြစ်လာတာက
ဘာမှမထူးတော့ဘူး။
လက်စားချေချင်ရင် တာအိုလမ်းစဉ်မှာ
ငါ့ကို လာရှာပါ။ ဘယ်သူမဆို ငါ့ကို
အချိန်မရွေး စိန်ခေါ်နိုင်တယ်။ ဒါပေမဲ့
တစ်ခုတော့ရှိတယ်။ အနိုင်အရှုံးကို
မဆုံးဖြတ်ပါဘူး၊

ဘယ်သူအသက်ရှင်မလဲဆိုတာပဲ

ဆုံးဖြတ်လိမ့်မယ်”

စကားပြောပြီးနောက် သူ၏ဓားဖြင့်

ဟန်ရှန်း ကို ထိုးချိန်ကာ "ဟန်ရှန်း၊ အခု

မင်းပျော်နေပြီလား။

မင်းတို့အားလုံးပျော်နေကြပြီမဟုတ်လား

"

ထို့နောက် ချက်ချင်း

လှည့်ထွက်သွားသည်။

သူသည် ကျုံးယှဲ့ကို

မျက်နှာသာပေးထားသောကြောင့်

လက်နက်လမ်းစဉ် အပေါ်

ရန်ငြိုးထားခြင်းမရှိပေ။ ကံမကောင်းစွာပဲ

၊ ရှေ့ဖြစ်ဟောလမ်းကြောင်းက

တမင်ရည်ရွယ်ချက်ရှိရှိ

လုပ်ဆောင်နေခဲ့သည်။

ထိုကဲ့သို့ပင် ယန်ယဲ့ သည်
တစ်လှမ်းချင်းလျှောက်သွားကာ
သိပ်မကြာခင်မှာပဲ လူတိုင်း၏
အမြင်အာရုံမှ ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့  ပျောက်ကွယ်သွားသောအခါ
သက်လတ်ပိုင်းအမျိုးသားတစ်ဦး
ရုတ်တရက်ပေါ်လာသည်။ သူက
လူတိုင်းကို တစ်ချက်ကြည့်လိုက်ပြီး

အပြုံးတစ်ခုနှင့် ပြောလိုက်သည်
“ငါ့ညီငယ်က ငယ်သေးတော့
ဘယ်လိုပြုမူရမှန်းမသိဘူး။ မင်းတို့ကို
စော်ကားမိရင် ခွင့်လွှတ်မယ်လို့
ငါမျှော်လင့်ပါတယ်"

"တာအို လင်း" ဟန်ရှန်းက ရုတ်တရက်
ပြုံးလိုက်ပြီး
“အံ့သြစရာပဲ။ ဂုဏ်ယူပါတယ်၊ မင်းရဲ့

တာအိုလမ်းစဉ်က နောက်ထပ်

ညဏ်ကြီးရှင်တစ်ယောက် ရရှိသွားပြီ"

တာအို လင်း ဟုခေါ်သော လူက ပြုံးပြီး

ပြောလိုက်သည် “လုံးဝ

မဟုတ်ဘူး။ သူဟာ တစ်ချိန်တုန်းက

သတ်ဖြတ်ခြင်းလမ်းကြောင်းရဲ့

တံဆိပ်ပြားသခင်ဖြစ်ခဲ့တယ်လို့

ငါကြားမိတယ်။ အိုး၊ သူ့ကို

ဖယ်ထုတ်ပေးလို့ ငါ့တာအိုလမ်းစဉ်က

ကျေးဇူးတင်ပါတယ် ။ မဟုတ်ရင် သူက

ငါ့တာအိုလမ်းစဉ်ကို

အလည်အပါတ်ရောက်လာတဲ့အခါ

အကြီးကြီး

ခေါင်းကိုက်လိမ့်မယ်။ ကံကောင်းထော

က်မစွာပဲ၊ မင်းတို့အားလုံးက သူ့ကို

ဖယ်ရှားပြီး ငါ့တာအိုလမ်းစဉ်ကို

ကူညီပေးလိုက်တယ်။ ကောင်းပြီ၊

ငါက တာအိုလမ်းစဉ်ကိုယ်စား

ကျေးဇူးရှင်အားလုံးကို

ဂုဏ်ပြုပါတယ်။ဟားဟား"

တာအိုလင်း က

တဟားဟားရယ်မောနေရင်း နေရာမှာပင်

ပျောက်ကွယ်သွားသည်။

လက်နက်လမ်းစဉ်မှ အဖွဲ့ဝင်တိုင်း

မျက်နှာများ မည်းမှောင်ကုန်သည်။

ယန်ယဲ့ သည် လက်နက်လမ်းစဉ်မှ
ချက်ချင်းမထွက်ခွာခဲ့ပေ။ သဘာဝအတို
င်း ချက်ချင်း မထွက်သွားနိုင်လို့ပါ။
သူ့တစ်ကိုယ်လုံး
ဒဏ်ရာအပြည့်ဖြစ်နေ၏။

လက်နက်လမ်းစဉ်မှ ထွက်သွားပြီးနောက်
တစ်ခုခုဖြစ်ခဲ့ပါက မည်သို့နည်း။ သူသာ
ဆက်နေနေမည်ဆိုရင်တော့
လက်နက်လမ်းစဉ်က သူ့အတွက်

အနည်းနှင့်အများ

ကာကွယ်ပေးရပေမည်။ အကြောင်းမှာ

ယန်ယွဲ့သာ လက်နက်လမ်းစဉ်တွင်

တစ်ခုခုဖြစ်သွားခဲ့ပါက ၎င်းကိုယ်တိုင်

တာဝန်ယူရပါမည်။

ယန်ယွဲ့ သည်

သတ်ဖြတ်ခြင်းလမ်းကြောင်း၏

ပင်မတောင်ထိပ်သို့

ဆင်းသက်လိုက်သည်။ ထို့နောက်

အနောက်ဖက်ရှိ ခန်းမဆီသို့
ဖြည်းညှင်းစွာ လျှောက်ဝင်သွားသည်။
ခမ်းမထဲကို ဝင်လာပြီးသည်နှင့်
မြေပြင်ပေါ်ကို ဝုန်းခနဲ လဲကျသွားသည်။

သူ့တွင် ခွန်အားတစ်စက်မှကို
မကျန်တော့ပေ။

သို့သော် တိုက်ပွဲအပြီး အကျိုးကျေးဇူး
ကြီးကြီးမားမားရခဲ့သည်။

ယန်ယဲ့ သည် သူ၏မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်သည်။ ဤအချိန်မှာ သူ့ခန္ဓာကိုယ်ထဲရှိ မူလခရမ်းရောင်စွမ်းအင်များက ဒဏ်ရာများကို ပြုပြင်ပေးနေသည်။

ဤအတောအတွင်း ယန်ယဲ့ သည် တိုက်ပွဲအကြောင်းကို ပြန်ပြီးတွေးတောနေခဲ့သည်။

ဤတိုက်ပွဲအပြီးတွင် သူသည်
အကြောင်းအရာများစွာကို
နက်နက်နဲနဲနားလည်လိုက်၏။

အထူးသဖြင့် ဓားတာအို ....

သူသည် ရုပ်ခန္ဓာကိုယ်ကို
ကျင့်ကြံနေသော်လည်း ဓားတာအိုက
သူ၏အခြေခံအုတ်မြစ်ဖြစ်ကြောင်း
မမေ့ခဲ့ပေ။ သူသည် ယခင်တိုက်ပွဲက

ဤရှုထောင့်ကို အများကြီး

နားလည်ခဲ့သည်။

သူ၏ခန္ဓာကိုယ်ကို

ကျင့်ကြံထားသော်လည်း ဓားတာအိုက

အဓိကဖြစ်လေရာ တိုက်ပွဲကို

အတော်လေး

အထောက်အကူပေးခဲ့သည်။

ပညာရှင် များက လောကစွမ်းအင်ကို

ထိန်းချုပ်ပြီး

အသုံးချနိုင်ခဲ့သည်။ ထို့အပြင်

ဒြပ်စင်စွမ်းအင်အများအပြားကို

ထိန်းချုပ်ထားနိုင်၏။ သို့သော်

ယန်ယွဲ့သည် သူ၏ခန္ဓာကိုယ်ဟာ

အခြေခံအုတ်မြစ်ဖြစ်နေဆဲဖြစ်ကြောင်း

သတိပြုမိသည်။

မည်သို့သောစွမ်းအင်ကို

ထိန်းချုပ်ထားပါစေ ခန္ဓာကိုယ်ကို

ကြားခံအဖြစ်

အသုံးပြုရပါမည်။ ထို့ကြောင့်

အဓိကအချက်မှာ

ကျင့်ကြံခြင်းဖြစ်ခဲ့သည်။ ခန္ဓာကိုယ်၊

စိတ်ဝိညာဉ်အခြေအနေ နှင့် နှလုံးသားကို

ကျင့်ကြံခြင်း ။

ဦးနော်က်၊ ခန္ဓာကိုယ်၊ နှလုံးသား ...။

မူလဝိညာဉ် လည်းပါသည်။ အသိစိတ်နှင့်

စိတ်ဝိညာဉ်အခြေအနေ သည်

ဦးနော်က်၏ အစိတ်အပိုင်းတစ်ခုပင်။

၎င်းသည် ယန်ယဲ့ရှာတွေ့ခဲ့သော

ဖြစ်စဉ်တစ်ခုပါ။

အတိုချုပ်ပြောရလျှင် တိုက်ပွဲအပြီး

သူ၏ ချို့ယွင်းချက်အများအပြားကို

သဘောပေါက်နိုင်ခဲ့သည်။ အတိတ်က

သူနားမလည်ခဲ့သော

အရာများစွာရှိနေ၏။

အချိန်များ တဖြည်းဖြည်းကုန်ဆုံးလာကာ

ယန်ယဲ့၏ခန္ဓာကိုယ်ပေါ်ရှိ

ဒဏ်ရာအားလုံးပျောက်ကင်းလုနီးပါးပင်

။ သို့သော်လည်း ယန်ယဲ့ သည်

ထွက်မသွားသေးဘဲ

ဆက်ပြီးကျင့်ကြံနေသည်။

ဤအခိုက်အတန့်တွင် သူသည်

နားလည်ထားသမျှ အရာရာတိုင်းကို

အကျဉ်းအကျယ်နည်းလမ်းများဖြင့်

ဆင်ခြင်နေခဲ့သည်။ ထိုအခြေအနေကို

စုစည်းပြီး အပြည့်အဝ

နားလည်ဆင်ခြင်နိုင်ခဲ့ရင်တော့ သူသည်

အဆင့်တစ်ခုသို့ ရောက်သွားပေမည်။

အပြင်လောကတွင် ...၊

ဟန်ရှန်းက တိမ်တိုက်များပေါ်သို့

ပျံတက်လာခဲ့သည်။

အပေါ်ရောက်လာသည့်အခါ သူနှင့်

မလှမ်းမကမ်း၌ အဘိုးကြီးတစ်ဦး

တင်ပျဉ်ခွေထိုင်နေသည်ကို တွေ့ရသည်။

လက်နက်ဖန်ဆင်းရှင်...

လက်နက်လမ်းစဉ်၏ တည်ထောင်သူ...

ဟန်ရှန်းက အဘိုးကြီးထံသို့
လျှောက်သွားပြီး ရိုသေစွာ
ဦးညွှတ်လိုက်သည်။

လက်နက်ဖန်ဆင်းရှင်က ရုတ်တရက်
"မင်းက တချို့အရာတွေကို ပိုလို့တောင်
ရှုပ်ထွေးအောင်လုပ်လိုက်တာပဲ"ဟု
ပြောခဲ့သည်။

ဟန်ရှန်း က ဘာမှပြန်မပြောဘဲ တိတ်ဆိတ်နေ၏။

လက်နက်ဖန်ဆင်းရှင် က ဆက်ပြောလိုက်သည် "မင်းရဲ့ လက်ရင်းတပည့်က တာအိုလမ်းစဉ်မှာ အသတ်ခံလိုက်ရလို့ မကျေမနပ်ဖြစ်နေတာ ငါသိပါတယ်၊ မင်းမျက်လုံးကို ကျယ်ကျယ်ဖွင့်ပြီးကြည့်ကြည့်လိုက်။ ဒီ

တစ်ခါ ဘယ်သူလာတယ်ဆိုတာ
သိထားရမယ်”

ဟန်ရှန်းက "သူ့ကို ဒီလောက်
သန်မာလာမယ်လို့ ငါ
မမျှော်လင့်ထားဘူး"

လက်နက်ဖန်ဆင်းရှင် က ခေါင်းညိတ်ကာ
“ဟုတ်တယ်၊ ငါကိုယ်တိုင်လည်း သူ့ကို
ဒီလောက်သန်မာမယ်လို့

မမျှော်လင့်ထားဘူး။ ဒီကလေးက
တကယ်ကို အံ့သြစရာပဲ၊ တကယ်ကို
အံ့သြစရာကောင်းလွန်းတယ်”

ဟန်ရှန်း က "ဘိုးဘေး၊
ဆုံးဖြတ်ချက်ချပြီးလို့ ငါ့ကို
ဆင့်ခေါ်လိုက်တာလား"

လက်နက်ဖန်ဆင်းရှင် က အနည်းငယ်
ခေါင်းညိတ်လိုက်ပြီး "ဒီအချိန်မှာ သူက

ဘာမှမဖြစ်ဘဲ ထွက်သွားနိုင်ရင် ငါ့ရဲ့
လက်နက်လမ်းစဉ်က တကယ့်ကို
သောက်ရှက်ကွဲပြီ။ ဒါ့အပြင် သူက အခု
ငါ့ရဲ့လက်နက်လမ်းစဉ်ကို
ရန်လိုနေပြီလေ။ ဒါဆို…”

စကားပြောနေရင်းဖြင့်
လက်နက်ဖန်ဆင်းရှင် က ဆတ်ခနဲ
မျက်မှောင်ကြုတ်ကာ အဝေးကို
မျှော်ကြည့်ရင်း "မလိုလားအပ်တဲ့

ညှော့်သည်တစ်ယောက်

ရောက်လာမယ်လို့

ငါမမျှော်လင့်ထားမိဘူး"ဟုပြောလိုက်

လေသည်။

ဟန်ရှန်းလည်း လှည့်ကြည့်လိုက်ရာ

လက်မဲ့လူတစ်ယောက်က သူတို့ ဆီသို့

ဖြည်းညှင်းစွာ လျှောက်လာသည်ကို

တွေ့လိုက်ရသည်။

ဟန်ရှန်း က မျက်မှောင်ကြုတ်ကာ စကားစလုဆဲဆဲပါ။ သို့သော်လည်း လက်မှဲ့လူက ရုတ်တရက် သူ့ကို စိုက်ကြည့်ကာ "သွားသင့်ပြီ"

ထိုစကားပြောပြီးသည်နှင့် လက်မှဲ့လူက ဘာမှလုပ်ပုံမပေါ်သော်လည်း ဟန်ရှန်း၏ပုံရိပ်က ၁၀ ကီလိုမီတာအကွာသို့ လွင့်ထွက်သွားခဲ့သည်။

ဟန်ရှန်း၏ မျက်လုံးများက ပြူးကျယ်သွားကာ မယုံနိုင်စရာများဖြင့် ပြည့်နေ၏။

လက်မဲ့လူက ဟန်ရှန်းကို လစ်လျူရှုကာ လက်နက်ဖန်ဆင်းရှင်ထံ တည့်တည့်လျှောက်သွားခဲ့သည်။ သူက လက်နက်ဖန်ဆင်းရှင် ရှေ့မှာထိုင်ချလိုက်ပြီး "ယန်ယဲ့က

ငါ့အထဲက

တစ်ယောက်လို့ပြောချင်တယ်"

လက်နက်ဖန်ဆင်းရှင် က

ဘာမှမထူးခြားဘဲ "ပြီးတော့..."

လက်မဲ့လူက ပြုံးပြီး “လူငယ်တွေက

သူတို့စိတ်ကြိုက်

တိုက်ခိုက်နိုင်တယ်။ သူရှုံးလို့

သေရင် ခွန်အားမရှိလို့။ ဒါပေမဲ့ မျိုးဆက်ဟောင်းတွေက သူ့ကို ဆန့်ကျင်ဖို့ ကြံစည်နေတယ်ဆိုရင်၊ ဟုတ်တယ်.. မင်းအကြောင်းပြောနေတာပဲ၊ မင်းသူ့ကို တိုက်ခိုက်ရင်...."

သူ့မျက်နှာပေါ်တွင် အပြုံးတစ်ခုက "မင်း သူ့ကို တိုက်ခိုက်ဖို့ ကြံစည်ရဲရင် မင်းရဲ့လက်နက်လမ်းစဉ်ကို

ငါကိုယ်တိုင်ဖျက်ဆီးပစ်မယ်။ မင်းအပြင်

လက်နက်လမ်းစဉ် မှာရှိတဲ့လူတိုင်း

သေရလိမ့်မယ်လို့

ငါအာမခံတယ်။ ဘယ်သူမှ

မကျန်တော့ဘူး”

လက်နက်ဖန်ဆင်းရှင် က ပြုံးပြီး

"မင်းဒါကို လုပ်နိုင်စွမ်းရှိပါ့မလား"

လက်မှဲ့လူက ရယ်ပြီး “မင်း အဖြေကို
သိပြီးသားပါ”

လက်နက်ဖန်ဆင်းရှင်၏ မျက်လုံးများ
အနည်းငယ်
ကျဉ်းမြောင်းသွားသည်။ သူက
လက်မှဲ့လူကို အချိန်အတော်ကြာ
စိုက်ကြည့်ပြီးနောက် ပြုံးကာ
“သိုင်းဧကရာဇ်(သိုင်းအင်ပါယာကျောင်း
တော်)

အကယ်ဒမီရဲ့ ဒွာနမ္မူးက ယန်ယဲ့ကို

ကာကွယ်ပေးထားဖို့

မမျှော်လင့်ထားပါဘူး။ ဒါက ငါ့ကို

အတော်လေး

သိချင်လာစေပါတယ်။ သိုင်းကေရာဇ်အ

ကယ်ဒမီက အပြင်လောကရဲ့

ပဋိပက္ခတွေကို

ဘယ်တုန်းကမှဝင်ပါတာမျိုးမရှိခဲ့ဖူးဘူး။

ဘာလဲ၊

သိုင်းကျောင်းကြေရာဇ်အကယ်ဒမီတစ်ခုလုံး

ဒီလောကကနေ ပျောက်ကွယ်သွားမှာကို

မစိုးရိမ်ဘူးလား"

လက်မဲ့လူက လစ်လျူရှုကာ

“ပျောက်ကွယ်သွားသလား။ ဟားဟား...

သိုင်းကြေရာဇ် သေဆုံးသွားပြီလို့

မင်းတကယ်ထင်နေသလား"

လက်နက်ဖန်ဆင်းရှင် က အနည်းငယ်

မျက်မှောင်ကြုတ်လိုက်သည်။

လက်မဲ့လူက မတ်တပ်ထရပ်ပြီး

"လက်နက်ဖန်ဆင်းရှင်၊

ငါရှင်းရှင်းပဲပြောလိုက်မယ်။ ငါ့မှာ

တခြားလုပ်စရာမရှိရင် မင်းရဲ့

လက်နက်လမ်းစဉ် ဒါမှမဟုတ်

မဟာလမ်းစဉ် (၄) ခုစလုံးနဲ့ ကစားဖို့

စိတ်မဝင်စားဘူး။ နောက်တစ်ခေါက်

ထပ်ပြောပါရစေ၊ ယန်ယဲ့ သေနိုင်ပေမယ့်

မင်းတို့လို

ဖန်ဆင်းရှင်တွေလက်ထဲမှာတော့ သူ

မသေနိုင်ပါဘူး။ မင်းတို့ထဲက

တစ်ယောက်ယောက်က သူ့ကို

တိုက်ခိုက်ရင် .... ကောင်းပြီ၊

သူသေသွားတာနဲ့ ငါ့အတွက် ဘာမှ

စိတ်ပူစရာမရှိဘူး...”

သူ့မျက်နှာပေါ်တွင် ထူးဆန်းသော အပြုံးတစ်ခုပေါ်လာသည်။ အပြုံးက ထူးဆန်းသလို အလွန်ကြောက်စရာကောင်းလှသည်

"ငါရူးသွားတဲ့အခါ ကိုယ့်ကိုကိုယ်တောင် ကြောက်တယ်"

ထိုစကားပြောပြီး လှည့်ထွက်သွားသည်။

သို့သော်

ခြေလှမ်းအနည်းငယ်လှမ်းပြီးနောက်

ရုတ်တရက် ရပ်လိုက်ပြီး “ဟုတ်တယ်၊

မင်းပြောတာမှန်တယ်။ ငါ မင်းကို

ခြိမ်းခြောက်လိုက်တာပဲ။

အဲဒီအရှူးစားသမားက ငါ့လက်တွေကို

ချုပ်နှောင်ထားရတဲ့ တစ်ခုတည်းသော

အကြောင်းအရင်းပါ။ ငါ့လက်တွေကို

လက်မှဲ့ပုံစံလို ထားထားတာက ယန်ယဲ့

အသက်ရှင်နေသေးလို့ပဲ။ ဒါပေမဲ့
သူသေသွားရင် အရာအားလုံးဟာ
ငါ့အတွက် အဓိပ္ပါယ်မဲ့သွားလိမ့်မယ်။
အဲဒီအချိန်မှာ ဒီလောကတစ်ခုလုံးကို
သူနဲ့အတူတစ်ခါတည်း
ငရဲပို့ပေးလိုက်မယ်"

ထို့နောက် တဟားဟားရယ်မောပြီး
ကောင်းကင်အထက်သို့
ပျောက်ကွယ်သွားသည်။

Translated By NyiNyiSoe

May Be:

...အပိုင်း ၂၄၈၉

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

လက်မဲ့လူ ထွက်သွားသည်နှင့်

ပတ်ဝန်းကျင်က တိတ်ဆိတ်သွားသည်။

လက်နက်ဖန်ဆင်းရှင် သည်

တိမ်တိုက်ပေါ်မှာသာ ထိုင်နေဆဲပင်။

သူဘာတွေတွေးနေမှန်းမသိနိုင်ပါ။

ခဏအကြာတွင် ဟန်ရှန်းက

ယိုင်တိယိုင်ထိုးဖြင့် လမ်းလျှောက်လာပြီး

"ဘိုးဘေး၊ ဒါက

သိုင်းဧကရာဇ်အကယ်ဒမီရဲ့ ဌာနမှူးလား"

ဟု ပြောလိုက်သည်။

လက်နက်ဖန်ဆင်းရှင် က အနည်းငယ်
ခေါင်းညိတ်ပြီး "ဟုတ်တယ်။
တကယ်တော့ သိုင်းကျောင်ဇ်က
သိုင်းကျောင်ဇ် အကယ်ဒမီကို
တည်ထောင်ခဲ့တာ။ ဒါပေမဲ့
လွန်ခဲ့တဲ့နှစ်တွေမှာ သူ ဘာကြောင့်
ပျောက်ကွယ်သွားလဲဆိုတာ ဘယ်သူမှ
မသိနိုင်ပါဘူး။ အဲဒီနောက်မှာ

တခြားတစ်ယောက်ယောက်က

ဒွာနမ္မူးရာထူးကို ယူထားတယ်”

"သိုင်းကေရာဇ်

ပျောက်ကွယ်သွားပြီလား" ဟန်ရှန်းက

“ဘယ်သူက... ဘယ်သူကများ

ခြေရာလက်ရာမချန်ဘဲ

ဖန်ဆင်းရှင်တစ်ပါးကို

ပျောက်ကွယ်သွားအောင် လုပ်နိုင်မှာလဲ”

လက်နက်ဖန်ဆင်းရှင် က “မဟာလမ်းစဉ် ၄ ခုစလုံးက အဲဒါကို စုံစမ်းခဲ့ပေမယ့် ငါတို့တွေ လက်ဗလာနဲ့ပဲ ပြန်လာခဲ့ရတယ်။ အခုအခါ သိုင်းဧကရာဇ်က အသက်ရှင်နေသေးပုံပဲ။ ဒီလက်မဲ့လူနဲ့ပတ်သက်လို့..."

လက်နက်ဖန်ဆင်းရှင် က မျက်မှောင်ကြုတ်လိုက်သည်။

ဟန်ရှန်းက “သူက ဘယ်သူလဲ” ဟု မေးလိုက်သည်။

လက်နက်ဖန်ဆင်းရှင် က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး "ရုတ်တရက်ကြီး သိုင်းအင်ပါယာကျောင်းတော်မှာ ဌာနမှူးအသစ်တစ်ယောက် တက်လာတယ်။ မဟာလမ်းစဉ် (၄)

ခုစလုံး သူ့ကို စုံစမ်းလို့မရခဲ့ဘူး။
ပြောရရင် သူက
လျှို့ဝှက်ဆန်းကြယ်လွန်းတယ်။ ဒါ့အပြင်
လူသိရှင်ကြားမပြဖူးဘူး။ အခု သူက
ယန်ယွဲ့အတွက် သူ့ကိုယ်သူ ပြခဲ့တယ်...
ယန်ယွဲ့က ...”

ဟန်ရှန်းက ရုတ်တရက် မေးလိုက်သည်
"ဘိုးဘေး၊ ဘိုးဘေးရဲ့ခွန်အားက
လက်မဲ့လူကို မသတ်နိုင်ဘူးလား"

လက်နက်ဖန်ဆင်းရှင် က ဟန်ရှန်းကို စိုက်ကြည့်ကာ “ငါတို့ မတိုက်ခိုက်နိုင်ဘူး။ ဖန်ဆင်းရှင်တွေကြားက စစ်ပွဲသာ မဖြစ်ခဲ့ရင် သမိုင်းမတင်မီခေတ်ရဲ့ လူသားမျိုးနွယ် နဲ့ နတ်မျိုးနွယ်ဟာ အင်အားကျဆင်းသွားမှာမဟုတ်ဘူး"

ဟန်ရှန်းက ခေါင်းငုံ့ကာ ငြိမ်သက်နေခဲ့သည်။

လက်နက်ဖန်ဆင်းရှင် က

မတ်တပ်ထရပ်ပြီး “အရာရာတိုင်းက

အလင်းထဲကို ပိုပိုပြီး ရောက်လာတယ်။

ကျိုးယွဲ့ကို ပြန်ခေါ်လိုက်တော့။

ငါ့လက်နက်လမ်းစဉ်က ဘယ်အခါမဆို

အချိန်မရွေး တိုက်ခိုက်ရဲတဲ့သူရဲ့

ဦးဆောင်မှုလိုတယ်"

ထိုစကားကြားသောအခါ ဟန်ရှန်းက
ခေါင်းငုံ့ထားတုန်း၊ သူ
ဘာတွေးနေမှန်းတော့မသိပေ။

လက်နက်ဖန်ဆင်းရှင် က ဆက်ပြောသည်
"ငါတို့ကြားမှာ ဘယ်လိုမျိုး
ရန်ငြိုးတွေပဲရှိရှိ အခုအဆုံးသတ်ပြီ။
နားလည်လား "

ဟန်ရှန်းက အနည်းငယ် ခေါင်းညိတ်ကာ
“နားလည်ပါတယ်”

အဘိုးကြီးက ဟန်ရှန်းကို စိုက်ကြည့်ကာ
မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်သည်။

ပတ်ဝန်းကျင်သည် တစ်ဖန်တိတ်ဆိတ်
သွားသည်။

...

သတ်ဖြတ်ခြင်းလမ်းကြောင်း၏

ပင်မတောင်ထိပ် တွင်....

ယန်ယွဲ့ သည် မူလစေတီထဲ၌

ကျင့်ကြံနေတုန်းဖြစ်၏။

ဤအတောအတွင်း အကြီးအကဲမို က

ခန်းမအပြင်ဖက်၌ ရပ်ကာ

ကောင်းကင်သို့ မော့ကြည့်နေသည်။
ထို့နောက် ယန်ယွဲ့ဆီသို့
တစ်ချက်လှမ်းကြည့်ပြီး
ထွက်သွားလေသည်။

အချိန်များ တရွေ့ရွေ့နဲ့ ကုန်ဆုံးလာ၏။
မျက်စိတစ်မှိတ်အတွင်း ၆ လပင်
ကုန်ဆုံးသွားလေပြီ။

ဤအချိန်တွင် နှင်းပွင့်လေး နှင့်
တျန်းရှူတို့နှစ်ယောက်သား
ကျင့်ကြံခြင်းအခန်းထဲသို့ မကြာခဏ
ရောက်ရှိလာတတ်သည်။ ယန်ယဲ့အား
စိုက်ကြည့်ကာ နှစ်ယောက်စလုံး
နှုတ်ခမ်းများကို ဖိကိုက်ရင်း
ထွက်ထွက်သွားကြရသည်။ ယန်ယဲ့
နိုးမလာသေးသောကြောင့်

ကလေးနှစ်ယောက်လုံး

စိတ်ပျက်လက်ပျက်ဖြစ်နေပုံပါ။

ဤအတိုင်းပင်၊ အချိန်များ

ထပ်မံကုန်ဆုံးသွားကာ နောက်ထပ် ၆

လအထိပင် ကြာမြင့်သွားပြန်သည်။

တစ်မနက်တွင် ကလေးနှစ်ယောက်သား

ပြန်ရောက်လာကြသည်။ နှင်းပွင့်က

ယန်ယဲ့ ဆီသို့ ပြေးလာပြီး

မျက်လုံးများကို တည့်တည့်

စိုက်ကြည့်နေသည်။ ယန်ယဲ့

နိုးမလာသေးကြောင်း မြင်သောအခါ

ခေါင်းလေးကို ခါယမ်းရင်း ထွက်သွားရန်

ပြင်လိုက်သည်။ သို့သော် ယန်ယဲ့၏

မျက်လုံးများက

ရုတ်တရက်ပွင့်လာသည်။

သတိထားမိသည်နှင့် နှင်းပွင့်၏

မျက်လုံးများ ပြူးကျယ်သွားသည်။

ဤအချိန်မှာ ယန်ယွဲ့၏မျက်လုံးများက

ရှုပ်ထွေးမှုများပြည့်နေလေသည်။

နှင်းပွင့်က လက်သည်းများကို

ရုတ်တရက်ဆန့်ကာ ယန်ယွဲ့၏မျက်နှာကို

ကုတ်ခြစ်လိုက်မှ

ပုံမှန်ပြန်ဖြစ်သွားတော့သည်။

ယန်ယဲ့က နှင်းပွင့်ကို စိုက်ကြည့်နေရင်း

ပြုံးပြီး "နှင်းခဲလေး၊ မတွေ့တာကြာပြီ"

နှင်းပွင့်က ချစ်စဖွယ်ပြုံးလိုက်ပြီး

ခေါင်းကို မေးစေ့လေးနှင့်

ပွတ်လိုက်သည်။

ယန်ယဲ့ က ပတ်ဝန်းကျင်ကို

ကြည့်လိုက်ပြီး ခေါင်းယမ်းကာ

ပြုံးလိုက်သည်။

ဤ၅ါတစ်ကြိမ်မှာ သူသည် အရာများစွာ

ကြုံဆုံခဲ့ရသည်။ အစပိုင်းတွင် သူသည်

နားလည်ဆင်ခြင်ရုံမျှသာဖြစ်သည်။

သို့သော်လည်း

အချိန်ကြာလာသည်နှင့်အမျှ

သူ၏နားလည်နိုင်စွမ်းသည်

ပိုမိုနက်ရှိုင်းလာသည်။

ပို၍ပို၍နားလည်လာခဲ့သည်။ သို့ရာတွင်

၎င်းသည် အချိန် တစ်နှစ်ခန့်ပင်
ကြာမြင့်ခဲ့လေသည်။

ဤအတောအတွင်း သူသည်
အကျိုးကျေးဇူး အများအပြားလည်း
ရခဲ့၏။ အဓိကကတော့
အလယ်အလတ်ရာန်အဆင့်
သို့တက်လှမ်းနိုင်ခဲ့သည်။

ဤအဆင့်တိုးတက်မှုက သူ၏

မူလခွန်အားကို

သိသိသာသာတိုးလာစေခဲ့သည်။

အလယ်အလတ်ဈာန်သခင် နှင့်

ပညာရှင်ကြား ကွာဟချက်က

ခြေလှမ်းတစ်ဝက်သာရှိတော့၏။ သို့တိုင်

ဤခြေလှမ်းက အခြားသူများနှင့်

ကောင်းကင်နှင့်မြေကြီးကြား

အကွာအဝေးဟု ထင်ရလေသည်။
သို့သော်လည်း ၎င်းသည် ယန်ယဲ့အတွက်
ခြေတစ်လှမ်း၏တစ်ဝက်မျှသာဖြစ်သည်
။ ဤအချိန်တွင် သူသည် ပညာရှင်များကို
သိပ်ပြီးဂရုမစိုက်တော့ပေ။ သို့မဟုတ်
ယခင်အတိုင်းမဟုတ်ဘဲ
အနိုင်ယူနိုင်စွမ်းအပြည့်ရှိသည်ဟု
ဆိုရပေမည်။

ကျင့်ကြံမှုအဆင့် အပြင်

သူ့ကိုယ်သူလည်း တိုးတက်စေခဲ့သည်။

ဓားတာအို ။

ဤကာလအတွင်း သူသည် ဓားတာအိုကို

နက်နက်ရှိုင်းရှိုင်း

နားလည်ဆင်ခြင်ခဲ့သည်။

စပြီးကျင့်ကြံကတည်းက

သူ့စိတ်အစဉ်သည် ဓားတာအို၏

ချို့ယွင်းချက်များနှင့်

အားသာချက်များအကြောင်းသာ

တွေးတောနေခဲ့သည်။ သို့တည်းမဟုတ်

ဖြစ်နိုင်ချေအရာအားလုံးကို

နားလည်ဆင်ခြင်နေခဲ့သည်။

ယန်ယှဲ့ သည် သူ၏အတွေးကို ထိန်းကာ

နှင်းပွင့် နှင့် တျန်းရှူ

တို့နှစ်ယောက်စလုံးကို ပွေ့ချီလျက်

ပထမထပ်သို့ပြန်ဆင်းလာခဲ့သည်။

ယန်ယဲ့ သည် သူ၏လက်ကို
အနည်းငယ်လှုပ်လိုက်ရင်း
ဓားတစ်ချောင်းကို
ဆုပ်ကိုင်ထားလိုက်သည်။

သူ့လက်ထဲရှိ ဓားက တရားစီရင်ခြင်း...

ခဏမျှ စေ့စေ့ကြည့်ပြီးနောက်
စိတ်ထဲကနေ စိတ်ဆန္ဒတစ်မျှင်ကို

ထုတ်ဖော်လိုက်သည်။

တစ်ချိန်တည်းမှာပင် မျက်လုံးများကို

မှိတ်ထားလိုက်သည်။

အချိန်အတော်ကြာအောင်

ငြိမ်သက်နေပြီးနောက် ရုတ်တရက်

ရယ်မောလိုက်မိသည်။

ဤနှစ်များတစ်လျှောက်တွင်

သူ၏ဓားတာအို သည် ရိုးရိုးရှင်းရှင်းမှ

ရှုပ်ထွေးသွားခဲ့သည်။ ထို့နောက်မှ

ရိုးရှင်းမှု(မူလအစ)သို့

ပြန်လည်ရောက်ရှိသွားခဲ့သည်။

သူ၏ဓားတာအို ကို အဆင့်တစ်ဆင့်သို့

ရောက်ရှိသွားအောင် လုပ်ငန်းစဉ် ။

ဤတစ်ကြိမ်တွင်တော့ သူ၏ဓားတာအို

သည် ရိုးရှင်းနေရာမှ

ရှုပ်ထွေးသွားပြန်သည်။

အတိတ်တွင် သူ၏ဓားက ဓားတစ်လက်
ဖြစ်၏။ ယခုမူကား ဓားသည်
ဓားတစ်လက်မဟုတ်ဟု ခံစားမိသည်။

ပညာရှင်များက မည်သည့်ကြောင့်
အစွမ်းထက်သနည်း။

ပညာရှင်များ သည် ကောင်းကင်နှင့်
မြေကြီး၏ စွမ်းအင်ကို
အသုံးချနိုင်ကြသည်။ အရာခပ်သိမ်း၏

စွမ်းအင်ကို အသုံးချနိုင်လေသည်။

ပညာရှင်အဆင့် အောက်ရှိ

ကျင့်ကြံသူများအတွက် ထိုအရာများကို

ယာယီသာအသုံးချနိုင်၏။

သို့သော်လည်း ပညာရှင်များက

အမှန်တကယ် ထိန်းချုပ်ထားနိုင်ခဲ့သည်။

ယန်ယွဲ့ သည်

ယာယီအသုံးချနိုင်သောအဆင့်ထိ

ရောက်ရှိခဲ့သည်။

တရားစီရင်ခြင်းက သူ့လက်ထဲတွင်
တစ်ဖန်ပေါ်လာပြီး ရှေ့တည့်တည့်မှာ
လွင့်မျောနေခဲ့သည်။ ခဏအကြာတွင်ပဲ
ဓား ဆီသို့ မရေမတွက်နိုင်သော
စွမ်းအင်စီးကြောင်းများ
စီးဝင်လာပါတော့သည်။ ထို့အတူ
တရားစီရင်ခြင်း က
ပြင်းထန်စွာတုန်ခါစပြုလာသည်။

ဤအခိုက်အတန့်တွင် ဒြပ်စင် (၅)ပါး၊
လောကဝိညာဉ်စွမ်းအင်၊
အာကာသစွမ်းအင်နှင့် ယန်ယဲ့
ပိုင်ဆိုင်သော စွမ်းအင်များပါ
ပေါင်းစပ်ထား၏။

ယန်ယဲ့၏ ရည်ရွယ်ချက်က
အတော်လေးကို ရိုးရှင်းပါသည်။ သူ
နားလည်ဆင်ခြင်ထားသည့်အရာတိုင်းကို
ဓားနှင့်ပေါင်းစပ်ရန်ပင်။ သူသည်

အရာရာတိုင်းကို  အတင်းအကြပ်
ပေါင်းစပ်ရန် စီစဉ်ထားပုံရသည်။

ရိုးရိုးရှင်းရှင်းပြောရလျှင် သူသည်
သူ၏ဓားထိပ်များသို့ ဆွဲယူနိုင်သော
ခွန်အားအရင်းအမြစ်အားလုံးကို
လုံးလုံးပေါင်းစည်းရန် စီစဉ်ခဲ့သည်။
၎င်းသည် သူ နားလည်ထားသော
"ရှုပ်ထွေးမှုဖြစ်စဉ်" ဖြစ်သည်။

သို့သော် ဖြစ်စဉ်တစ်ခုလုံးကို
ပြီးမြောက်ရန် လိုပါသေးသည်။

ထို့အပြင်
ရိုးရှင်းသည်ဟုထင်ရသော်လည်း
လက်တွေ့လုပ်ဆောင်ရန်
အလွန်ခက်ခဲလှပါသည်။

ဤအချိန်တွင် နှင်းပွင့် နှင့်

တျန်းရှူတို့နှစ်ယောက်က မလှမ်းမကမ်း၌

ရပ်နေကြသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားပြီး

ယန်ယဲ့ရှေ့ရှိ ဓားက ပိုပိုပြီး ပြင်းထန်စွာ

တုန်ခါနေပါတော့သည်။

ယန်ယဲ့က လက်တစ်ဖက်ဆန့်ပြီး

ဓားထိပ်ဖျားကို ဆတ်ခနဲပုတ်လိုက်သည်။

စူးရှသောဓားအူသံ

ပဲ့တင်ထပ်လာလေသည်။ ထို့နောက်

တရားစီရင်ခြင်းက

အနက်ရောင်အလင်းတန်းအသွင်

ပြောင်းကာ ကောင်းကင်ထက်သို့

ပျောက်ကွယ်သွားခဲ့သည်။

အောင်း...

ဓားအူသံ ပျံ့လွင့်နေသော်လည်း

တရားစီရင်ခြင်းက

အနက်ရောင်အစက်လေးတစ်ခုပုံစံသာမြ

င်နိုင်တော့သည်။

အရှိန်က လုံးဝကို လျင်မြန်လွန်းခဲ့သည်။

သို့သော် ထိုအလင်းစက်ကလေးထဲ၌

အလွန်ကြောက်စရာကောင်းသော

စွမ်းအင်များပါရှိသည်။

တရားစီရင်ခြင်း

ပျောက်ကွယ်သွားသည့်အခိုက်

လောကတစ်ခုလုံးသည်

သာမန်နေရာတစ်ခုအသွင်

ပြောင်းသွားခဲ့သည်။

လုံးဝကို ကြောက်စရာအတိပင်။

ပတ်ပတ်လည် အာကာသပြင်သည်ပင်

ဓား၏စွမ်းအားကို

တောင့်ခံထားနိုင်စွမ်းမရှိတော့ပုံပါ။

သို့သော်လည်း ယန်ယဲ့က

ခေါင်းခါလိုက်ပြီး "ဒါနဲ့မလုံလောက်ဘူး"

စကားပြောပြီးသည်နှင့် သူ၏မျက်လုံးကို

ဖြည်းညှင်းစွာမှိတ်လိုက်သည်။

တရားစီရင်ခြင်း က

ကြောက်မက်ဖွယ်စွမ်းအားများ
ထုတ်လွှတ်နေသော်လည်း
သူမျှော်လင့်ထားသည့်အဆင့်ကိုတော့
မရောက်ရှိခဲ့ပေ။

ယန်ယွဲ့ သည် စိတ်ဆန္ဒတစ်မျှင်ကို
ထုတ်လွှတ်လိုက်ရာ တရားစီရင်ခြင်းက
သူ့ရှေ့တွင် ပေါ်လာပြန်သည်။

ယန်ယဲ့ သည် အသက်ပြင်းပြင်းရှူပြီး
လက်သီးများကို ဖြည်းညှင်းစွာ
ဆုပ်ထားလိုက်သည်။ ထိုခဏလေးမှာပဲ
တရားစီရင်ခြင်းက
နောက်တဖန်တုန်လှုပ်သွားပါတော့သည်။

ဤအချိန်တွင် ယန်ယဲ့ရှေ့၌
ရွှေရောင်စေတီငယ်တစ်ဆူ
ရုတ်တရက်ပေါ်လာသည်။ ထို့နောက်
ယန်ယဲ့နှင့် ၃ ကီလိုမီတာအကွာကနေ

ကြောက်မက်ဖွယ်ကောင်းသော
ရွှေရောင်အလင်းတန်းတစ်ခု
ကျဆင်းလာသည်။

ယန်ယဲ့ သည် အံ့အားသင့်သွားကာ
ဘာပြောရမှန်းတောင်မသိတော့ပေ။

ဤအချိန်တွင် မူလစေတီသည်
ထပ်မံတိုက်ခိုက်လိုပုံရ၏။
သို့သော်လည်း နှင်းပွင့်က ရုတ်တရုတ်

ပြေးထွက်လာကာ တင်းတင်းကျပ်ကျပ်
ပွေ့ဖက်ထားလိုက်သည်။

ယန်ယဲ့ သည် သူ့ရှေ့ရှိ
ဒေါသထွက်နေသော ရွှေစေတီလေးကို
စိုက်ကြည့်ရင်း သူ့မျက်နှာပေါ်တွင်
အတော်လေး ရှက်ရွံ့သော အမူအရာ
ပေါ်လာသည်။ သူသည်
မူလစေတီထဲမှာသာ ရှိနေသေးကြောင်း
မေ့သွားတာပါ။ နောက်ဆုံး

တိုက်ခိုက်မှု၏ စွမ်းအားသည် ဤနေရာရှိ

ကမ္ဘာကြီးကို အနည်းငယ်

ထိခိုက်သွားစေခဲ့သည်။

နောက်ဆုံးတွင် နှင်းပွင့်လေး

တားလိုက်သဖြင့် မူလစေတီ က

ထပ်ပြီးရန်လိုမနေတော့ပေ။ သို့သော်

ရွှေစေတီလေးက ယန်ယွဲ့ဆီသို့

ပျံသန်းလာပြီး သူ့ခေါင်းထက်၌

လွင့်မျောနေသည်။ သေချာသည်မှာ သူ့အားသတိပေးလိုက်ခြင်းပင်။

ယန်ယဲ့ သည် ပခုံးတွန့်ပြီး နှင်းပွင့် ဆီသို့ လျှောက်သွားလိုက်သည်။

ထို့နောက် အနည်းငယ်ခေါင်းယမ်းပြီး ပြုံးလိုက်သည်။ သူက နှင်းပွင့်၏ ခေါင်းကို ပွတ်ကာ "ကျေးဇူးတင်ပါတယ်"

နှင်းပွင့် ကြောင့်သာမဟုတ်တော့ သူသည်
သတိပေးခံရရုံသာမက
ရိုက်နှက်ခံရပေမည်။

နှင်းပွင့်က ချစ်စဖွယ်ပြုံးကာ ယန်ယဲ့၏
ပခုံးပေါ်သို့ ပျံတက်သွားပြီး ပါးလေးဖြင့်
ခေါင်းကို ပွတ်သပ်လိုက်သည်။

ထို့နောက် ခဏအကြာတွင်တော့
ယန်ယဲ့သည် မူလစေတီထဲမှ

ထွက်သွားရန် ပြင်လိုက်၏။ သို့သော် သူ ထွက်မသွားနိုင်သေးပါ။ နှင်းပွင့်၊ တျန်းရှူ တို့နှင့်အတူ အချိန်ခဏကြာအောင် ကစားပေးလိုက်ရသည်။ နောက်ဆုံးတွင် ကလေးနှစ်ယောက်က သူနှင့်ကစားခွင့်ရဖို့ အချိန် တစ်နှစ်ပတ်လုံး စောင့်နေခဲ့ရသည်။

၂ ရက်အကြာတွင် ယန်ယဲ့ သည် မူလစေတီထဲမှ ထွက်ခွာသွားသည်။

ခန်းမထဲက ထွက်လာသည်နှင့် အကြီးအကဲမို ကို တွေ့လိုက်၏။

ယန်ယဲ့ က "လက်နက်လမ်းစဉ် က တစ်ခုခုထူးခြားတာမျိုးရှိသလား" ဟုမေးလိုက်သည်။ သူသည် လက်နက်ကမ္ဘာတွင် ရှိနေသောကြောင့် မေးမြန်းလိုက်ခြင်းပင်။

အကြီးအကဲမို က ခေါင်းကို
အနည်းငယ်ခါယမ်းကာ “အကုန်လုံး
ပုံမှန်ပါပဲ”

ယန်ယဲ့က ခေါင်းညိတ်ပြီး
ပြောလိုက်သည် “အစ်ကိုမို၊ ငါတို့က
နောက်ဘယ်တော့ ပြန်ဆုံနိုင်မယ်ဆိုတာ
မသိဘူး။ မင်းဟာ ဘယ်သူပဲ ဖြစ်ဖြစ်
ငါ့ကို ဂရုစိုက်ပြီး ကူညီပေးတာ

ကျေးဇူးတင်ပါတယ် ။ အခုတော့ ဒီမှာပဲ

နှုတ်ဆက်လိုက်မယ်”

စကားပြောပြီးနောက် အကြီးအကဲမို အား

လက်သီးဆုပ်လျက်

ထွက်သွားလေသည်။

အကြီးအကဲ မိုက ရုတ်တရက်

“နောက်ထပ် ဘယ်လမ်းစဉ်ကို သွားမလဲ ”

ဟု လှမ်းမေးသည်။

ယန်ယဲ့ က ပြုံးပြီး “ဗုဒ္ဓလမ်းစဉ်။
ငါသွားချင်နေတာကြာပြီ"

အကြီးအကဲ မိုက “သူတို့ မင်းကို
ထွက်သွားခိုင်းမှာ မဟုတ်ဘူး”

ယန်ယဲ့က ပြုံးပြီး “ဗုဒ္ဓလမ်းစဉ်ဟာ စိတ်
စေတနာကောင်းတယ်။ သူတို့က
ငါ့အတွက် ခက်ခဲစေမှာ မဟုတ်ဘူး”

အကြီးအကဲ မိုက “ဒါမျိုးမဖြစ်မှာကို
ငါစိုးရိမ်မိတယ်”

ယန်ယဲ့က အနည်းငယ်
ခေါင်းညိတ်လိုက်ရင်း “ကောင်းပြီ။ ငါ
အောင်မြင်မှုတစ်ခု ရခဲ့တာဖြစ်လို့
လေ့ကျင့်ရေး အတွက် လူတချို့ကို
သတ်ချင်သလို ခံစားရတယ်"

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့ သည်

ကောင်းကင်အထက်သို့

ပျောက်ကွယ်သွားသည်။

Translated By NyiNyiSoe

May Be:

...အပိုင်း ၂၄၉၀

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယွဲ့ သည် လက်နက်ကမ္ဘာမှ
ထွက်လာခဲ့သည်။ သူ ထွက်သွားသည်နှင့်
လက်နက်လမ်းစဉ်မှလူတိုင်း
သက်ပြင်းမောများချလိုက်ကြသည်။

ဤမတိုင်ခင် ယန်ယွဲ့
ထွက်မသွားသေးမှန်း
သဘာဝကျကျသိထားကြသည်။

လက်နက်လမ်းစဉ် သည် ပညာရှင်များကို
သတ်နိုင်သည့် ညဏ်ကြီးရှင်တစ်ဦးနှင့်
ပဋိပက္ခကို ဆက်ပြီးမဖန်တီးလိုတော့ပေ။
လက်နက်လမ်းစဉ်တွင်
အစွမ်းထက်ပညာရှင်များ
ရှိနေသော်လည်း ယန်ယဲ့ကို
တိုက်ခိုက်နိုင်မည်မဟုတ်ပါ။
ထိုအတိုင်းသာ လုပ်ဆောင်ပါက

လက်နက်လမ်းစဉ်သည်
စည်းမျဉ်းချိုးဖျက်ရာကျပေမည်။

ဤအခိုက်အတန့်တွင် လက်နက်လမ်းစဉ်
နှင့် တာအိုလမ်းစဉ် ကြား
သေခြင်းရှင်ခြင်း
တိုက်ခိုက်ရမည့်အချိန်မဟုတ်ပေ။

ယန်ယဲ့လည်း ထွက်သွားပြီဖြစ်လေရာ
အဖြစ်အပျက်က ပြီးဆုံးသွားခဲ့ပါပြီ။

လက်နက်လမ်းစဉ်မှ ထွက်လာသည်နှင့်
ယန်ယဲ့သည် လက်နက်ကမ္ဘာ၏အဝင်ဝ၌
လက်နက်လမ်းစဉ်၏အုပ်ထိန်းသူကို
တွေ့လိုက်သည်။

ယန်ယဲ့က ပြုံးပြီး “မင်းကို
စိတ်ပျက်စေမိလို့တော့
စိတ်မကောင်းပါဘူး။
ငါအသက်ရှင်နေနေသေးတယ်"

ထိုစကားပြောပြီးသည်နှင့်

ကောင်းကင်ယံ၌

ပျောက်ကွယ်သွားသည်။

သူ၏ နောက်ထပ် ခရီးစဉ်က

ဗုဒ္ဓလမ်းစဉ်ပါ။

ယန်ယွဲ့ သည် ဗုဒ္ဓလမ်းစဉ်ကို

တိုက်ရိုက်မသွားဘဲ

သမိုင်းမတင်မီခေတ်၏ အပျက်အစီးနယ်မြေ ဆီသို့ အရင်သွားလိုက်သည်။

သူ့အမြင်တွင် မဟာလမ်းစဉ် (၃) သွယ်ကို အလည်အပါတ်သွားတာက သိပ်ပြီးအရေးမကြီးလှပေ။ မည်သို့ပင်ဆိုစေကာမူ တာအိုလမ်းစဉ်က သူ့အား အချိန်ကန့်သတ်ချက် မပေးထားခဲ့ပါ။ ဤအချိန်တွင်

သူလိုအပ်ဆုံးအရာက ခွန်အားကို

မြှင့်တင်ရန်ဖြစ်သည်။

ထို့အပြင် ယန်ယဲ့ သည်

အချို့အရာများနှင့်ပတ်သက်၍

လမ်းညွှန်မှုရယူရန်

သမိုင်းမတင်မီခေတ်က

အပျက်အစီးနယ်မြေ ဆီသို့

ရောက်လာခဲ့သည်။

အပျက်အစီးနယ်မြေ ထဲသို့

ဝင်လာလိုက်သည်နှင့်

သလင်းကျောက်ခေါင်းတလားကို

တွေ့လိုက်ရသည်။

"ဂုဏ်ယူပါတယ်" ခေါင်းတလားထဲမှ

အသံက “မင်းဟာ

အလယ်အလတ်ရှာန်သခင် ဖြစ်နေပြီ။

မင်းရဲ့ ခွန်အားက အမြင့်ကို

ရောက်နေပြီလို့ ပြောနိုင်တယ်”

ယန်ယဲ့ က အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး "ငါ့ရဲ့ ခွန်အားက

မင်းအတွက် ဘာမှမဟုတ်ဘူးဆိုတာ

သေချာပါတယ်"

"ကိစ္စမရှိပါဘူး" အသံက ပြန်ပြောသည်
“ငါတို့က အားမနည်းပေမယ့်
မင်းထင်သလောက် မသန်မာဘူး”

ယန်ယဲ့က ပြုံးပြီးပြောလိုက်သည်
"အကြီးအကဲ၊ ငါ
ပွင့်ပွင့်လင်းလင်းပဲပြောပါ့မယ်။ ဒြပ်စင်
(၅)ပါး စွမ်းအင်ကို
ဘယ်လိုအသုံးချရမယ်ဆိုတာ
လမ်းညွှန်ချက်တောင်းဖို့

ဒီကိုရောက်လာခဲ့တာပါ။ အကြီးအကဲ၊ ငါ့ကို လမ်းညွှန်ပေးနိုင်ပါ့မလားလို့ တွေးမိတယ်”

ခေါင်းတလားထဲမှ လျှို့ဝှက်ဆန်းကြယ်သော ပညာရှင်က ဒြပ်စင် (၅) ပါးကို အသုံးချစဥ်အခါ လုံးဝကို ကြောက်စရာကောင်းလှသည်။ သို့သော်လည်း သူသည် ထိုအဆင့်ကို မရောက်နိုင်ခဲ့ပေ။ ထိုအချက်က

သူဖန်တီးထားသည့် ဓားနည်းစနစ်ကို

အပြည့်အဝအသုံးမချနိုင်သော

အကြောင်းအရင်းလည်းဖြစ်နေသည်။

လျို့ဝှက်ဆန်းကြယ်သော ပညာရှင် က

အချိန်တော်တော်ကြာ ငြိမ်သက်နေပြီးမှ

"မင်းတကယ် ဉာဏ်အလင်းရလာပုံပဲ" ဟု

ပြောပါသည်။

ယန်ယွဲ့က အံ့သြသွားပြီး "အကြီးအကဲ၊

ဘာကိုဆိုလိုတာလဲ"

လျှို့ဝှက်ဆန်းကြယ်သောပညာရှင် က “လူတစ်ယောက်ရဲ့ အလားအလာက အကန့်အသတ်မရှိပေမယ့် စွမ်းအင်က အကန့်အသတ်ရှိတယ်။ ငါတို့ရဲ့ စွမ်းအင်ကို ပိုပြီးတိုးလာအောင် မလုပ်နိုင်တဲ့အခါမျိုးတွေ။ ငါတို့ ဘယ်လို "လုပ်ဆောင်ရမယ်" ဆိုတာကို လေ့လာရလိမ့်မယ်။ ငါတို့သုံးနိုင်တဲ့

တခြားစွမ်းအင်တွေကို အသုံးချလိုက်။
အဲဒါကို ဘယ်လိုလုပ်ယူရမလဲ၊
ဘယ်လိုသုံးရမလဲဆိုတာကတော့
နောက်ထပ်ပြဿနာတစ်ခုပေါ့”

လျှို့ဝှက်ဆန်းကြယ်သောအသံ က
ခဏရပ်ပြီး “တကယ်တော့ ဝိညာဉ်တွေ၊
ဝိညာဉ်ဘုရင်တွေနဲ့
ဝိညာဉ်အင်ပါယာတွေက
လောကရဲ့စွမ်းအင်ကို

အသုံးချတဲ့နေရာမှာ အသင့်တော်ဆုံးနဲ့ အကောင်းဆုံးပါပဲ”

ဝိညာဉ်အင်ပါယာ....

ယန်ယဲ့ သည် နှင်းပွင့်အကြောင်းကို ချက်ချင်း တွေးမိလိုက်၏။ ... နှင်းပွင့်ဆီကနေ သင်ယူရမလား။

သို့သော် ယန်ယဲ့ သည် ချက်ချင်းပင် ငြင်းဆိုလိုက်သည်။ နှင်းပွင့်က ကျင့်ကြံခြင်းကို မုန်းတီးသောကြောင့် သူမ၏ကိုယ်ပိုင်စွမ်းရည်များကို နားမလည်သေးပေ။ အချိန်အများစုတွင် သူမ၏ပင်ကိုယ်စွမ်းရည်ကို အလိုအလျောက်သာ အသုံးချခဲ့သည်။

ဤအတောအတွင်း

လျှို့ဝှက်ဆန်းကြယ်သော ပညာရှင် က

“အထူးသဖြင့်တော့ ငါ့မျိုးနွယ်စုက

အရာခပ်သိမ်းရဲ့စွမ်းအင်ကို

ဘယ်လိုထိန်းချုပ်ရမလဲဆိုတာ

တချို့ဝိညာဉ်ဘုရင်တွေဆီကနေ

သင်ယူခဲ့တယ်။ ဒါကြောင့် ဒီကိစ္စနဲ့

ပတ်သက်ရင် ငါတို့မှာ

အတွေ့အကြုံနည်းနည်း ရှိတယ်”

ယန်ယဲ့က

သလင်းကျောက်ခေါင်းတလားကို

ငုံ့ကြည့်လိုက်ပြီး "မင်းမှာ

အခြေအနေတွေ ရှိသလား"

လျှို့ဝှက်ဆန်းကြယ်သော ပညာရှင်က

“ငါပြောနိုင်တာက... ဒါပေမဲ့ အခုလက်ရှိ

မင်းက ဒါကိုမလုပ်နိုင်သေးဘူး။

မင်းဆန္ဒရှိရင် မင်းငါ့ကို အနာဂတ်မှာ

တစ်ခုခုကူညီမယ်လို့ ကတိပေးနိုင်တယ်"

ယန်ယဲ့ က "ဒါကဘာဖြစ်မလဲ"

လျှို့ဝှက်ဆန်းကြယ်သော ပညာရှင်က "အခုပြောဖို့က အခိပ်ပွါယ်မရှိဘူး။ တိုတိုပြောရရင်တော့ မင်းရဲ့အရည်အချင်းထက် ကျော်လွန်နေတယ်ထင်ရင် ကူညီဖို့ ငြင်းဆန်နိုင်တယ်။ အဆင်ပြေလား"

ယန်ယဲ့က ပြုံးပြီး "ငါ့မှာ ငြင်းစရာ အကြောင်းမရှိဘူးလေ... ဟုတ်တယ်မလား"

လျှို့ဝှက်ဆန်းကြယ်သော ပညာရှင် က "ဒါဆို သဘောတူညီချက်တစ်ခု ရပြီ"

ယန်ယဲ့က ခေါင်းညိတ်ပြီး "ကောင်းပြီ"

လျှို့ဝှက်ဆန်းကြယ်သော ပညာရှင်က

“အရာအားလုံးက သူ့သဘောနဲ့သူ

ရှိကြတယ်။ ဒါ့ကြောင့် သူတို့ရဲ့ခွန်အားကို

ဆွဲယူ(အသုံးချ) ချင်ရင်

"ဝိညာဉ်ပေါင်းစည်းခြင်း" ကို

အရင်ဦးဆုံး သင်ယူရမယ်။

"ဝိညာဉ်ပေါင်းစည်းခြင်း" က သူတို့ကို

ပေါင်းစပ်လိုက်တာပဲ။ ဒီနေရာမှာ

ပြောချင်တာက သူတို့ရဲ့ စွမ်းအင်ကို

လိုလိုလားလားထုတ်ပေးတာနဲ့

ကွာဟချက်တော့ရှိနိုင်တယ်။

"ဝိညာဉ်ပေါင်းစပ်ခြင်း" ကို

ကျွမ်းကျင်ဖို့က တခြားဘယ်သူမဆို

ခက်ခဲနိုင်ပေမယ့် မင်းကတော့

ပြဿနာမရှိဘူး။ မင်းမှာ

ဝိညာဉ်အင်ပါယာရှိနေတော့

သဘာဝအတိုင်း အားသာချက်ရှိတယ်။

သူ့အကူအညီနဲ့ဆို

"ဝိညာဉ်ပေါင်းစည်းခြင်း" က

မင်းအတွက် လုံးဝကိုရိုးရှင်းတယ်"

နှင်းပွင့်လေး လား....

ယန်ယဲ့က "ငါ ဘာလုပ်ရမလဲ"

လျှို့ဝှက်ဆန်းကြယ်သော ပညာရှင်က

ဘာမှ ပြန်မပြောပေ။

တစ်ချိန်တည်းမှာပင် ယန်ယဲ့ရှေ့ရှိ

မြင်ကွင်းသည် ရုတ်တရက်
ပြောင်းလဲသွားသည်။ ခဏအကြာတွင်
သူသည် မီးခိုးရောင်ကမ္ဘာသို့
ရောက်ရှိသွားခဲ့သည်။

ဤကမ္ဘာကြီးတွင်
လေပြင်းများတိုက်ခတ်နေခြင်း၊
မိုးသက်မုန်တိုင်းများကျဆင်းနေ၏၊
လျှပ်စီးများ တဖျပ်ဖျပ်လက်နေသည်၊
ဆူနာမီလှိုင်းလုံးများ၊ ဒြပ်စင် (၅) ပါး

ရှိခဲ့သည်။ အတိုချုပ်ပြောရလျှင် သဘာဝစွမ်းအားများနှင့် စွမ်းအင်အမျိုးမျိုးကို ဤနေရာတွင် တွေ့ရှိနိုင်၏။

လျှို့ဝှက်ဆန်းကြယ်သော ပညာရှင်က သူ့ကို လမ်းညွှန်မှုပေးသည်နှင့်အမျှ ယန်ယဲ့ သည် သမိုင်းမတင်မီခေတ်က လူများကို ပို၍ပင် လေးစားလာခဲ့သည်။

ကြောက်စရာကောင်းလှသော နည်းစနစ်

။

သမိုင်းမတင်မီခေတ်၏ ပညာရှင်များက

စွမ်းအင်အမျိုးအစားတိုင်းအတွက်

စံသတ်မှတ်ထားသော နည်းလမ်းများ

ရှိခဲ့သည်။ သင်ယူနိုင်သမျှ

နည်းလမ်းတိုင်းကို အကုန်အစင်

လေ့လာထားခဲ့ကြသည်။ အကယ်၍

အခြားသူဆိုပါက အပြည့်အဝလေ့လာဖို့

အချိန်တော်တော်ကြာပေမည်။

သို့သော်လည်း ယန်ယဲ့က

အချိန်သိပ်မကြာလိုက်ပါ။ အကြောင်းမှာ

သူ့အနားတွင် နှင်းပွင့်လေး

ရှိနေသောကြောင့်ပင်။

စွမ်းအင်အမျိုးအစားအားလုံး သူ့ကို

ငြင်းပယ်ခြင်းမရှိပေ။ သူ့အနားတွင်

နှင်းပွင့်လေး ပေါ်လာသည်နှင့်

တစ်ပြိုင်နက် သူ့ဆီကို
တိုက်ရိုက်စီးဝင်လာသည့်အထိပင်။

အချိန်များ တရွေ့ရွေ့နှင့် ကုန်ဆုံးလာ၏။
လျှို့ဝှက်ဆန်းကြယ်သော ပညာရှင်၏
လမ်းညွှန်မှု နှင့်အတူ ယန်ယဲ့ သည်
"အရာခပ်သိမ်း၏ စွမ်းအင်ကို
အသုံးချနိုင်သောနည်းလမ်း" အပေါ်
နက်နက်ရှိုင်းရှိုင်းနားလည်လာခဲ့သည်။
ထို့အပြင်

ယန်ယဲ့တစ်ယောက်တည်းသာမဟုတ်ဘဲ

နှင်းပွင့်လေးပါ

အလွန်ကြီးထွားလာခဲ့သည်။

လောလောဆယ်တွင်

အလယ်အလတ်ရျာန်သခင် က နှင်းပွင့်ကို

ထိခိုက်စေနိုင်တော့မည်မဟုတ်ပေ။

ထို့အပြင် သူမ၏ခွန်အားက

အလယ်အလတ်ရျာန်သခင် ကိုပင်

သတ်ပစ်နိုင်လေသည်။

လျှို့ဝှက်ဆန်းကြယ်သော ပညာရှင်၏

အဆိုအရ နှင်းပွင့်သာ ကျင့်ကြံလျှင်

သူမလေး၏ခွန်အားက

ပညာရှင်နှင့်အဆင့်တူဖြစ်နိုင်ပေသည်။

လက်ရှိတွင်

စိတ်ပါလက်ပါကျင့်ကြံနေသည့်

အကြောင်းအရင်းက ယန်ယွဲ့ရှိနေလို့ပါ။

သူမ၏အမြင်မှာ ယန်ယွဲ့ နှင့်အတူ

ကျင့်ကြံတာက ဆော့ကစားနေခြင်းပင်။
သို့သော် နှင်းပွင့်လေးတစ်ယောက်တည်း
ကျင့်ကြံခိုင်းပါက ရှူးသွပ်သွားပေမည်။

ဤသို့ဖြင့် အချိန် တစ်လတာ
လျင်လျင်မြန်မြန်ပဲ ကုန်ဆုံးသွားသည်။
လျှို့ဝှက်ဆန်းကြယ်သော ပညာရှင်၏
လမ်းညွှန်မှုအောက်တွင် ယန်ယဲ့ သည်
ခန္ဓာကိုယ်တွင်းနှင့် ပြင်ပ ပြီးပြည့်စုံသော

အရည်အသွေးပြောင်းလဲမှုဖြစ်စဉ်ကို

ကြုံတွေ့ခဲ့ရသည်။

မီးခိုးရောင်ကမ္ဘာတွင် ...

ယန်ယွဲ့ သည်

ကျောက်ဆောင်ကြီးတစ်ခုပေါ်၌

တင်ပျဉ်ခွေထိုင်ကာ တရားစီးရင်ခြင်းက

သူ့ရှေ့တွင် လွင့်မျောနေသည်။ သူ၏

မျက်လုံးများကို တင်းတင်းမှိတ်ထားပြီး

တရားရှုမှတ်နေပုံရသည်။

နှင်းပွင့်က

မျက်လုံးမှိတ်ထားလျက်သားဖြင့်

ယန်ယဲ့၏ပခုံးပေါ်တွင်

အကျအနထိုင်နေလေသည်။

သို့သော်လည်း ရံဖန်ရံခါ မျက်လုံးလေးကို

ဖွင့်ပြီး ယန်ယဲ့အား

ချောင်းကြည့်နေသည်။

အချိန်အတော်ကြာပြီးနောက် ယန်ယဲ့

သည် ရုတ်တရက် မျက်လုံးပွင့်လာသည်။

ထိုအချိန်တွင် တရားစီရင်ခြင်းက

ရုတ်တရက် ပြင်းထန်စွာ

တုန်ခါသွားသည်။ ထို့နောက်

အလင်းတန်းတစ်ခု ကောင်းကင်သို့

ထိုးတက်ကာ ပျောက်ကွယ်သွားသည်။

ဘမ်း...

တစ်စုံတစ်ခု ပေါက်ကွဲထွက်သွားသည်။

မီးခိုးရောင်ကမ္ဘာကြီး
ပြိုကျလာပါတော့သည်။

ခဏအကြာတွင် ယန်ယဲ့ သည်
ခန်းမထဲသို့ ပြန်ရောက်လာသည်။

ဤအချိန်တွင် လျှို့ဝှက်ဆန်းကြယ်သော ပညာရှင် က "ဒီတိုက်ခိုက်မှုက မဆိုးပါဘူး"

ယန်ယဲ့ က ပြုံးပြီး "သိပ်မဆိုးဘူးထင်တယ်"

လျှို့ဝှက်ဆန်းကြယ်သော ပညာရှင်က “ဒါဟာ တစ်ချို့အရာတွေပဲ ရှိသေးတယ်။ ဒါပေမဲ့ အဲဒီအရာတွေက အခုလက်ရှိ

မင်းဆုပ်ကိုင်ထားနိုင်တဲ့အရာတွေ

မဟုတ်ဘူး။ မင်းဟာ

တိုးတက်မှုဖြစ်စဉ်ကို ဖြတ်သန်းဖို့

လိုသေးတယ်”

ယန်ယဲ့ က ပြုံးပြီး "အကြီးအကဲ၊

ဒီလမ်းညွှန်မှုအတွက်

ကျေးဇူးတင်ပါတယ်"

လျှို့ဝှက်ဆန်းကြယ်သော ပညာရှင်က

“မင်းစိတ်မရှိရင်

အဲဒီဝိညာဉ်အင်ပါယာကို

ဒီမှာထားခဲ့လို့ရပါတယ်။ တစ်နှစ်အတွင်း

သူမက ကြီးမားတဲ့အသွင်ပြောင်းလဲမှုကို

ကြုံတွေ့ရလိမ့်မယ်။ မင်းနဲ့အတူနေဖို့

အတွက်...

ရိုးရိုးသားသား ဝန်ခံပါရစေ၊ ဒါဟာ

သူမရဲ့ ပင်ကိုယ်စွမ်းရည်ကို အနည်းငယ်

ဖြုန်းတီးလိုက်တာပဲ။

ဝိညာဉ်အင်ပါယာတွေက

ချစ်စဖွယ်ကောင်းသလိုမျိုး

လုပ်မနေသင့်ဘူး"

ယန်ယဲ့ သည်

စကားမပြောနိုင်လောက်အောင်

ခံစားရသည်။

နှင်းပွင့်က သူမ၏လက်သည်းများကို

မြှောက်ကာ

သလင်းကျောက်ခေါင်းတလား ထံ

ဝှေ့ယမ်းလိုက်သည်။ ဆိုလိုသည်မှာ သူမ

ငြင်းပယ်လိုက်သည်။

ထို့နောက် ယန်ယဲ့ကို စိုက်ကြည့်ကာ

သူမလေး

လုံးဝကျန်နေမည်မဟုတ်ကြောင်း

ပြသလိုက်သည်။

သူမအတွက် ဤနေရာသည်
ပျော်စရာလုံးဝမကောင်းပါ။

ယန်ယဲ့က နှင်းပွင့်ကို ပြုံးပြပြီး
သလင်းကျောက်ခေါင်းတလားကို
စိုက်ကြည့်ရင်း "နှင်းခဲလေးအတွက်
မင်းရဲ့ ကောင်းမွန်တဲ့
ရည်ရွယ်ချက်တွေကို ငါ
ကျေးဇူးတင်တယ်။ ဒါပေမဲ့ သူမက ငါနဲ့

အတူနေချင်တာကို မင်း သတိထားမိတာ

တော့ သေချာပါတယ်"

လျှို့ဝှက်ဆန်းကြယ်သော ပညာရှင်က

"မင်းဟာ ဝိညာဉ်အင်ပါယာနဲ့

ဒီလိုမျိုးရှိနေနိုင်တာ တကယ်ကို

ထူးခြားပါတယ်။ ငါ့မျိုးနွယ်ထဲမှာ

ဘယ်သူကမှ အဲဒါကို ပြီးမြောက်အောင်

မလုပ်နိုင်ခဲ့ဘူး”

ယန်ယဲ့ သည် နှင်းပွင့်၏ခေါင်းလေးကို

ပွတ်ကာ ပြုံးလိုက်သည်။ ထို့နောက်

သလင်းကျောက်ခေါင်းတလားကို

စိုက်ကြည့်ကာ “အကြီးအကဲ၊ ငါတို့ ဒါကို

ဘယ်လိုလုပ်မလဲ။ ငါက

နှင်းပွင့်လေးနဲ့အတူ

ဒီကိုမကြာခဏပြန်လာလိုက်မယ်လေ။

ပြီးတော့ မင်း သူမကို လမ်းပြနိုင်သလို

ငါလည်း သင်ယူနိုင်တယ်”

လျှို့ဝှက်ဆန်းကြယ်သော ပညာရှင် က
"ကောင်းပြီ"

လျှို့ဝှက်ဆန်းကြယ်သော ပညာရှင် က
ငြင်းဆန်ခြင်းမရှိသည့်အတွက် ယန်ယွဲ့
သည် သဘာဝအတိုင်း
ပျော်ရွှင်သွားသည်။
သမိုင်းမတင်မီခေတ်၏ ပညာရှင်က
မည်မျှသန်မာမှန်း မသိပေ။
သို့သော်လည်း ၎င်းက လုံးဝကို

ထူးခြားဆန်းကြယ်လှသည်။

ထိုအဆင့်ပညာရှင်က လမ်းညွှန်ပေးဖို့

ဆန္ဒရှိလေရာ သူနှင့် နှင်းပွင့် အတွက်

တော်တော်ကိုအဆင်ပြေပါသည်။

သို့သော် နှင်းပွင့်လေးက လုံးဝ

ဂရုမစိုက်ပါ။ ပျော်ရွှင်မှုသည်

သူမအတွက်

အရေးကြီးဆုံးဖြစ်သောကြောင့်

သန်မာကြီးထွားလာရန် ဂရုမစိုက်ပါ။

ယန်ယဲ့ သည်

သလင်းကျောက်ခေါင်းတလား ဆီသို့

လက်သီးဆုပ်ကာ “ကျေးဇူးတင်ပါတယ်။

အကြီးအကဲ၊ ငါ့မှာ ကိုင်တွယ်စရာတွေ

အများကြီးရှိလို့ အခုပဲ

နှုတ်ဆက်ပါတယ်”

စကားပြောပြီးသည်နှင့် ယန်ယဲ့ သည်

နှင်းပွင့်ကို ပွေ့ချီကာ ထွက်သွားခဲ့သည်။

နှင်းပွင့်လေးက

သလင်းကျောက်ခေါင်းတလားကို

ငုံ့ကြည့်လိုက်ပြီး သူမ၏

မျက်လုံးလေးများက ပတ်ဝန်းကျင်ကို

စစ်ဆေးနေသည်။ သူမလေးက

တစ်ခုခုကို ကြံစည်နေပုံပါ။

ဤအချိန်တွင် ယန်ယွဲ့က နှင်းပွင့်ကို

ခေါင်းလေးပုတ်ပြီး

စိုက်ကြည့်လိုက်သည်။

ခဏအကြာတွင်ပဲ ယန်ယဲ့ သည်

နှင်းပွင့်၏ အတွေးများကို သိလိုက်ပါပြီ။

နှင်းပွင့်က

သလင်းကျောက်ခေါင်းတလားကို

ညွှန်ပြပြီး မျက်တောင်ခတ်သည်။

ရတနာတစ်ခု ။

သလင်းကျောက်ခေါင်းတလား က အဖိုးတန်ရတနာဟု ပြောနေတာပါ။

ယန်ယဲ့က သူမကို ခေါင်းပုတ်ပြီး “ဒါက အခေါင်းကြီးတစ်လုံးပဲ။ ရတနာတစ်ခုလို့တောင် တွေးလို့မရဘူး။ နားလည်လား"

သို့သော် နှင်းပွင့်က သူမ၏လက်သည်းများကို

စတင်ဝှေ့ယမ်းလိုက်သည်။
မြင့်မြတ်သောရတနာတစ်ခုဟု
ပြောနေတာပါ။

ယန်ယဲ့က နှင်းပွင့်ကို ပွေ့ဖက်လိုက်ပြီး
"တခြားတစ်နေရာက ရတနာတွေကို
သွားယူရအောင်လား"

နှင်းပွင့်၏မျက်လုံးလေးများ

တောက်ပလာပြီး "ဘယ်မှာလဲ"

မေးနေပုံရသည်။

ယန်ယဲ့၏ နှုတ်ခမ်းထောင့်တွင်

အပြုံးတစ်ခုက “ဗုဒ္ဓလမ်းစဉ်။

အဲဒီတောင်ထိပ်တွေမှာ ရတနာတွေ

အများကြီးရှိတယ်လို့ ကြားဖူးထားတယ်။

ငါတို့က ကံကြမ္မာကောင်းတစ်ခုခုကို

သွားရှာကြရအောင်"

ဗုဒ္ဓလမ်းစဉ်။

Translated By NyiNyiSoe

May Be:

...အပိုင်း ၂၄၉၁

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယဲ့ သည် သမိုင်းမတင်မီခေတ်၏

အပျက်အစီးနယ်မြေမှ ထွက်လာကာ

အကန့်အသတ်မဲ့ အာကာသပြင်ထဲသို့

ရောက်ရှိလာခဲ့သည်။

ဗုဒ္ဓလမ်းစဉ်သည် ဗုဒ္ဓကမ္ဘာတွင်

တည်ရှိခဲ့သည်။ ဗုဒ္ဓကမ္ဘာ သည်

နတ်ဆိုးကမ္ဘာ၏ အနောက်ဖက်အရပ်တွင်

ရှိလေသည်။

ဗုဒ္ဓကမ္ဘာကို လောကနိဗ္ဗာန်ဟု

သတ်မှတ်ထားကြသည်။ ထို့အပြင်

လောကသုံးပါးနှင့်

ချိတ်ဆက်ထားခြင်းမရှိဘဲ

သီးခြားဖန်တီးထားခဲ့သည်။

ဗုဒ္ဓကမ္ဘာပတ်ပတ်လည်ကို

အစွမ်းထက်အစီအရင်များဖြင့်

အထပ်ထပ်ကာရံထားသည်။

ဖန်ဆင်းရှင်များ သာလျှင်

ထိုအစီအရင်များကို
အင်အားသုံးဖြတ်ကျော်နိုင်ပေမည်။

အနည်းဆုံးတော့ ယန်ယဲ့၏
လက်ရှိခွန်အားဖြင့် မဖြစ်နိုင်ပေ။

ထို့ကြောင့် ယန်ယဲ့ သည် နတ်ဆိုးကမ္ဘာသို့
အရင်ဦးဆုံး သွားရောက်ရန်ရည်
ဆုံးဖြတ်လိုက်သည်။

သူ့တွင် လောကသုံးပါး၏ မြေပုံနှင့်

တာအိုလမ်းစဉ်မှ ပေးအပ်ထားသော

မဟာလမ်းစဉ် ၄ ခု၏

တည်နေရာပြမြေပုံရှိနေသဖြင့်

သိပ်မကြာဘဲ ဗုဒ္ဓကမ္ဘာဝင်ပေါက်ကို

ရှာတွေ့သွားသည်။ သို့သော် ဗုဒ္ဓကမ္ဘာ၏

ဂိတ်တံခါးကို နတ်ဆိုးတစ်ကောင်

စောင့်ကြပ်နေသောကြောင့် အတော်လေး

အံ့အားသင့်သွားခဲ့သည်။

သူ့ကိုယ်သူ မပြသေးသော်လည်း ယန်ယဲ့

သည် ၎င်း၏ အငွေ့အသက်ကို

ကောင်းကောင်း ခံစားနိုင်သည်။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး "ငါက

တာအိုလမ်းစဉ်ကို ကိုယ်စားပြုပြီး

ဗုဒ္ဓလမ်းစဉ်ကို

အလည်အပါတ်ရောက်လာတာပါ..."

ဤအချိန်တွင်

ကြောက်မက်ဖွယ်ကောင်းသော

အရှိန်အဝါတစ်ခုက သူ့အပေါ်

ဖိချလာသောကြောင့် ယန်ယွဲ့သည်

စကားတစ်ပိုင်းတစ်စနှင့် ရပ်သွားသည်။

တစ်ချိန်တည်းမှာပင်

ရောမလက်သည်းကြီးတစ်ဖက်က

ကောင်းကင်ယံကနေ ဆင်းသက်လာပြီး

ယန်ယွဲ့ကိုရိုက်ချလိုက်သည်။

ပြိုကျလာသော

တောင်ကြီးတစ်လုံးကဲ့သို့ပင်၊

ထိတ်လန့်စရာကောင်းလှ၏။

ယန်ယဲ့၏ မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားကာ

လူသတ်လိုစိတ်များ ချက်ချင်း

ပေါ်လာတော့သည်။

ဓားအူသံ ရှုတ်တရက်

ထွက်ပေါ်လာပြီးနောက်

တလက်လက်တောက်ပနေသော

အလင်းတန်းတစ်ခု ကောင်းကင်သို့

လွင့်ပျံလာသည်။

ဘမ်း...

ရောမနတ်ဆိုးလက်သည်းကြီး

ကွဲထွက်သွားသည်။ တစ်ချိန်တည်းမှာပင်

ယန်ယဲ့နှင့် မလှမ်းမကမ်းရှိ
တောင်တန်းကြီးတစ်ခုမှ ဒေါသတကြီး
အော်သံတစ်သံ ထွက်ပေါ်လာခဲ့သည်။

ယန်ယဲ့၏ ပါးစပ်ထောင့်က
အေးစက်စက်အပြုံးတစ်ခု ပေါ်လာပြီး
နေရာမှာတင် ပျောက်ကွယ်သွားသည်။

ဆူး…

တောင်ကြီးက အလယ်ဗဟိုကနေ
နှစ်ခြမ်းကွဲထွက်သွားသည်။

ယန်ယွဲ့ သည်
တောင်ပေါ်သို့တက်ခါနီးတွင်
ရောမအလုံးကြီးတစ်ခုက သူ့အား
လာတိုက်သည်။

အုန်း...

ကျယ်လောင်သော ပေါက်ကွဲသံကြီး

ထွက်ပေါ်လာပြီးနောက် ဘေးနားရှိ

တောင်တန်းများ ပြိုပျက်သွားခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့ သည်

လွှန်ခဲ့သည့်အခိုက်အတန့်က

သူရပ်နေသည့်နေရာသို့

ပြန်ရောက်သွား၏။ သူ့ရှေ့တွင် ဧရာမ

သားရဲကြီးတစ်ကောင် ရှိနေသည်။

ခန္ဓာကိုယ်ကသိမ်းငှက်နှင့်တူသော်လည်း

ဦးခေါင်းပိုင်းကတော့

ကျားတစ်ကောင်နှင့်တူလေသည်။

၎င်း၏မျက်လုံးများက

ဖရဲသီးအရွယ်အစားဖြစ်ပြီး

ပြင်းထန်သော အရိပ်အယောင်များ

တောက်ပနေသည်။

သားရဲကြီး ရင်ဘတ်တွင်

သွေးတစ်စက်စက် စီးကျနေသော

ဒဏ်ရာတစ်ခု ရှိနေ၏။ ဒဏ်ရာက
အတော်လေးနက်သည်။

ယန်ယဲ့က ရောမသားရဲကြီးကို
တစ်ချက်ကြည့်လိုက်ပြီး "ငါက ယန်ယဲ့။
တာအိုလမ်းစဉ်ကိုယ်စား ဗုဒ္ဓလမ်းစဉ်ကို
အလည်အပါတ်ရောက်လာတယ်..."

သားရဲကြီးက သူ့ထံ
ခုန်ဝင်လာသောကြောင့်

ယန်ယဲ့၏စကားသံက

ရုတ်ချည်းရပ်တန့်သွားသည်။

ယခုမှတော့ တိုက်ခိုက်လိုက်ရုံသာ ။

ယန်ယဲ့က

သူ၏လက်ကိုအနည်းငယ်လှုပ်လိုက်ရုံဖြ

င့် တရားစီရင်ခြင်းက သူ့ရှေ့တွင်

လွင့်မျောလာသည်။ ထို့နောက်

တရားစီရင်ခြင်းကို ဖမ်းဆုပ်ကာ

လျှပ်စီးလက်သကဲ့သို့ ရှေ့သို့

ခုတ်ချလိုက်သည်။

ဆူး...

သားရဲကြီး ခေါင်းထိပ်မှ

သွေးကြိုးတစ်ချောင်း ဖျန်းခနဲ

ထွက်လာပြီး နာကျင်စွာ

အော်ဟစ်လိုက်၏။ သို့သော်

ရပ်တန့်မသွားဘဲ လှည့်ကာ

ရောမလက်ကြီးဖြင့် ယန်ယဲ့ကို
ပုတ်လိုက်သည်။

ယန်ယဲ့က ရှောင်တိမ်းဖို့ မကြိုးစားပေ။
ညာခြေကို တစ်ချက်ဆောင့်၍ ရှေ့သို့
ခုန်ထွက်လိုက်သည်။

ဆူး...

တရားစီရင်ခြင်းက

ရောမလက်သီးကြီးကို

လွှယ်ကူစွာလှိုးဖြတ်လိုက်သည်။

ထိုအချိန်တွင် ယန်ယွဲ့ သည်

သားရဲကြီးအထက်သို့ ရောက်လာကာ

တရားစီရင်းခြင်းကိုမြှောက်၍

အောက်သို့ပိုင်းချလိုက်လေသည်။

အကယ်၍ ဓားပိုင်းချက်သာ ပစ်မှတ်ကို

ထိမှန်ပါက ဧရာမသားရဲခေါင်းကြီး

ပွင့်ထွက်သွားပေမည်။ သားရဲကြီးက

အခြေအနေမှန်ကို သိထားပုံပါ၊

ချက်ချင်းပြန်ဆုတ်သွားပြီး

ယန်ယွဲ့၏တိုက်ခိုက်မှုကို

ရှောင်လိုက်သည်။ ၎င်း၏ခေါင်းပိုင်းက

ဓားချက်ကို

ရှောင်တိမ်းနိုင်လိုက်သော်လည်း

ရောမခန္ဓာကိုယ်ကြီးက

အလားတူလုပ်ဆောင်နိုင်စွမ်းမရှိခဲ့ပေ။

တရားစီရင်ခြင်းက သားရဲကြီး၏ ပခုံးကို

ခုတ်ချလိုက်လေသည်။

ဆူး...

သားရဲကြီးက နာကျင်စွာ

အော်သံနှင့်အတူ သွေးကြိုးတစ်ချောင်း

ဖျန်းခနဲ ပန်းထွက်လာသည်။

ယန်ယဲ့က မရပ်တန့်ခဲ့ပေ။ သူက ရောမသားရဲကြီးတစ်ဝိုက်တွင် အဆက်မပြတ် ပျံနေသော လိပ်ပြာတစ်ကောင်ကဲ့သို့ ထင်ရသည်။ တစ်ခါရွေ့လျားလိုက်တိုင်း ရောမသားရဲကြီးထံမှ သွေးကြိုးတစ်ချောင်းစီပန်းထွက်လာသည်။

၎င်းသည် ပညာရှင်အဆင့်

မဟုတ်သော်လည်း

အလယ်အလတ်ရျာန်အဆင့် ဖြစ်သည်။

နတ်ဆိုးသားရဲများ၏သဘာဝအရ

ခုခံအားဟာ

အလွန်ကြောက်စရာကောင်းလှသည်။

၎င်း၏ အရွယ်အစားနှင့် ယှဉ်လိုက်သော်

ဓားချက်က

အကာအကွယ်ကိုချိုးဖျက်နိုင်သည့်တိုင်

သေစေလောက်သော ထိခိုက်မှုမျိုး

မပြုလုပ်နိုင်ခဲ့ပေ။

သို့သော်လည်း ယန်ယဲ့ သည်

အလျင်စလိုမဖြစ်ပါ။ သူက

ရောမသားရဲကြီးကို တဖြည်းဖြည်းနှင့်

အားကုန်အောင်လုပ်ဖို့ရည်ရွယ်ထားသည်

။ ခဏအကြာတွင် မြေပြင်သည်

သွေးများအိုင်လာခဲ့သည်။ သူ

ထင်ထားသည့်အတိုင်း

ရောမသားရဲကြီးက

အားနည်း၍ အားနည်းလာပါသည်။

ထိုအတိုင်းသာ ဆက်ပြီးတိုက်ခိုက်ပါက

သေလုနီးပါး အားကုန်သွားပေမည်။

၁၅ မိနစ်ခန့်အကြာတွင်

အလင်းတန်းတစ်ချက်လက်လာကာ

သားရဲခြေထောက်များဖြတ်ထုတ်လိုက်သည်။

ဘုန်း...

ရောမခန္ဓာကိုယ်ကြီးက မြေပြင်ပေါ်သို့ ပြုတ်ကျလာသည်။

ထိုအချိန်တွင် ဓားအူသံတစ်သံ မြည်လာပြီးနောက် ယန်ယွဲ့ သည်

ဖုင်းရှေ့ကို ဆင်းလာခဲ့သည်။ ရုတ်တရက်
အဝေးကနေ အသံတစ်သံထွက်လာ၏
"ဆရာကြီးယန်၊ ကျေးဇူးပြုပြီး
ဂရုဏာပြုပါ"

ယန်ယဲ့ သည် လှည့်ကြည့်လိုက်ရာ
သက်န်းရုံထားသော
သက်လတ်ပိုင်းအရွယ်
ဘုန်းတော်ကြီးတစ်ပါးကို
မြင်လိုက်သည်။ ဘုန်းတော်ကြီးက

သူ့ဆီကို ဖြည်းညှင်းစွာ
လျှောက်လာနေသည်။

ပညာရှင်အဆင့် ဘုန်းတော်ကြီး၊

ယန်ယွဲ့ သည် ဘုန်းတော်ကြီးကို
စိုက်ကြည့်
လိုက်ပြီး "ငါ့ကို အကြောင်းပြချက်
ပေးပါဦး"

ဘုန်းတော်ကြီးက သူ့လက်ဝါးနှစ်ဖက်ကို

ကြာပန်းပုံသဏ္ဍာန်ပြုလျက် ယန်ယွဲ့ကို

အနည်းငယ် ဦးညွှတ်ကာ “သခင်ယန်ယွဲ့၊

အသက်ကို ကယ်တင်တာဟာ

ဘုံခုနစ်ဆင့်ရှိတဲ့ ဘုရားတစ်ဆူ

တည်တာထက်

ပိုတန်ဖိုးရှိတယ်။ ဒါဟာ

နတ်ဆိုးတစ်ကောင် ဖြစ်ပေမယ်လို့

သက်ရှိသတ္တဝါဖြစ်နေတုန်းပဲ။

မင်းရဲ့စားကိုချပြီး နှမြောဖို့ ဆန္ဒရှိနေရင် မင်းအတွက် ကြီးမားတဲ့ ကုသိုလ်တစ်ခုပဲ”

ယန်ယဲ့ က “ဒီသတ္တဝါက ငါ့ကို အရင်သတ်ချင်နေတာ။ ဒီတော့ သူ့ကိုသတ်လိုက်တာက ငါ့ကိုယ်ငါ ခုခံကာကွယ်လိုက်တာပဲ မဟုတ်လား”

ဘုန်းတော်ကြီးက “ဒီနေရာကို ကာကွယ်ဖို့

အမိန့်ပေးထားတဲ့အတွက် မင်းကို သတ်ဖို့

ကြိုးစားတာသာ ဖြစ်တယ်။ သခင်ယန်၊

မင်းဟာ ငါ့ရဲ့ ဗုဒ္ဓလမ်းစဉ်ကို

မဖိတ်ခေါ်ဘဲ ရောက်လာတဲ့ ဧည့်သည်ပဲ။

ဒီလိုဆိုတော့ အဲဒါက မင်းကို

တိုက်ခိုက်လိုက်တာ”

ယန်ယဲ့က ခေါင်းညိတ်ပြီး “ကောင်းပြီ။ မဖိတ်ခေါ်ဘဲ ရောက်လာမိတာ ငါ့အပြစ်ပဲ”

ယန်ယဲ့က သူ့ဓားကိုဖယ်လိုက်သည်။

ဘုန်းတော်ကြီးက ယန်ယဲ့ကို ငုံ့ကြည့်ကာ "မင်းဟာ ယုတ္တိမတန်တဲ့လူလို့ ပြောကြတယ်။ ဒါပေမဲ့ လက်တွေ့မှာကျ မင်းက တော်တော်

ကျိုးကြောင်းဆီလျော်တယ်လို့
ငါထင်တယ်"

ယန်ယဲ့က ပြုံးပြီး “လုံးဝ မဟုတ်ဘူး။
မင်းက ငါနဲ့
ကျိုးကြောင်းဆီလျော်တဲ့သူဆိုတော့
ငါက မင်းနဲ့ ကျိုးကြောင်းဆီလျော်တာ
သဘာဝပါပဲ။ မှန်ပါတယ်၊ ငါက
တာအိုလမ်းစဉ်ကို ကိုယ်စားပြုတာပါ။
ဗုဒ္ဓလမ်းစဉ်က ငါ့ရဲ့ဒီခရီးစဉ်ကို

ကြိုဆိုမလားလို့ တွေးမိပါတယ်။

တကယ်လို့များ ဗုဒ္ဓလမ်းစဉ်က

မကြိုဆိုနိုင်ရင်

ငါချက်ချင်းထွက်သွားပေးမယ်"

ဘုန်းတော်ကြီးက ယန်ယဲ့ကို

ခဏစိုက်ကြည့်ကာ

"တာအိုလမ်းစဉ်ကိုယ်စား မင်းဒီကို

ရောက်လာတာဆိုတော့ ငါ့ဗုဒ္ဓလမ်းစဉ်က

ဘယ်လိုလုပ် မကြိုဆိုလို့ဖြစ်မှာလဲ။

သခင်ယန်၊ ကျေးဇူးပြုပြီး ငါနဲ့လိုက်ခဲ့ပါ"

ထိုစကားပြောပြီးနောက်

ဘုန်းတော်ကြီးက လှည့်ထွက်သွားသည်။

ယန်ယွဲ့ သည် ခဏတုံ့ဆိုင်းနေပြီးနောက်

ဘုန်းတော်ကြီး၏ နောက်မှ

လိုက်သွားခဲ့သည်။

ဝေါင်း....

ရောမနတ်ဆိုးကြီးက မြေပြင်ပေါ်တွင်လဲလျောင်းနေရာမှ ရုတ်တရက် ဒေါသတကြီးဟောက်လိုက်သည်။

ယန်ယဲ့က လှည့်ကြည့်ပြီး "ဘာလို့နောက်ထပ်အသံကို မကြားရတာလဲ"

သားရဲ့မျက်လုံးအစုံက ပြင်းထန်သော တောက်ပမှုတစ်ခု လင်းလက်သွားသော်လည်း ယန်ယဲ့၏လက်ထဲမှ တရားစီရင်ခြင်းကို မြင်သောအခါ ငြိမ်သက်သွားပါတော့သည်။

ထိုအချိန်တွင် ယန်ယဲ့က "ကိုယ့်ဘာသာ အဆင်ပြေအောင်နေ။ နားလည်လား"

စကားပြောပြီးနောက် ယန်ယဲ့က

လှည့်ထွက်သွားသည်။

ယန်ယဲ့ သည် ဘုန်းတော်ကြီး

နောက်ကနေ

ဗုဒ္ဓကမ္ဘာသို့ လိုက်ပါသွားခဲ့သည်။

သူ့အတွက် ပထမဆုံး

မြင်တွေ့လိုက်သည်မှာကား

ဘုရားကျောင်းများဖြင့် ပြည့်နေသော

နေရာတစ်ခုပင်။ ထို့အပြင် ဗုဒ္ဓကမ္ဘာ၌ လူအများအပြား ရှိခဲ့သည်။ သို့သော် အားလုံးကဗုဒ္ဓကို ယုံကြည်ကြမှန်း သိလိုက်သောအခါ ယန်ယွဲ့ သည် အံ့သြသွားသည်။

"ယုံကြည်သူတွေ..." ဤအချိန်တွင် ဘုန်းတော်ကြီး က ပြုံးကာ “ဗုဒ္ဓကမ္ဘာမှာ နေထိုင်တဲ့သူတိုင်းက ငါ့ရဲ့ ဗုဒ္ဓလမ်းစဉ်ကို ယုံကြည်ကြတယ်” ဟု ပြောခဲ့သည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး
"ဒါတွေအများကြီးပဲ"

ဘုန်းတော်ကြီးက ပြုံးပြီး “သခင်ယန်၊
ငါတို့ရောက်နေပြီ”

ယန်ယဲ့ က ရပ်လိုက်သည်။ ရှေ့တွင်
ဗိမာန်တော်တစ်ခုရှိကာ ဗုဒ္ဓကျောင်းတော်
ဟုခေါ်ဆိုခဲ့သည်။

ဘုန်းတော်ကြီးက ပြုံးပြီး “သခင်ယန်၊ ကျေးဇူးပြုပြီး ဒီမှာအနားယူလိုက်ပါဦး”

ယန်ယဲ့က "ဘယ်လောက်ကြာမလဲ"

ဘုန်းတော်ကြီးက “တစ်ရက်လောက်ပဲ ရှိမယ်။ ငါ့ဗုဒ္ဓလမ်းစဉ်ရဲ့ ညဏ်ကြီးရှင်တွေက သခင်ယန် ရောက်နေတာကို ကြားထားပြီ။ သူတို့က

မင်းကို ဟိုးအရင်ကတည်းက

သဘောကျနှစ်သက်နေကြတာ။

ဒါကြောင့် အခု မင်းဒီကိုရောက်နေတော့

သူတို့က မင်းရဲ့ လမ်းညွှန်မှုကို

တောင်းချင်နေတယ်။ အချိန်တန်ရင်

သူတို့ကို လမ်းညွှန်ပေးမယ်လို့

မျှော်လင့်ပါတယ်”

ယန်ယဲ့က ဘုန်းတော်ကြီး ကို

စိုက်ကြည့်ကာ ပြုံးကာ "ဟုတ်ပါတယ်၊

ငါကိုယ်တိုင်လည်း ဗုဒ္ဓလမ်းစဉ်ရဲ့
ဉာဏ်ကြီးရှင်တွေကို တွေ့ချင်ပါတယ်"

ဘုန်းတော်ကြီးက လက်ဝါးနှစ်ဖက်ကို
ပူးလျက် ယန်ယွဲ့အား အနည်းငယ်
ဦးညွတ်ကာ ထွက်ခွာသွားခဲ့သည်။

ယန်ယွဲ့ သည် အနည်းငယ်ပြုံးကာ
ဘုရားကျောင်းထဲသို့ ဝင်လိုက်သည်။

ဗိမာန်တော်ထဲတွင်

ရောမရုပ်ထုကြီးတစ်ခုသာရှိ၏။

၎င်းသည် ဗုဒ္ဓလမ်းစဉ်၏

တည်ထောင်သူဘိုးဘေးဖြစ်သော

ဗုဒ္ဓရုပ်တု ပင်။

ယန်ယွဲ့ သည် ဗုဒ္ဓရုပ်ထုကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

လက်နှစ်ဖက်ကို ပူးကပ်လျက်

အနည်းငယ် ဦးညွှတ်လိုက်၏။ ထို့နောက်
ဘေးမှာ တင်ပျဉ်ခွေထိုင်ချလိုက်သည်။

အခြေအနေကို အင်အားမသုံးဘဲ
အေးအေးချမ်းချမ်းဖြင့် ပြီးဆုံးရန်
မျှော်လင့်ထားခဲ့သည်။

ဗုဒ္ဓလမ်းစဉ်က သူ့အား
ရောက်ရောက်ချင်းဆောက်နှင့်ထွင်းသလို
ပြုမူခြင်းမရှိပေ။

ယန်ယဲ့ သည် မြေပြင်ပေါ်တွင်
တင်ပျဉ်ခွေထိုင်ကာ
မျက်လုံးများကိုမှိတ်ထားလိုက်သည်။

အချိန်ရသလောက် ကျင့်ကြံပါ။

လက်ရှိသူ့အတွက်က ခဏမဖြုတ်ပင်
အချိန်မဖြုန်းနိုင်ပေ။ အကြောင်းမှာ

သူသည် သမိုင်းမတင်မီခေတ်၏

အပျက်အစီးနယ်မြေမှ

အရာရာသင်ယူလာသော်လည်း

အားလုံးကို

အပြည့်အဝနားလည်ခြင်းမရှိသေးပါ။

ဥပမာအားဖြင့် လောကစွမ်းအင်ကို

ထိန်းချုပ်ခြင်း အပြင်

သူ၏ကျင့်ကြံမှုအခြေခံကို

တည်ငြိမ်အောင်မလုပ်ရသေးပေ။

ထို့ကြောင့် သူသည် တစ်ကြိမ်တည်းနှင့်
နှစ်ခုလုံးကို
လုပ်ဆောင်ရန်ရည်ရွယ်ထားသည်။

ဤအတောအတွင်း ယန်ယဲ့ အပြင်
နှင်းပွင့်လေးပါကျင့်ကြံနေ၏။ ယန်ယဲ့
သည် တျန်းရှုကိုလည်း သင်ပေးခဲ့သည်။

သို့သော်လည်း နောက်ဆက်တွဲ
ဖြစ်ရရ်သည် ယန်ယွဲ့အား လုံးလုံး ပဟေဋ္ဌိ
ဖြစ်သွားစေသည်။

တျန်းရှူ က ကျင့်ကြံလို့မရမှန်း
သတိထားမိလို့ပါ။

ယန်ယွဲ့ သည် တျန်းရှူ ရှေ့တွင်
ရပ်လိုက်ပြီး သူမ၏လက်ကလေးကို
ဆုပ်ကိုင်လိုက်သည်။

အချိန်အတော်ကြာပြီးနောက်

ခေါင်းယမ်းကာ “မဖြစ်နိုင်ဘူး။

တကယ်တော့ မင်းအထဲမှာ မူလဒန်တျန်

မရှိဘူး။ ဒါက ဘယ်လိုဖြစ်နိုင်မလဲ။

မဖြစ်နိုင်ဘူးထင်တယ်"

ပုံမှန်အားဖြင့် လူတိုင်းတွင်

မူလဒန်တျန်ရှိကြ၏။ သို့သော် တျန်းရှူ

က အရိပ်အယောင်ပင်မပြပေ။ ထို့အပြင်

တျန်းရှူ၏ခန္ဓာကိုယ်ထဲသို့

သူပို့လွှတ်လိုက်သော
မူလခရမ်းရောင်စွမ်းအင်ကိုပင်
တွန်းထုတ်ခဲ့သည်။

ယန်ယဲ့က မျက်မှောင်ကြုတ်လိုက်သည်
"ဘာဖြစ်နေတာလဲ"

တျန်းရှူ က တိုးတိုးလေးပြောသည်
"အစ်ကိုကြီး၊ အဲဒါဘာလဲ"

ယန်ယွဲ့ က “မင်းမှာ မူလဒန်တျန် မရှိဘူး။ မှန်တယ်၊ အဲဒါက လူတွေမှာ ရှိလေ့ရှိတဲ့ အရာပါ”

"မူလဒန်တျန် လား" တျန်းရှူက မျက်တောင်ခတ်လိုက်ပြီး "ဘာလို့ တစ်ခုရှိရမှာလဲ"

ထိုစကားကိုကြားသောအခါ ယန်ယွဲ့ သည် အံ့သြသွားသည်။

သူမရဲ့ သဘာဝက မူလဒန်တျန် မရှိတာများလား ။

ဤအချိန်တွင် ယန်ယွဲ့သည် တစ်ခုခုကို တွေးနေမိသည်။

တစ်ခါတရံတွင် မူလဒန်တျန် မရှိဟု မဆိုလိုပါ။ လူ့ခန္ဓာကိုယ်တစ်ခုလုံးက

မူလဒန်တျန်ကဲ့သို့ အကန့်အသတ်မဲ့
နေသောအခြေအနေများရှိခဲ့သည်။

ခန္ဓာကိုယ်တစ်ခုလုံးက မူလဒန်တျန်....

Translated By NyiNyiSoe

May Be:

...အပိုင်း ၂၄၉၂

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

တကယ်ပဲ အကန့်အသတ်မရှိတာလား ။

ယန်ယဲ့က သိပ်တော့မသေချာပေ။

သို့ရာတွင် တျန်းရှူက ထူးဆန်းသည်ထက်

ထူးခြားလှကြောင်း သိနေသည်။

စပြီးတွေ့ချိန်ကတည်းက

ကြောက်မက်ဖွယ်ကောင်းသော

ကလေးမလေးတစ်ဦးဖြစ်သည်။

မှန်သည်၊ လက်ရှိတွင် မူလစေတီ နှင့်

တျန်းရှူ ကြားရှိ အခြေအနေဟာ

နှင်းပွင့်လေးကြောင့် အဆင်ပြေနေပါပြီ။

ကျင့်ကြံလို့မရမှန်း သိလိုက်သောအခါ

တျန်းရှူက အတော်လေး

စိတ်ဓာတ်ကျသွားသည်။

နှင်းပွင့်က သူမ ဆီသို့ လျှောက်သွားပြီး

လက်သည်းများကို

စတင်ဝှေ့ယမ်းလိုက်သည်။

ယန်ယွဲ့က ပြုံးပြီး "နှင်းခဲလေးပြောတာ

မှန်တယ်။ မင်းမကျင့်ကြံနိုင်ရင်

ငါတို့နှစ်ယောက်လုံး မင်းကို

ကာကွယ်ပေးလိမ့်မယ်။

ငါတို့ဒီမှာရှိနေတုန်း

မင်းကိုဘယ်သူမှဒုက္ခမပေးနိုင်ဘူး"

တျန်းရှူက ပြုံးလိုက်ပြီး သူ့မျက်နှာပေါ်ရှိ

မှုန်ကုပ်ကုပ်အမူအရာလေး

ပျောက်ကွယ်သွားသည်။

ဤသို့ဖြင့် မျက်စိတစ်မှိတ်အတွင်း အချိန်

၁၀ ရက်ခန့် ကုန်ဆုံးသွား၏။

၁၁ ရက်မြောက်နေ့တွင်တော့

ညှော်သည်လာသောကြောင့် ယန်ယဲ့ သည်

မူလစေတီထဲမှ

ထွက်လာခဲ့သည်။

အသက်ငယ်ရွယ်သော ဘုန်းကြီးတစ်ပါး။

ဘုန်းတော်ကြီးက ယန်ယဲ့ ဆီသို့

လျှောက်လာကာ အနည်းငယ် ဦးညွှတ်ပြီး

သူ့ရှေ့တွင်

တင်ပျဉ်ခွေထိုင်ချလိုက်သည်။ ထို့နောက်

“သခင်ယန်၊ ငါက ဘုန်းကြီးကျိုယန် ပါ။

မင်းဆီက လမ်းညွှန်ချက်တောင်းဖို့

ငါရောက်နေတယ်"

ယန်ယဲ့က "ငါတို့က
သေခြင်းရှင်ခြင်းတိုက်ခိုက်မှာလား
ဒါမှမဟုတ် အနိုင်ရသူပဲလား"

ဘုန်းကြီးငယ် ကျိုယန်က
ခဏမျှတိတ်ဆိတ်သွားပြီး "မင်းရဲ့
သတ်ချင်တဲ့ ဆန္ဒက ပြင်းထန်လွန်းတယ်။
အဲဒါက မကောင်းဘူးလို့ ငါစိုးရိမ်မိတယ်"

ယန်ယဲ့က ပြုံးပြီး "ဘုန်းကြီးကျိယန်၊ ကိုယ်တော်က ဘယ်သူတွေကို သတ်လိုက်တာလဲ"

ဘုန်းကြီးကျိယန် က “ဒါက..... ပြောရရင် သူတို့က သေခြင်းတရားနဲ့ ထိုက်တန်တယ် ဆိုတော့ ငါ ဘာအပြစ်မှ မခံစားရပါဘူး”ဟု ပြန်ဖြေသည်။

ယန်ယဲ့က ပခုံးတွန့်ပြီး

“ငါ့အမြင်အရတော့ ငါက

သေသင့်သူတွေကိုပဲ သတ်လိုက်တာ၊

သူတို့ကို သတ်လိုက်တာ အပြစ်မရှိဘူးလို့

ခံစားရတယ်။ ဒါဆို ငါတို့ကြားမှာ

ခြားနားတာတစ်ခုရှိသလား"

ဘုန်းကြီးကျိယန် က ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး "သခင်ယန်၊

မင်းက တကယ်ကို

လျှာစောင်းထက်တယ်။ ဘာပဲဖြစ်ဖြစ်

မင်းက သေခြင်းရှင်ခြင်း

ဆုံးဖြတ်ချင်တာလား ဒါမှမဟုတ်

အနိုင်ရသူပဲလား"

ယန်ယဲ့က ပြုံးပြီး "ငါ့အတွက်

ကိစ္စမရှိပါဘူး"

ဘုန်းကြီးကျိုယန် က အနည်းငယ်

ခေါင်းညိတ်ပြပြီး "သခင်ယန်၊ မင်းက

ဓားသမားဖြစ်သလို ငါလည်း ဓားကို လေ့လာတယ်။ ဒီနေ့ ဓားတာအို ပြိုင်ကြစို့လား”

ယန်ယဲ့ က အနည်းငယ်အံ့အားသင့်သွားကာ "ဒါဆို ကိုယ်တော်က ဓားဗုဒ္ဓပဲ" ဟု ဆတ်ခနဲပြောလိုက်သည်။

ဘုန်းကြီးကျိုယန် က "သခင်ယန် က ငါ့နှာမည်ကို ကြားဖူးမယ်လို့ မမျှော်လင့်ထားဘူး"

ယန်ယဲ့က "ကောင်းပြီ၊ အချိန်မဖြုန်းဘဲ ပြိုင်လိုက်ကြရအောင်"

ဘုန်းကြီးကျိုယန် က ခေါင်းညိတ်လိုက်ပြီး လက်ဝါးကို မြှောက်လိုက်သည်။ သူ့လက်ဝါးပေါ်တွင်

ရွှေပန်းကန်လုံးတစ်လုံး ပေါ်လာသည်။

ရွှေပန်းကန်လုံးက

ပြင်းထန်စွာတုန်ခါသွားကာ

ရွှေရောင်အလင်းလွှာကြီးအဖြစ်

ပြန့်ကားပြီး ဘုရားကျောင်းကို

ဖုံးအုပ်ထားလိုက်သည်။

ဤအချိန်တွင် ယန်ယဲ့ သည်

ဘုရားကျောင်းက စစ်ခံတပ်တစ်ခုလို

ခိုင်ခံ့သွားမှန်း ခံစားမိသည်။

ဘုန်းကြီးကျိုယန် က

ဖြည်းညှင်းစွာထရပ်လိုက်ပြီး "သခင်ယန်၊

မကြာသေးခင်တုန်းက ငါ့ဓားတာအိုမှာ

နားလည်မှုအသစ်တစ်ခုရခဲ့တယ်။

အဲဒါက ဓားတာအို ဆိုတာ

ပိုရိုးရှင်းတယ်လို့ ငါထင်ပါတယ်။

ဒီလောက် ရှုပ်ထွေးနေဖို့ မလိုပါဘူး။

မင်းဘယ်လိုထင်လဲ"

ယန်ယဲ့က “ငါက လုံးဝဆန့်ကျင်ဖက်ပါ။ တစ်ခါတလေ ရှုပ်ထွေးအောင်လုပ်ဖို့ လိုအပ်တယ်လို့ ငါထင်ပါတယ်"

"အိုး…" ဘုန်းကြီးကျိယန် က ယန်ယဲ့ကို ငုံ့ကြည့်လိုက်ပြီး "ဒါဟာ ငါ့အတွက် မျှော်လင့်ချက်တွေ နှိုးဆွပေးလိုက်သလိုပဲ"

ထိုစကားပြောပြီးသည်နှင့်

သူ့လက်ချောင်းကို ဆန့်ကာ ယန်ယွဲ့ ဆီသို့

ပုတ်လိုက်သည် ။

လက်ချောင်းကို ဓားအဖြစ်သုံးတဲ့အဆင့်

။

ဓားစိတ်ဆန္ဒ ။

ယန်ယဲ့ သည် အဆုံးမရှိသော

ဓားစိတ်ဆန္ဒကို ခံစားမိလိုက်သည်။

သူ့ရှေ့ရောက်လာသည်နှင့် တပြိုင်နက်

အာကာသနှင့် ပေါင်းစပ်သွားလေသည်။

တိုက်ခိုက်မှုက ရိုးရှင်းသော်လည်း

ကြောက်စရာအတိပင်။

ယန်ယဲ့ သည်  ရှောင်မသွားဘဲ

သူ့လက်ချောင်းဖြင့် ပုတ်လိုက်ရုံသာ။

မည်သည့် ခံစားစိတ်ဆန္ဒ သို့မဟုတ်
ခံစားစွမ်းအင်မှ ထွက်ပေါ်မလာခဲ့ပေ။

သို့သော် ယန်ယွဲ့၏လက်ချောင်းကို
ထိလိုက်သည်နှင့် ဘုန်းကြီးကျိုယန်၏
အမူအရာက သိသိသာသာ
ပြောင်းလဲသွားသည်။

တွမ်...တွမ်... ဘမ်း....

ဘုန်းကြီးကျောင်းယန်၏ ဓားစိတ်ဆန္ဒက

ချက်ချင်း ပျောက်ကွယ်သွားသည်။

ယန်ယွဲ့၏လက်ချောင်းက

ဘုန်းကြီးကျောင်းယန်၏

နဖူးရှေ့သို့ ရောက်ရှိလာသည် ။

သူ၏မျက်လုံးများ အနည်းငယ်

ကျဉ်းသွားသည်။ ဘုန်းကြီးကျောင်းယန်က

သူ၏ညာလက်ကို အနည်းငယ်လိမ်ကာ

နောက် ၃ မီတာအကွာသို့ ရွေ့လျားသည်။

ထိုအချိန်တွင် သူက

ယန်ယဲ့၏လက်ချောင်းကို

ရှောင်တိမ်းပြီးသား ဖြစ်သွားသည်။

ဘုန်းကြီးကျိုယန် က ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး

"ဓားတစ်ချက်တည်းနဲ့

တိုက်ခိုက်မှုတစ်ခုလုံးကို

ချိုးဖျက်လိုက်တယ်။ အံ့သြစရာပဲ"

ယန်ယဲ့က “ကိုယ်တော် က ငါ့ကို

စမ်းသပ်နေစရာ မလိုပါဘူး။

အလေးအနက်ထားပြီး

တိုက်ခိုက်စေချင်တယ်"

ဘုန်းကြီးကျိုယန် က ခေါင်းညိတ်ပြီး

"စွမ်းအင်မပါပဲ ဓားနဲ့ပြိုင်ကြရအောင်"

အခြေခံပြိုင်ပွဲတစ်ခုပင်။

ယန်ယဲ့က ငြင်းဆန်ခြင်းမပြုဘဲ

ခေါင်းညိတ်ပြီး “ကောင်းပြီ။ လာခဲ့”

ထိုအချိန်တွင် ဘုန်းကြီးကျိယန် က

ယန်ယဲ့ရှေ့မှာ ဖျတ်ခနဲပေါ်လာသည်။

သူ့လက်ထဲတွင်လည်း

သာမန်ထက်ပါးလွှသော

ငွေရောင်ဓားတစ်ချောင်းကိုင်ထားလေသ

ည်။ ငွေဓားက ယန်ယဲ့၏ရင်ဘတ်ဆီသို့

တည့်တည့်တိုးဝင်လာသည်။
ဆန်းကြယ်ချီစွမ်းအင် တစ်စုံတစ်ရာ
မပါဘဲ သာမန်ရိုးစင်းသော
တိုက်ခိုက်မှုတစ်ခုမျှသာ ဖြစ်သည်။

ငွေဓားက ယန်ယဲ့၏ရင်ဘတ်မှ
လက်မအနည်းငယ်အကွာသို့
ရောက်လာသောအခါ ရုတ်တရက်
တိုက်ခိုက်လိုက်သည်။ သူ့ကိုယ်သူ
မကာကွယ်ဘဲ ဘုန်းကြီးကျိုယန်၏

ရင်ဘတ်ကို

ဓားဖြင့်ပြန်ထိုးသွင်းလိုက်သည်။

တစ်ဖက်နှင့်တစ်ဖက်

ဒဏ်ရာချင်းလဲလှယ်တိုက်ခိုက်သည့်သ

ဘောပင်။

ထို့အတွက် ဘုန်းကြီးကျွံယန် က

တော်တော်လေး အံ့သြသွားမိသည်။

အကြောင်းကတော့ ယန်ယဲ့က

ထိုကဲ့သို့လုပ်ဆောင်မည်ဟု

မမျှော်လင့်ထားလို့ပါ။ ထို့အပြင် ယန်ယဲ့

သည် သူ့ဓားကိုဆွဲထုတ်ကာ မိမိကိုယ်ကို

ခုခံကာကွယ်နိုင်စွမ်းမရှိသည့်အချိန်မျိုး

သာဖြစ်သည်။ ထို့ကြောင့်

သူနောက်ပြန်မဆုတ်နိုင်တော့

ဒဏ်ရာချင်း လဲလှယ်တိုက်ခိုက်ဖို့သာ

တတ်နိုင်တော့၏။

ဘမ်း...ဘမ်း....

အနည်းငယ် ကျယ်လောင်သော

ပေါက်ကွဲသံနှစ်သံ

ထွက်ပေါ်လာပြီးနောက် နှစ်ယောက်စလုံး

နောက်ပြန်ဆုတ်သွားကြသည်။

နှစ်ယောက်စလုံး

ဒဏ်ရာကြီးကြီးမားမားတော့ မရကြပေ။

ဘုန်းကြီးကျောင်း၏ ရင်ဘတ်ပေါ်ရှိ

ရွှေသင်္ကန်းက ပြုံထွက်သွားသည်။

သို့သော်လည်း အောက်ရှိ

အသားအရေက

ရွှေရောင်အရေခွံလွှာတစ်ခုကဲ့သို့

တလက်လက် တောက်ပနေသည်။

ရွှေခန္ဓာကိုယ်ထည် လား။

ဗုဒ္ဓလမ်းစဉ်၏

နာမည်ကျော်ရှေ့ခန္ဓာကိုယ် ။

ယန်ယဲ့က "ဓားဗုဒ္ဓက ခန္ဓာကိုယ်နဲ့

ဓားလမ်းစဉ်ကို ကျင့်ကြံထားဖို့ ငါ

မမျှော်လင့်ခဲ့ဘူး"

ဘုန်းကြီးကျိုယန် က "မှန်ပါတယ်၊

ငါမင်းကို အနီးကပ်မတိုက်ခိုက်ရင်

ငါဘယ်လိုတိုက်ရမလဲ"

ထိုစကားပြောပြီးသည်နှင့် နေရာတွင်ပင်

ပျောက်ကွယ်သွားပြန်သည်။

တစ်ချိန်တည်းမှာပဲ ဓားတစ်ချောင်းက

ယန်ယဲ့၏လည်ချောင်းကို

ထိုးသွင်းလာသည်။

သို့သော်လည်း သူ့လည်ချောင်းရှေ့

လက်မဝက်ခန့် အကွာမှာပဲ

ရပ်တန့်သွားရသည်။ ယန်ယဲ့၏

ဘယ်ဖက်လက်က ဓားကို

ဖမ်းဆုပ်ထားလေသည်။

ဘုန်းကြီးကျိုယန် က သူ့ညာလက်ကို

အနည်းငယ်လိမ်လိုက်သည်။ ဓားက

ယန်ယဲ့၏လက်ထဲမှ

ဆတ်ခနဲလွတ်သွားကာ

သူ့လည်ချောင်းတည့်တည့်

တိုးဝင်သွားလေသည်။

ဆူး...

စုတ်ဖြဲသွားသော အသံများ

ထွက်ပေါ်လာသည်။

ဘုန်းကြီးကျောင်း၏ အမူအရာက

အနည်းငယ် ပြောင်းလဲသွားသည်။

သို့သော် သူ့တုံ့ပြန်မှုက

နှေးကွေးခြင်းမရှိဘဲ

ဆတ်ခနဲနောက်ပြန်လှည့်၍ ဓားကို

ပိုင်းချလိုက်သည်။

အုန်း....

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

နှစ်ယောက်စလုံး

နောက်ပြန်ဆုတ်လိုက်ကြသည်။

ဤအချိန်တွင် ယန်ယွဲ့ သည်

အရင်ဦးအောင် တိုက်ခိုက်ရန်သာ

ရွေးချယ်ခဲ့သည်။

တိုက်ပွဲတွင် အရေးကြီးဆုံးက

မည်သည့်အရာနည်း။

လူအတော်များများက နည်းစနစ်

သို့မဟုတ် ခွန်အား ဟုသိထားကြသည်။

သို့သော် ယန်ယွဲ့၏အမြင်အရတော့

ရက်စက်ကြမ်းကြုတ်သော

တိုက်ခိုက်ခြင်းပုံစံပါ။

တစ်စုံတစ်ယောက်သည်

ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက်ပါက

သူ၏အော်ရာဖြင့်ပင် တစ်ဖက်လူကို

ဖိနှိပ်ထားနိုင်ပါသည်။

သို့ရာတွင် လက်ရှိအခြေအနေက ယန်ယဲ့

သည်

ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်ခဲ့တာတော့

မဟုတ်ပါ။

သူ၏တိုက်ပွဲဝင်စွမ်းအားကိုက

ရက်စက်ကြမ်းကြုတ်တတ်သောကြောင့်

ပင်။

ယန်ယဲ့ သည် ဘုန်းကြီးကျိယန် ရှေ့တွင်
ပေါ်လာသည်။ ထို့နောက် သူသည်
အရှူးတစ်ယောက်အလား
ဓားကိုမြှောက်ကာ ဘုန်းကြီးကျိယန် ကို
အကြိမ်ကြိမ်ပိုင်းချလိုက်သည်။
ဓားချက်တိုင်းက ဘုန်းကြီးကျိယန်၏
ခန္ဓာကိုယ်ပေါ်မှ အားနည်းချက်များကို
ပစ်မှတ်ထားခဲ့သည်။ သူကိုယ်တိုင်လည်း
မည်သည့်အရာမှ ကာကွယ်မထားပေ။

စိတ်လွတ်ကိုယ်လွတ်

တိုက်ခိုက်နေပါသည်။

နှစ်ယောက်စလုံး၏

အကာအကွယ်စွမ်းရည်က

အားကောင်းသည်မှန်သော်ငြား

ဓားတစ်ချက်စီတိုင်းက

တစ်ဖက်၏အကာအကွယ်ကို

ချိုးဖျက်သွားနိုင်သည်။

ဘုရားကျောင်းအတွင်းပိုင်းသည်
သွေးများဖြန်းခန် ဖြစ်နေခဲ့သည်။

အချိန်ကြာလာသည်နှင့်အမျှ
အစပိုင်းတွင် လက်ရည်တူနေရာက
ယန်ယဲ့ သည် ဘုန်းကြီးကျိုယန် ကို
တစ်ဖက်သက်ဖိနှိပ်ထားခဲ့သည်။

တိုက်ပွဲပြင်းထန်လာသည်နှင့်အမျှ

ယန်ယွဲ့သည် ပိုသန်မာလာသော

သားရဲတစ်ကောင်နှင့်တူသည်။

၁ နာရီခန့်အကြာတွင်

အုန်း...

ကျယ်လောင်သော ပေါက်ကွဲသံတစ်ခု

ထွက်ပေါ်လာပြီးနောက် ပုံရိပ်တစ်ခု

လွင့်ထွက်သွားခဲ့သည်။ ထိုပုံရိပ်က

တစ်လမ်းလုံး ပျံထွက်သွားကာ

ဘုရားကျောင်း နံရံကို ထိမှန်သွားသည်။

ဝုန်း...

ဤအချိန်တွင်

ဘုရားကျောင်းကြီးတစ်ခုလုံး

တုန်လှုပ်သွားသည်။ နံရံကို

ပြေးဆောင့်လိုက်သည်ကား

ဘုန်းကြီးကျိုယန် ပင်။ သို့သော်

မြေပြင်ပေါ်သို့ လဲကျသွားသည်နှင့်

တပြိုင်နက် မတ်တပ်ထရပ်လိုက်သည်။

ဒီအချိန်မှာ ယန်ယဲ့က သူ့ရှေ့တွင်

ပေါ်လာပြီး

ဘုန်းကြီးကျိုယန်၏ရင်ဘတ်ကို ဒူးဖြင့်

ပစ်ဆောင့်လိုက်သည်။

ဘုန်း...

ဘုန်းကြီးကျိုယန်က

ဘုရားကျောင်းနံရံနှင့်

ထပ်မံပြေးဆောင့်သွားသည်။ သို့သော်

ယန်ယွဲ့ သည်

နောက်ထပ်အခွင့်အရေးမပေးခဲ့ပါဘူး။

သူ့ညာခြေကို ဆောင့်ကာ

ဘုန်းကြီးကျိုယန် ထံသို့

ခုန်ဝင်လိုက်သည်။

ဘမ်း...

ဘုန်းကြီးကျောင်း၏ ခန္ဓာကိုယ်က နံရံကို ထိမှန်သွားပြန်သည်။

အစောပိုင်းကတည်းက ရွှေသပိတ်ဖြင့် ကာကွယ်ထားသောကြောင့် ဘုရားကျောင်းသည် တုန်ခါနေသော်လည်း ပျက်စီးသွားမည့် အရိပ်ယောင်ပင်မရှိချေ။ သို့သော်လည်း

တိုက်ပွဲက

ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။

ဒီအချိန်မှာ ယန်ယွဲ့က ဓားအပြင်

လက်သီး၊ ရုပ်ခန္ဓာခွန်အားပါ

အသုံးပြုထားသည်။

အနီးကပ်တိုက်ပွဲဖြစ်နေသရွေ့

သူ၏ခန္ဓာကိုယ်တစ်ခုလုံးက

လက်နက်တစ်ခုပင်။

အချိန်အနည်းငယ်အကြာတွင်...

အုန်း...

ပေါက်ကွဲသံများ ကျယ်လောင်စွာ

ထွက်ပေါ်လာပြီးနောက်

ဘုရားကျောင်းသည် ရုတ်ချည်းပင်

တိတ်ဆိတ်သွားသည်။

ယန်ယဲ့ သည် မတ်တပ်ရပ်နေ၏။

ဘုန်းကြီးကျိုယန်က မြေပြင်ပေါ်တွင်

လဲလျောင်းနေခဲ့သည်။

ယန်ယဲ့က ဘုန်းကြီးကျိုယန် ကို

မသတ်ခဲ့ပေ။ သို့သော်

သူ၏တိုက်ခိုက်မှုတိုင်းက

ဘုန်းကြီးကျိုယန်ကို တစ်ကိုယ်လုံး

ကျိုးကြေသွားစေသည်။

ယန်ယဲ့ သည်

သွေးအလိမ်းလိမ်းနှင့်ပုံရိပ်ကို

တစ်ချက်ကြည့်လိုက်ပြီး

ဘုရားကျောင်းထဲမှ ထွက်လာခဲ့သည်။

အပြင်ဖက်ရောက်သည့်အခါ

သက်လက်ပိုင်းဘုန်းတော်ကြီးတစ်ပါးကို

တွေ့လိုက်ရသည်။ အနီဘုန်းတော်ကြီးက

ဗုဒ္ဓကမ္ဘာအဝင်ဝ၌ လာကြိုခဲ့သော

ဘုန်းကြီးပင်ဖြစ်သည်။

သက်လတ်ပိုင်းဘုန်းတော်ကြီးက

လက်ဝါးနှစ်ဖက်ကို

ကြာပန်းပုံသဏ္ဍာန်ပူးကပ်ကာ ယန်ယဲ့ ထံ

အနည်းငယ်ဦးညွှတ်ပြီး "သခင်ယန်၊

ကရုဏာပြပေးလို့ ကျေးဇူးတင်ပါတယ်"

တရားမျှတသောတိုက်ပွဲတွင် ယန်ယဲ့

သတ်ဖြတ်လိုက်လျှင်ပင်

ဗုဒ္ဓလမ်းစဉ်အနေဖြင့် မတားဆီးနိုင်ခဲ့ပေ။

စည်းမျဉ်းတစ်ခုပင်။ မဟာလမ်းစဉ်

(၄)ခုကြား ညီတူညီမျှချမှတ်ထားသော

စည်းမျဉ်း။

ယန်ယဲ့က အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး "ဒါဆို ငါ

ထွက်သွားလို့ရမလား"

သက်လတ်ပိုင်းဘုန်းတော်ကြီးက “မင်း မလုပ်နိုင်မှာ ငါစိုးရိမ်မိတယ်” ဟု ပြန်ဖြေသည်။

ယန်ယဲ့က ပြုံးပြီး "ဗုဒ္ဓလမ်းစဉ် က ငါ့ကိုနေစေချင်တာ သေချာလား"

ဘုန်းတော်ကြီးက “သခင်ယန်၊ မင်းနဲ့ ငါ့ဗုဒ္ဓလမ်းစဉ်ကြားမှာ ရန်ငြိုးတွေ ရှိတယ်။ သဘာဝအတိုင်း မထွက်ခွာမီ

ဖြေရှင်းရမယ်။

မင်းလည်းအဲ့လိုမထင်ဘူးလား"

ယန်ယဲ့က "မှန်ပါတယ်။ ဒါဖြင့်

ဗုဒ္ဓလမ်းစဉ်က ဘယ်လိုဖြေရှင်းမလဲ”

ဘုန်းတော်ကြီးက ခဏမျှ

ငြိမ်သက်နေပြီးနောက် “သခင်ယန်၊ မင်း

လက်နက်ကမ္ဘာမှာ ပညာရှင်တစ်ပါးကို

သတ်လိုက်တာ ငါကြားတယ်။

ငါ့ဗုဒ္ဓလမ်းစဉ်ရဲ့ ကိုယ်တော်တစ်ပါးက

ဒီသတင်းကိုမယုံဘူးဖြစ်နေတော့

သူကိုယ်တိုင် မြင်စေချင်နေတယ်။

သခင်ယန် က

ဒါကိုသက်သေပြပေးနိုင်မလားလို့

သိပါရစေ"

ပညာရှင်အဆင့် ဘုန်းတော်ကြီးတစ်ပါး နဲ့

တိုက်ခိုက်ရမယ်။

ဗုဒ္ဓလမ်းစဉ်က ပညာရှင်အဆင့်
ဘုန်းတော်ကြီးတစ်ပါးနှင့်
ယှဉ်ပြိုင်စေချင်နေသည်။

ယှဉ်ပြိုင်ရုံသက်သက်သာမဟုတ်တော့ဘဲ
တစ်ဖက်လှည့်ဖြင့် သူ့ကို သတ်ဖို့
စီစဉ်ထားပုံပါ။

ယန်ယဲ့က
ကောင်းကောင်းသဘောပေါက်သော

ကြောင့် ခေါင်းယမ်းကာ ပြုံးလိုက်သည်။

သေချာသည်မှာ ဗုဒ္ဓလမ်းစဉ်သို့

ခရီးစဉ်က သူ့အတွက်

အဆင်ပြေချောမွေ့မည်မဟုတ်တော့ပေ။

ယန်ယဲ့ သည် သူ့အတွေးကို ထိန်းကာ

ဘုန်းတော်ကြီးကို စူးစိုက်ကြည့်ရင်း

"ဟုတ်ပါတယ်၊

ငါဒါကိုသဘောတူပါတယ်။ ဒါပေမဲ့

ငါတို့က သေခြင်းရှင်ခြင်းတိုက်ပွဲပဲ

လုပ်လိုက်ရအောင်။ ငါတို့ထဲက

တစ်ယောက်မသေမချင်း အဲဒါက

အဆုံးသတ်မှာမဟုတ်ဘူး"

Translated By NyiNyiSoe